# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၅၃]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် ဆဲလ်မန် ဘင် အဗ္ဗဒူ(လ်) အဇစ် အယ်လ်ဆာအူ(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မြေပြိုမှုကြောင့်ပျက်စီးသွားသည့်နေအိမ်များ ဆောင်းမရောက်မီ ပြန်လည်ဆောက်လုပ်ပေးရန်လို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ပါက မူလထက်ပိုကောင်းသောအခြေအနေကိုရရှိမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟားခါးမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ ယာယီအမိုးတဲများ ဆောင်ရွက်ပေးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးစိုးဝင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁ **

## မြို့တော်ရန်ကုန်၏ သောက်သုံးရေအရည်အသွေးကို မြှင့်တင်ပေးမည့် ရေသန့်စင်စက်ရုံ တည်ဆောက်မည်

*စာမျက်နှာ-၁၂*

## တပ်မတော်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရန်၊ လွတ်လပ်ပြီးတရားမျှတမှုရှိရန် ကြိုးစားဆောင်ရွက်သွားမည်

*စာမျက်နှာ-၇*




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နယ်စပ်ခရီးသွားလုပ်ငန်း

မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမှာ လေကြောင်းခရီးဖြင့်သာမက ကုန်းလမ်းနှင့် ရေလမ်းတို့မှလည်း နယ်စပ်ဖြတ်ကျော်၍ တဖြည်းဖြည်းတိုးတက် လာရောက်လျက်ရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများမှ ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံနယ်စပ်တစ်လျှောက် လုံခြုံရေးအခြေအနေ တိုးတက်ပြောင်းလဲလာပြီဖြစ်၍ နယ်စပ်ဖြတ်ကျော်ကာ ကုန်းလမ်းကြောင်းမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် လာရောက်လည်ပတ်မှုမှာ တိုးတက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လူဦးရေသန်းထောင်ချီရှိသော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ကြားတွင် ကုန်းတွင်းနယ်နိမိတ်ထိစပ်လျက်ရှိသည်။ ထို့အတူခရီးသွားလာခြင်းကို အထူးစိတ်ဝင်စားသော ထိုင်းနိုင်ငံနှင့်လည်း ကုန်းတွင်းနယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ မကြာသေးမီက နယ်စပ်လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာမှုနှင့်အတူ ထိုင်းနှင့်တရုတ်နိုင်ငံတို့ဘက်မှ ခရီးသွားဧည့်သည်များသည် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် လာရောက်လည်ပတ်မှုတိုးပွားလာသည်။ တရုတ်လူမျိုးများသည် နှစ်စဉ်ခရီးသွားလာလေ့ရှိကြသည်။ ရေခြားမြေခြားတိုင်းပြည်များကပင် နှစ်စဉ်တရုတ်ခရီးသွားများလာရောက်မှုကို အရှိန်မြှင့်တင်ဆွဲဆောင်မှုများ ပြုလုပ်လျက်ရှိသည်။

ကုန်းတွင်းနယ်နိမိတ်ထိစပ်နေသော ကျွန်ုပ်တို့နိုင်ငံအဖို့ နယ်စပ်ခရီးသွားလုပ်ငန်းကို စနစ်တကျအကောင်အထည်ဖော်၍ ဆွဲဆောင်မှုများပြုလုပ်ပေးနိုင်မည်ဆိုလျှင် ပြည်ပခရီးသွားလုပ်ငန်းသည် ယခုထက်ပိုမို ဖွံ့ဖြိုးလာနိုင်သည့် အနေအထားရှိသည်။ မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း နိုင်ငံခြားသား ခရီးသွားဧည့်သည် ငါးသန်းအထိ လာရောက်လည်ပတ်ရန် မျှော်မှန်းထားရာ ဩဂုတ်လကုန်အထိ ပြည်ပခရီးသွားဧည့်သည် သုံးသန်းအထိ ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စာရင်းဇယားများအရ သိရသည်။

လုံခြုံရေးအခြေအနေကြောင့် ၁၃ နှစ်ကြာပိတ်ထားခဲ့သော မြန်မာနိုင်ငံတောင်ကြီးမြို့နှင့် ထိုင်းနိုင်ငံ ချင်းမိုင်ပြည်နယ် ဗီယန်ခရိုင်တို့အကြား ဆက်သွယ်ထားသည့် ၂၂၇ ကီလိုမီတာအရှည်ရှိ ကားလမ်းကြောင်းပေါ်မှ ဘန်လတ်တန်နယ်စပ်ဂိတ်ကို မကြာမီပြန်လည်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိသည်။ ဤ နယ်စပ်ဂိတ်ဖွင့်လှစ်လိုက်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းကို မြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် ထိုင်းခရီးသွားဧည့်သည်များသည် တောင်ကြီး၊ အင်းလေးဒေသတစ်ခွင်နှင့် ယဉ်ကျေးမှုအမွေအနှစ် မြို့တော်မန္တလေးသို့ ခြေဆန့်ဝင်ရောက်လည်ပတ်မှုများ တိုးပွားလာနိုင်ဖွယ်ရှိပါသည်။

သို့ဖြစ်၍မြန်မာနိုင်ငံတွင် နယ်စပ်ကုန်းတွင်းလမ်းကြောင်းများကို ပိုမိုဖွင့်လှစ်၍ ခရီးသွားများ စိတ်ဝင်စားဖွယ်ရာအကြောင်းအရာများ၊ ခရီးသွားအစီအစဉ်နေရာများ စနစ်တကျပြင်ဆင်ဆောင်ရွက်ထားသင့်ပေသည်။ နယ်စပ်ခရီးသွားမြှင့်တင်ရေးအစီအမံများ တိုးချဲ့ဆောင်ရွက်လာနိုင်ခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းသည် ယခုထက် တိုးတက်အောင်မြင်လာနိုင်သည့် အခြေအနေကောင်းများအဖြစ်သို့ ပြောင်းလဲရောက်ရှိလာနိုင်အောင် ဝိုင်းဝန်းကြိုးပမ်း အားထုတ်သင့်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

အရှိုချင်းအမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ခနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၃ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FMတို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)



(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၄)လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီ ဒုတိယရဲမှူးကြီး မြတ်ကျော်သူ ဦးဆောင်သောတပ်ဖွဲ့ဝင် ၁၅၀ တို့သည် စက်တင်ဘာ ၁၉ ရက်က စဉ့်ကိုင်မြို့နယ် ပလိပ်တိုက်နယ်ဆေးရုံဝင်းအတွင်း ပေါင်းမြက်များနှင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်စဉ်။

တင်မောင်(မန္တလေး)

# ပေါင်းလောင်းမြစ်ကူးတံတားတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၂**

စက်တင်ဘာ ၂၀ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်းကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၄/၄)နှင့် (၁၄/၆)အကြားရှိ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးအထူးအဖွဲ့(၆)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒက္ခိဏခရိုင် လမ်းဦးစီးဌာနက မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်းတွင် ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်အရွယ်အစား မှန်ကန်စွာအသုံးပြု၍ လမ်းခင်းခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများကို သတ်မှတ်ကာလပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့ပြီး နေပြည်တော်ပတ်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

၄င်းနောက် ရန်ကုန်-မန္တလေး လမ်းမကြီး၏ မိုင်တိုင်အမှတ် (၂၇၀/၂) အနီးတွင် Oriental Highway Co.,Ltd. မှ စက်ယာဉ်ယန္တရားများဖြင့် တောင်နံရံချဲ့ထွင်၍ လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို တာဝန်ခံများက ရှင်းလင်းတင်ပြမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဥတ္တရခရိုင် လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် တပ်ကုန်းမှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသို့ ဆက်သွယ်သည့်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# အသက်မွေးဝမ်းကျောင်းပညာ အထောက်အကူပြုသင်တန်းဖွင့်

**မြိတ် စက်တင်ဘာ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ဒေသခံပြည်သူများအား ကျေးရွာအရောက် သက်မွေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု၊ ပင်းအိုကျေးရွာအရှေ့ကျောင်းဓမ္မာရုံ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး၊ ဖန်စီ)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်နိုင်ထွန်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပင်းအိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ ဒေသခံပြည်သူများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကို စက်တင်ဘာ၂၂ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ထင်သာမြင်သာပြုပြင်စရာ

# နမ္မတီး- တနိုင်း- လီဒို ကားလမ်းပိုင်း ရွံ့နစ်နေသည့်နေရာများ ပြုပြင်ပေးစေလို

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် နမ္မတီး-တနိုင်း-လီဒိုလမ်းမကြီးပေါ်ရှိ နောင်မီ-ဝါရာဇွတ် အကြား မြေသွားလမ်းသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးပြီး ယာဉ်ကြီးယာဉ်ငယ်များ ရွံ့ဗွက်ထဲ၌ ရုန်းကန်မောင်းနှင်မရ၍ ယာဉ်တစ်စီးနှင့်တစ်စီး သံကြိုးဖြင့် ကူညီဆွဲပေးသွားလာနေကြရကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးတို့အတွက် အဆိုပါ ရွံ့ဗွက်နစ်သည့် မြေသားလမ်းများကို သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးသင့်ကြောင်း ဒေသခံများက ပြောကြားကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၉-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၄၀၀၀ |

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၁ |
| ဥရောပ | တစ်ယူရို | ၁၄၅၉.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၉.၈၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၃၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၉ |
| တရုတ် | တစ်ယွမ် | ၂၀၂.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၅၂ |

ခင်ရတနာ-စုစည်းသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟားခါးမြို့ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လမ်းညွှန်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကလေးမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ကြောင့် မြို့နယ်အလိုက် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်၌ ရေကြီးမြေပြိုမှုများ ဖြစ်ပွားချိန်မှစပြီး မိမိကိုယ်တိုင် လာရောက်အားပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် စီစဉ်ခဲ့သော်လည်း ရာသီဥတုအခြေအနေမပေးသဖြင့် နှစ်ကြိမ်တိုင်တိုင် ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း။

သဘာဝဘေးကျရောက်ချိန်တွင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ် သုံးရပ်အနက် ကယ်ဆယ်ရေးနှင့် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် ကူညီထောက်ပံ့သည့် အဆင့်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မြေပြိုမှုကြောင့် ပျက်စီးသွားသည့် နေအိမ်များကို ဆောင်းရာသီမရောက်မီ ပြန်လည်ဆောက်လုပ်ပေးရန်လိုအပ်ကြောင်း၊ မြို့သစ်သို့ ရွှေ့ပြောင်းမည့် မိသားစုများအတွက် ရေ၊ လျှပ်စစ်မီး၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းများကို မြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်ပေးရန် လိုအပ်ကြောင်း။

ယခု ယာယီပြင်ဆင်ထားသော လမ်း၊ တံတားများကိုလည်း မူလအနေအထားထက် ပိုကောင်းအောင် ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော စာသင်ကျောင်းများကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ပြင်ဆင်ဆောက်လုပ်သွားမည်ဖြစ်၍ ပြည်နယ်၏ အနေအထားနှင့် ကိုက်ညီအောင် ပုံစံရေးဆွဲဆောက်လုပ်ရန် လိုအပ်ကြောင်း။

ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ပြည်တွင်း/ပြည်ပ စေတနာရှင်များနှင့် ဒေသခံပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရုံသာမက မူလထက် ပိုမိုကောင်းမွန်သော အခြေအနေကို ရရှိမည်ဖြစ်ကြောင်း။

တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စီမံခန့်ခွဲရန်၊ တက်တက်ကြွကြွ ဦးဆောင်ရန်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင် စည်းရုံးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ဌာနအလိုက် ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သဘာဝဘေးကြောင့် ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့် ပြည်သူများအား ထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အားပေးစကားပြောကြားပြီး သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် မဝတ်လုံချည် အထည် ၂၀၀၀၊ ပလတ်စတစ်ဖျာ အချပ် ၁၀၀၀၊ ခြုံစောင် အထည် ၁၀၀၀ နှင့် ဆိုလာလက်ဆွဲမီးအိမ် အလုံး ၁၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် သဘာဝဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဝင်းအတွင်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ ယာယီအမိုးတဲများ ဆောက်ရွက်ပေးထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ အဆိုပါကျောင်းခန်းမ၌ ဆက်လက်ကျင်းပသည့် သီတဂူဆရာတော်ကြီးနှင့် သီတဂူသာသနာပြုအဖွဲ့က ချင်းပြည်နယ် သဘာဝဘေးအတွက် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် သီတဂူဆရာတော် ရှင်ဉာဏိဿရက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဩဝါဒစကား မြွက်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် သီတဂူသာသနာပြုအဖွဲ့ အတွင်းရေးမှူးက ချင်းပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ပျက်စီးခဲ့သည့် ဘုရားစေတီများအတွက် အလှူငွေကျပ်သိန်း ၁၅၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လက်ခံရယူသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးကိုယ်စား သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးက ချင်းပြည်နယ်အစိုးရအတွက် အလှူငွေကျပ်သိန်း ၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် သီတဂူသာသနာပြုအဖွဲ့မှ ဆရာတော် ဘဒ္ဒန္တကောဝိဒက ချင်းပြည်နယ်အတွင်းရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံအတွက် အလှူငွေကျပ်သိန်း ၁၅၀၀ ကို ပေးအပ်လှူဒါန်းရာ ကက်သလစ်ဘုန်းတော်ကြီး ဖာသာဖီးလစ်ဇဟေးက လက်ခံရယူသည်။

ယင်းနောက် သီတဂူအလှူရှင်များက ဆေးရုံများအတွက် အမေရိကန်ဒေါ်လာ ၈၀၀၀၀ ကျော်တန်ဖိုးရှိ

*စာမျက်နှာ ၄ ကော်လံ ၁ သို့*



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်လှူဒါန်းပွဲတွင် အခမ်းအနားသို့ တက်ရောက်လာကြသည့် သဘာဝဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မြေသားခိုင်မာမှုမရှိ၍ ပျက်စီးခဲ့သော မြို့နယ်အလိုက် လူနေအိမ်များစာရင်း (၂၁-၉-၂၀၁၅ ရက်နေ့အထိ)

| စဉ် | မြို့နယ် | မြို့ပေါ် | ကျေးလက် | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဟားခါး | ၃၇၇ | ၁၅၃ | ၅၃၀ | |
| ၂။ | ထန်တလန် | - | - | - | |
| ၃။ | ဖလမ်း | ၅ | ၃ | ၈ | |
| ၄။ | တီးတိန် | - | ၆၈ | ၆၈ | |
| ၅။ | တွန်းဇံ | - | ၉၂ | ၉၂ | |
| ၆။ | မင်းတပ် | ၂ | ၃၄ | ၃၆ | |
| ၇။ | ကန်ပက်လက် | - | ၃၀ | ၃၀ | |
| ၈။ | မတူပီ | - | - | - | |
| ၉။ | ပလက်ဝ | ၁၃၇ | ၂၂၅ | ၃၆၂ | |
| ပြည်နယ်ချုပ် | | ၅၂၁ | ၆၀၅ | ၁၁၂၆ | |

## ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မြေသားခိုင်မာမှုမရှိ၍ အန္တရာယ်ရှိပြီး ဆက်လက်နေထိုင်ရန်မသင့်သည့် ပြောင်းရွှေ့ရမည့် လူနေအိမ်များစာရင်း (၂၁-၉-၂၀၁၅ ရက်နေ့အထိ)

| စဉ် | မြို့နယ် | မြို့ပေါ် | ကျေးလက် | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဟားခါး | ၃၂၂ | ၁၈ | ၃၄၀ | |
| ၂။ | ထန်တလန် | - | ၂ | ၂ | |
| ၃။ | ဖလမ်း | ၂၁ | ၈၃ | ၁၀၄ | |
| ၄။ | တီးတိန် | - | ၃၇၄ | ၃၇၄ | |
| ၅။ | တွန်းဇံ | - | ၂၇၁ | ၂၇၁ | |
| ၆။ | မင်းတပ် | - | ၉၆ | ၉၆ | |
| ၇။ | ကန်ပက်လက် | - | ၉ | ၉ | |
| ၈။ | မတူပီ | ၂၃ | ၁၈ | ၄၁ | |
| ၉။ | ပလက်ဝ | ၃၁၀ | ၂၇၈ | ၅၈၈ | |
| ပြည်နယ်ချုပ် | | ၆၇၆ | ၁၁၄၉ | ၁၈၂၅ | |

*စာမျက်နှာ ၃ မှ*

ဆေးရုံသုံးကိရိယာများကို ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်က လက်ခံရယူသည်။

ထို့နောက် ဒေသခံတစ်ဦးက ထိုသို့ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရိပ်သာ၌ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် ကလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကလေးမြို့ ပျဉ်သာကျေးရွာသို့ ရောက်ရှိပြီး မြစ်သာမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်ရန် ကလေးမြို့ ရေဘေးကာကွယ်ရေးတာ ဆောင်ရွက်မည့် နေရာအား ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျီကုန်းကျေးရွာအနီးရှိ မြစ်ကျဉ်း(၁)သို့ရောက်ရှိပြီး မြစ်သာမြစ် ရေစီးရေလာ ကောင်းမွန်စေရန် မြစ်ကြောင်းချဲ့ထွင် ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျောက္ကာကျေးရွာသို့ရောက်ရှိပြီး နေအိမ်သစ် ၁၀၁ လုံးတည်ဆောက်ခြင်း လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ကျေးရွာများအား ရွှေ့ပြောင်းနေရာချထားမှု၊ နေအိမ်သစ်များ တည်ဆောက်ပေးရန် လိုအပ်မှု၊ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက လိုအပ်သည်များကို မှာကြားပြီး တည်ဆောက်လျက်ရှိသည့် နေအိမ်သစ်များနှင့် အခြေအနေများကို တည်ဆောက်ပြီးစီးမှု လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။ **(သတင်းစဉ်)**



# လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေနှင့်အညီလုပ်ဆောင်နိုင်ရေး မရှိမဖြစ်လိုအပ်

နေပြည်တော် စက်တင်ဘာ ၂၂

**တည်ငြိမ်အေးချမ်းမှုတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေနှင့်အညီ လုပ်ဆောင်နိုင်ရေးတို့ မရှိမဖြစ်လိုအပ်ကြောင်း၊ သို့ဖြစ်၍ တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လွိုင်ကော်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့သို့ ရောက်ရှိကြရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လွိုင်ကော်တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပြီး မိမိတို့နိုင်ငံသည် လူဦးရေသန်း ၅၀ ကျော်ရှိပြီး တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ကိုလိုနီဖြစ်ခဲ့စဉ် ခွဲခြားအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားများအကြား အထင်အမြင်လွဲမှုများ ဖြစ်ပေါ်ကာ စည်းလုံးညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင်ပြဿနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်အစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ၊ တပ်မတော်အစိုးရနှင့် ယခုရွေးချယ်ခံအစိုးရအထိ အစိုးရအဆက်ဆက်က လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့ကြကြောင်း၊ အောင်မြင်သည့်အဖွဲ့များရှိသကဲ့သို့ ညှိနှိုင်းဆဲအဖွဲ့များလည်းရှိကြောင်း၊ ယခုအချိန်တွင် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပြည်နယ်အဆင့်၊ တိုင်းအဆင့်နှင့် ပြည်ထောင်စုအဆင့် ပြုလုပ်ခဲ့ပြီး NCA စာချုပ်ချုပ်ဆိုရန် နောက်ဆုံးမူကြမ်း အတည်ပြုပြီးသည့် အဆင့်ရောက်ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားကို ဖော်ဆောင်ပေးရန်၊ ကာကွယ်စောင့်ရှောက်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် လွှတ်တော်အရပ်ရပ်အတွက် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ မဲဆန္ဒပေးရာတွင် တိုင်းပြည်အပေါ်ကောင်းအောင်လုပ်နိုင်မည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေးအမြင် လေးမြင့်ရှိသူနှင့် တပ်မတော်အပေါ် နားလည်မှုရှိသူများကို အခြေခံစဉ်းစားပြီး တိုင်းပြည်အပေါ် စိတ်ကောင်း၊ စေတနာကောင်းနှင့် လုပ်ဆောင်မည့် ပုဂ္ဂိုလ်မျိုးကို ရွေးချယ်ရန်လိုကြောင်း။

တပ်မတော်၏ မူလတာဝန်မှာ နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန် ဖြစ်သည့်အတွက် တိုက်စွမ်းရည်ရှိရန်လိုကြောင်း၊ တိုက်စွမ်းရည်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် တပ်မတော်သားများ ပညာရည်မြှင့်တင်ရေးနှင့် လေ့ကျင့်ရေးကို တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ တပ်မှူးများအနေဖြင့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီးလေးရပ် မှန်မှန်ကန်ကန်လုပ်ဆောင်၍ တိုက်စွမ်းရည်တိုးတက်အောင် လုပ်ဆောင်ကြရန်၊ စစ်သည်များ မိမိကိုယ်ကိုယ်ထိန်းသိမ်းရန်၊ တာဝန်ရှိသူများကလည်း ဝိုင်းဝန်းထိန်းသိမ်းကြရန်၊ ခေါင်းဆောင်အသီးသီးက တပ်မတော်၏ အစဉ်အလာကောင်းများကိုလိုက်နာရန်၊ တိုင်းပြည်နှင့် တပ်မတော်အပေါ် သစ္စာရှိရှိတာဝန်ထမ်းဆောင်ကြရန်မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်ရှိ အရာရှိ၊စစ်သည်၊ မိသားစုများအတွက် သုတရသ စာအုပ်စာစောင်များနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ရာ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အေးလွင်က လက်ခံရယူသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေများကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

**(မြဝတီ)**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၄၉ မိနစ် ၀၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးမြို့၏ တောင်-အရှေ့တောင်ဘက် ၃၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ တွင် ဖော်ပြပါရှိသည့် တောင်အမေရိကအကျင့်ပျက်ခြစားခြင်းအပေါ် လုံးဝသည်းခံမည်မဟုတ်ဟုဆို သတင်းပါ သတင်းခေါင်းနှင့် စာသားတွင် တောင်အမေရိက **အစား** တောင်အာဖရိကဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(စာတည်း)**

# နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မီနိုရူကီယုချီနှင့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ယိုဟဲဆာဆာကာဝါ ဦးဆောင်သော ဂျပန်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# သီလဝါစီးပွားရေးအထူးဇုန်နှင့် စတော့အိတ်ချိန်း ဖွင့်လှစ်နိုင်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၂

**ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုတို့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။**



ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ ရေဘေးသင့်ဒေသများရှိ ပျက်စီးဆုံးရှုံးခဲ့ရသည့် စာသင်ကျောင်းများ ပြန်လည်ထူထောင်ရေးနှင့် ရေဘေးသင့်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဂျပန်နိုင်ငံအစိုးရက ပံ့ပိုးကူညီပေးမည့်ကိစ္စရပ်များ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန် တည်ထောင်ဖွင့်လှစ်နိုင်မှုနှင့် ရန်ကုန်စတော့အိတ်ချိန်း တည်ထောင်ဖွင့်လှစ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံအစိုးရက တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေပံ့ပိုးပေးမှု အခြေအနေများ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား အခွန်နှစ်ထပ် စည်းကြပ်မှုရှောင်ရှားရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာလင်းအောင်နှင့် ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ငူဒေသအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**တောင်ငူ စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ တောင်ငူဒေသခံများ၊ ပညာတတ်လူငယ်များ၊ စီးပွားရေး လုပ်ငန်းရှင်များအတွက်လည်း အခွင့်အလမ်းကောင်းများ ပိုမိုထွက်ပေါ်လာနိုင်ရန် ရည်ရွယ်၍ ခရီးသွားလုပ်ငန်း မြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်က တောင်ငူမြို့(၂)ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းရှိ အလင်းသစ်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဩစတြေးလျ သုတေသနပညာရှင် Mr.Gerard McCarthy က တောင်ငူဒေသ ပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းနှင့်ဆိုင်သော အဓိကကဏ္ဍရပ်များတွင် ဒေသခံစီးပွားရေးလုပ်ငန်းများအကြား အများသဘောဆန္ဒရရှိအောင် အားပေးမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များ ခရီးသွားလာခြင်း အတွေ့အကြုံကောင်းများ ရရှိရန် မည်သို့တိုးမြှင့်နိုင်ကြောင်း၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုကို မည်သို့ဆွဲဆောင်တိုးမြှင့်နိုင်ကြောင်း နည်းဗျူဟာများကို အဓိကထားဆွေးနွေးပြီး ဈေးကွက်အခြေအနေများနှင့် ခရီးသွားဧည့်သည်များ၏ မျှော်မှန်းချက်များ၊ ပြည်တွင်းခရီးသွားများ၊ နိုင်ငံတကာမှ တစ်ကိုယ်တော်ခရီးသွားသူများ လွတ်လပ်စွာ လည်ပတ်ရန်နေရာများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် တောင်ငူဒေသခံ ဒေါက်တာချမ်းအေး၊ ဆရာမော်သိန်းနိုင်(အလင်းသစ်)နှင့် ကိုဇင်တို့က ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများနှင့် ဈေးကွက်များအကြောင်း၊ ခရီးသွားသူများ၏ လည်ပတ်ခြင်းအတွေ့အကြုံ ပိုမိုကောင်းမွန်စေခြင်း၊ သန့်ရှင်းသပ်ရပ်မှုနှင့် လာရောက်လေ့လာနိုင်မှု၊ ရိုးရာဟင်းလျာအချက်အပြုတ်အတွေ့အကြုံများ၊ တောင်ငူခရီးသွားလုပ်ငန်းသည် အဘယ်ကြောင့် တိုးမြှင့်လုပ်ကိုင်သင့်ကြောင်း၊ တောင်ငူဒေသကို ခရီးသွားနေရာတစ်ခုအဖြစ် ဆွဲဆောင်မှုရှိစေရန် မည်ကဲ့သို့မြှင့်တင်နိုင်ကြောင်း စသည့်အချက်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# တရုတ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံ ပေကျင်းနှင့်ရှန်ဟိုင်းမြို့များ၌ စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် All-China Youth Federation Program သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင် ဦးဝင်းထက်မောင်မောင်သည် စက်တင်ဘာ ၂၀ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး မိုဟာမက် ဘင် နာဖ် ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအုဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး မိုဟာမက် ဘင် နာဖ် ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအုဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဒဲလ် ဘင် အာမက် အယ်လ် ဂျူဘီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် တရုတ်-အာဆီယံ လှယဉ်ကျေးမယ် ပြိုင်ပွဲသို့ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ သွားရောက် ယှဉ်ပြိုင်ခဲ့ရာ 1st Runner Up (ဒုတိယ) ဆုရ မတင်အေးခိုင် (ကျွမ်းကျင် -၃) (အဆို၊ အက) အနုပညာဦးစီးဌာနကို တွေ့ရစဉ်။**
(မြန်မာ့အလင်း)

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးအတွက် ဆရာစံမြောက်အနောက်ရပ်ကွက် အနောက်ဈေးဟောင်းလမ်းနှင့် အနောက်ဗဟိုလမ်း၌ 400 V Aerial Bundle Cable (ABC) ကြိုးများဖြင့် လဲလှယ်ခြင်း၊ ရပ်ကွက်အတွင်း လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို တာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက စက်တင်ဘာ ၁၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အလေးထားစောင့်ကြည့်လေ့လာအပ်သည့် အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုဘဏ်



တက္ကသိုလ် ဟန်စိုးဦး



**AIIB ဘဏ်၏ ပထမဆုံးဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သွားရန် ရွေးချယ်ခံခဲ့ရသည့် မစ္စတာကျင်းလီချွန်း**

အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB)နဲ့ပတ်သက်ပြီး စာရေးသူအနေနဲ့ "အလေးထားစောင့်ကြည့်လေ့လာအပ်သည့် အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုဘဏ်" ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်စောင်ရေးသားခဲ့ပြီး ကြေးမုံသတင်းစာမှာ ၂၀၁၅ ခုနှစ် ဧပြီလ ၂၈ ရက်နေ့ကနေ ၃၀ ရက် နေ့အထိ ထည့်သွင်းဖော်ပြခဲ့ပါတယ်။ အဲဒီဆောင်းပါးမှာ တရုတ်နိုင်ငံက ဦးဆောင်ပြီး ဒေါ်လာဘီလီယံ ၁၀၀ မတည်ရင်းနှီးငွေနဲ့ စတင်တည်ထောင်သွားမယ့် AIIB ဘဏ်တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးတဲ့ အခမ်းအနားကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့က ပေကျင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့ရာမှာ နိုင်ငံပေါင်း ၂၁ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ AIIB ဘဏ်မှာ ကနဦးတည်ထောင်သူအဖွဲ့ဝင်အဖြစ် ပါဝင်လိုပါက ၂၀၁၅ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ နောက်ဆုံးထား လျှောက်လွှာတင်သွင်းဖို့သတ်မှတ်ခဲ့ရာမှာ အဖွဲ့ဝင်အဖြစ် နိုင်ငံပေါင်း ၅၇ နိုင်ငံက လျှောက်လွှာတင်သွင်းခဲ့ကြကြောင်း၊ အဲဒီ ၅၇ နိုင်ငံမှာ အာရှဒေသက ၃၄ နိုင်ငံ၊ ဥရောပက ၁၈ နိုင်ငံ၊ အာဖရိကဒေသက ၂ နိုင်ငံ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံ ၂ နိုင်ငံ၊ လက်တင်အမေရိကဒေသက ၁ နိုင်ငံတို့ပါဝင်ကြောင်း၊ အမေရိကန်နဲ့ဂျပန်နိုင်ငံတို့ကတော့ ဘဏ်မှာပါဝင်ခဲ့ခြင်းမရှိကြောင်း၊ AIIB ဘဏ်ဟာ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှာ စတင်အသက်ဝင်လာဖို့ရှိကြောင်း၊ ဘဏ်ရုံးချုပ်ကို ပေကျင်းမြို့မှာ ဖွင့်လှစ်သွားမှာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

အဲဒီဆောင်းပါးရေးသားပြီးနောက်ပိုင်း AIIB ဘဏ်နဲ့ပတ်သက်လို့ ထပ်မံဖြစ်ပေါ်တိုးတက်လာတဲ့ အချက်တွေ၊ AIIB ဘဏ်နဲ့ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ အနောက်နိုင်ငံအချို့က ပညာရှင်တွေရဲ့ အမြင်သဘောထားတွေ ထွက်ပေါ်လာတဲ့အတွက် အခုဒီဆောင်းပါးကို ထပ်မံရေးသားတင်ပြရခြင်းဖြစ်ပါတယ်။

**နောက်ဆက်တွဲဖြစ်ပေါ်တိုးတက်မှုများ**

အခုဒီဆောင်းပါးမှာ AIIB ဘဏ်တည်ထောင်ရေးနဲ့ပတ်သက်ပြီး နောက်ဆက်တွဲ ဖြစ်ပေါ်တိုးတက်မှုနှစ်ခုကို တင်ပြသွားမှာဖြစ်ပါတယ်။ ပထမတစ်ခုကတော့ AIIB ဘဏ်တည်ထောင်ရေးအတွက် အသက်သွေးကြောဖြစ်တဲ့ ဘဏ်ရဲ့သင်းဖွဲ့စည်းမျဉ်းကို အဖွဲ့ဝင်နိုင်ငံတွေက အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဒုတိယတစ်ခုကတော့ AIIB ဘဏ်ရဲ့ ပထမဆုံးသောဥက္ကဋ္ဌ ဖြစ်လာမယ့်သူကို အတည်ပြုရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

AIIB ဘဏ် စတင်တည်ထောင်ချိန်မှာ အဖွဲ့ဝင်ဖြစ်လာမယ့်နိုင်ငံ (Prospective Founding Members) ၅၇ နိုင်ငံက ကိုယ်စားလှယ်တွေဟာ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့က တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ဝန်ကြီးအဆင့် အထူးအစည်းအဝေးကို တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအစည်းအဝေးမှာ ၅၇ နိုင်ငံအနက် နိုင်ငံ ၅၀ဟာ AIIB ဘဏ်တည်ထောင်ရေး သင်းဖွဲ့စည်းမျဉ်းဆိုင်ရာ သဘောတူညီချက် (Articles of Agreement)ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ပြည်တွင်းလုပ်ငန်းစဉ်တွေ မပြီးပြတ်သေးလို့ လောလောဆယ် ပါဝင်လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးတဲ့ ကျန် ၇ နိုင်ငံအတွက်လည်း သဘောတူညီချက်မှာ လက်မှတ်ရေးထိုးနိုင်ဖို့ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ စောင့်ဆိုင်းပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ AIIB ဘဏ်တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးနောက် အဖွဲ့ဝင်ဖြစ်လာမယ့် နိုင်ငံတွေက စေ့စပ်ညှိနှိုင်းရေးမှူးတွေဟာ ဘဏ်ရဲ့ပဋိညာဉ်စာတမ်း (သို့မဟုတ်) သင်းဖွဲ့စည်းမျဉ်းဆိုင်ရာသဘောတူညီချက် စာသားတွေရရှိဖို့ ပုံမှန်တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

AIIB ဘဏ်တည်ထောင်ရေး သင်းဖွဲ့စည်းမျဉ်းဆိုင်ရာ သဘောတူညီချက်အရ အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ ဘဏ်မှာ မဲပေးပိုင်ခွင့်အနေအထားတွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။

**မဲပေးပိုင်ခွင့်**

AIIB ဘဏ်ရဲ့ သင်းဖွဲ့စည်းမျဉ်းဆိုင်ရာ သဘောတူညီချက်အရ ဘဏ်ရုံးချုပ်ကို ပေကျင်းမြို့မှာ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ အာရှဒေသဆိုင်ရာဘဏ်ကြီးတစ်ခုဖြစ်တာနဲ့အညီ အာရှဒေသတွင်းက နိုင်ငံတွေဟာ ဘဏ်ရဲ့ အစုရှယ်ယာအများစုဖြစ်တဲ့ ၇၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ကြမှာဖြစ်ပါတယ်။ အစုရှယ်ယာပိုင်ဆိုင်မှုအနေနဲ့ ကြည့်ရင် တရုတ်နိုင်ငံဟာ ရှယ်ယာစုစုပေါင်း ထည့်ဝင်ငွေ ဒေါ်လာ ၂၉.၇၈ ဘီလီယံရှိပြီး စုစုပေါင်းအရင်းအနှီးရဲ့ ၃၀.၃၄ ရာခိုင်နှုန်းရှိပါတယ်။ အိန္ဒိယနိုင်ငံကတော့ ထည့်ဝင်ငွေဒေါ်လာ ၈.၃၇ ဘီလီယံ၊ ရုရှားက ၆.၅၄ ဘီလီယံဒေါ်လာ၊ ဂျာမနီက ၄.၄၈ ဘီလီယံ၊ တောင်ကိုရီးယားက ၃.၇၄ ဘီလီယံနဲ့ ဩစတြေးလျနိုင်ငံက ၃.၆၉ ဘီလီယံဒေါ်လာအသီးသီးဖြစ်ပါတယ်။ ရှယ်ယာထည့်ဝင်ငွေပမာဏနဲ့ ဘဏ်မှာမဲပေးနိုင်မှုစွမ်းအားကို တွက်ချက်ရင် တရုတ်နိုင်ငံက မဲပေးပိုင်ခွင့် ၂၆.၀၆ ရာခိုင်နှုန်းရရှိမှာဖြစ်ပြီး အိန္ဒိယနိုင်ငံက ၇.၅၁ ရာခိုင်နှုန်း၊ ရုရှားနိုင်ငံက ၅.၉၃ ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံက ၄.၁၅ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံက ၃.၅ ရာခိုင်နှုန်းနဲ့ ကျန်အဖွဲ့ဝင်နိုင်ငံတွေက ၅၂.၈၅ ရာခိုင်နှုန်း အသီးသီး ဖြစ်ပါတယ်။

အခုလက်မှတ်ရေးထိုးလိုက်တဲ့ AIIB ဘဏ်ရဲ့ သင်းဖွဲ့စည်းမျဉ်းဆိုင်ရာသဘောတူညီချက်မှာ ဘဏ်ရဲ့ ရည်မှန်းချက်တွေ၊ လုပ်ငန်းမူဝါဒတွေ၊ အုပ်ချုပ်မှုဖွဲ့စည်းပုံနဲ့ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်တွေ ပါဝင်ပါတယ်။ သင်းဖွဲ့စည်းမျဉ်းဆိုင်ရာ သဘောတူညီချက်အရ ဘဏ်ရဲ့ အရေးကြီးဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ စုစုပေါင်းမဲအရေအတွက် ၇၅ ရာခိုင်နှုန်း ရရှိဖို့လိုအပ်တယ်လို့ ဖော်ပြထားတဲ့အတွက် မဲပေးခွင့် ၂၅ ရာခိုင်နှုန်းကျော်ရရှိထားတဲ့ တရုတ်နိုင်ငံဟာ ဘဏ်မှာအရေးပါတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ဖို့ အဓိကကျတဲ့နေရာမှာ ရှိလာခဲ့ပါတယ်။ လေ့လာသူအချို့ကတော့ တရုတ်နိုင်ငံဟာ ဘဏ်မှာ ဗီတိုအာဏာသုံးစွဲခွင့် (Right to use veto power) ရရှိသွားတဲ့ သဘောဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။

AIIB ဘဏ်ရဲ့ ဥက္ကဋ္ဌရွေးချယ်ရေးနဲ့ပတ်သက်ပြီး AIIB ဘဏ်ရဲ့သင်းဖွဲ့စည်းမျဉ်းအရ အဖွဲ့ဝင်ဖြစ်လာမယ့်နိုင်ငံတွေဟာ အမည်စာရင်းတင်သွင်းလိုသူရှိရင် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ နောက်ဆုံးထား စာရင်းပေးသွင်းဖို့ သတ်မှတ်ခဲ့ပါတယ်။ တရုတ်အစိုးရကတော့ သူ့ရဲ့ကိုယ်စားလှယ်လောင်းအဖြစ် AIIB ဘဏ်တည်ထောင်ရေးဆိုင်ရာ နိုင်ငံစုံကြားကာလအတွင်းရေးမှူးချုပ်ရုံး (Multilateral Interim Secretariat) မှာ လက်ရှိ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ကျင်းလီချွန်း (Jin Liqun) ကို တရားဝင်အဆိုပြုခဲ့ပါတယ်။ ဩဂုတ်လ ၂၄ ရက်နေ့က ဂျော်ဂျီယာနိုင်ငံ တီဘလစ်ဇီမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ AIIB ဘဏ်အဖွဲ့ဝင်ဖြစ်လာမယ့်နိုင်ငံများမှ စေ့စပ်ညှိနှိုင်းရေးမှူးများရဲ့အစည်းအဝေးမှာ ဘဏ်ဥက္ကဋ္ဌလောင်းအဖြစ် မစ္စတာကျင်းလီချွန်းကို တညီတညွတ်တည်း အတည်ပြုရွေးချယ်ခဲ့ကြပါတယ်။ မစ္စတာကျင်းလီချွန်းကို အခုနှစ်ကုန်ပိုင်းမှာ AIIB ဘဏ်စတင်အသက်ဝင်လာပြီးနောက် ပထမဆုံးအကြိမ်ပြုလုပ်မယ့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်တွေရဲ့ အစည်းအဝေးကနေ ဥက္ကဋ္ဌအဖြစ် အတည်ပြုခန့်အပ်သွားမှာ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု ဘော့စတွန်တက္ကသိုလ်မှာ စီးပွားရေးဘာသာရပ် လေ့လာသင်ကြားခဲ့တဲ့ မစ္စတာကျင်းလီချွန်းဟာ တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှာလဲ တာဝန်ထမ်းဆောင်ဖူးတဲ့ အတွေ့အကြုံရင့်ကျက်သူတစ်ဦး ဖြစ်ပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်မှာ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။

**AIIB ဘဏ်၏ ဖွဲ့စည်းပုံ**

အတည်ပြုလိုက်တဲ့ ဘဏ်ရဲ့စည်းမျဉ်းသတ်မှတ်ချက် အရ AIIB ဘဏ်ကို အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့ (Board of Governors)၊ ဒါရိုက်တာဘုတ်အဖွဲ့ (Board of Directors) နဲ့ ဘဏ်ဥက္ကဋ္ဌ (သို့မဟုတ်) ဘဏ်စီမံခန့်ခွဲမှုအပိုင်းဆိုပြီး သုံးချောင်းထောက်အုပ်ချုပ်မှုစနစ်နဲ့ စီမံခန့်ခွဲသွားမှာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ချမှတ်ရာမှာ အမြင့်ဆုံးအာဏာရှိတဲ့ အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့မှာ အဖွဲ့ဝင်နိုင်ငံတိုင်းက ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ကိုယ်စားပြုမှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့ဟာ ဒါရိုက်တာဘုတ်အဖွဲ့ဝင် ၁၂ ဦးကို ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ အဲဒီလိုရွေးချယ်ရာမှာ ကိုးဦးဟာ အာရှဒေသတွင်းမှဖြစ်ပြီး ကျန်သုံးဦးကတော့ အာရှဒေသပြင်ပမှ ဖြစ်ပါမယ်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တွေရဲ့ သက်တမ်းကနှစ်နှစ်ဖြစ်ပါမယ်။ ဒီနေရာမှာ အရေးကြီးတဲ့အချက်က အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့ဝင်တွေရော၊ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တွေပါ ပေကျင်းမှာ အမြဲတမ်းရုံးထိုင်မှာမဟုတ်သလို မည်သည့်လစာမျှလည်း ထုတ်ပေးသွားမှာမဟုတ်ဘူးလို့ သိရှိရပါတယ်။ ဘဏ်မှာ ဥက္ကဋ္ဌတစ်ဦးနဲ့ ဒုတိယဥက္ကဋ္ဌနှစ်ဦး ခန့်အပ်တာဝန်ပေးသွားဖို့ရှိပါတယ်။





**AIIB ဘဏ်၏ သင်းဖွဲ့စည်းမျဉ်းဆိုင်ရာသဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လာသော ကိုယ်စားလှယ်များ အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။**

**AIIB ဘဏ်အပေါ် တရုတ်နိုင်ငံ၏အမြင်**

AIIB ဘဏ်ကို တည်ထောင်ခြင်းဟာ တရုတ်နိုင်ငံအတွက်သာမကဘဲ ကျန်ကမ္ဘာ့နိုင်ငံများအတွက်ပါ အကျိုးကျေးဇူးတွေ ရရှိစေမှာဖြစ်တယ်လို့ တရုတ်နိုင်ငံက ထောက်ပြပြောဆိုပါတယ်။ တရုတ်နိုင်ငံက ငွေကြေးကဏ္ဍလေ့လာဆန်းစစ်သူတွေက AIIB ဘဏ်ကနေ တရုတ်နိုင်ငံအတွက်ရရှိလာမယ့် အကျိုးရလဒ် သုံးချက်ရှိကြောင်း သုံးသပ်ကြပါတယ်။

ပထမအချက်က AIIB ဘဏ်ကို တည်ထောင်ခြင်းဟာ





**(AIIB ဘဏ်တွင် အဖွဲ့ဝင်နိုင်ငံများအလိုက် အစုရှယ်ယာထည့်ဝင်ငွေပမာဏနှင့် ဘဏ်တွင် မဲပေးနိုင်မှု စွမ်းအားပြပုံ)**

ဒေသတွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် တရုတ်နိုင်ငံက ပိုမိုပါဝင်ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်ပါတယ်။ အမေရိကန်သမ္မတ အိုဘားမားက ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း နယူးယောက်တိုင်းမ်စ်သတင်းစာက သတင်းထောက်နဲ့ တွေ့ဆုံမေးမြန်းမှုတစ်ခုမှာ "တရုတ်နိုင်ငံဟာ ပြီးခဲ့တဲ့ နှစ်ပေါင်း ၃၀ လုံးလုံး ကမ္ဘာကြီးရဲ့ ကောင်းကျိုးအတွက် ပါဝင်ဖြည့်ဆည်းခဲ့ခြင်းမရှိဘဲ ရေစုန်မျောပြီး လိုက်နေခဲ့တယ်"လို့ ပြစ်တင်ဝေဖန်ခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးစနစ်အတွင်း တရုတ်နိုင်ငံရဲ့ ထဲထဲဝင်ဝင်ပါဝင်လာမှုကို သိနားလည်တဲ့ တရုတ်နိုင်ငံရဲ့ လက်ရှိခေါင်းဆောင်တွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍမှာ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ AIIB ဘဏ်ဟာ နိုင်ငံတကာအသိုက်အဝန်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံရဲ့ ပါဝင်ကြိုးပမ်းမှုလို့ တရုတ်နိုင်ငံက ခံယူထားပါတယ်။

စီးပွားရေးအရ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ အာရှဒေသဟာ ကမ္ဘာ့စီးပွားရေး အတွက် အရေးပါတဲ့ မောင်းနှင်အားတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမယ့် အာရှဒေသမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အဟန့်အတားဖြစ်နေတာက အခြေခံအဆောက်အအုံလိုအပ်ချက်နဲ့ ရန်ပုံငွေလုံလောက်မှုမရှိခြင်းဖြစ်ပါတယ်။ အာရှနိုင်ငံတွေအနေနဲ့ ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအဖွဲ့နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တွေကနေ ရရှိနေတဲ့ ချေးငွေတွေဟာ သူတို့လိုအပ်ချက်ရဲ့ အစိတ်အပိုင်းတစ်ရပ်သာဖြစ်တာကြောင့် သူတို့အနေနဲ့ အခြားဖြစ်နိုင်ခြေရှိမယ့် နည်းလမ်းတွေကို မျှော်လင့်တောင့်တခဲ့ကြပါတယ်။ ဒါကြောင့် AIIB ဘဏ်ဟာ အာရှနိုင်ငံတွေအတွက် မျှော်လင့်ချက်အသစ်တွေကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# တပ်မတော်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရန်၊ လွတ်လပ်ပြီး တရားမျှတမှုရှိရန် ကြိုးစားဆောင်ရွက်သွားမည်



**နေပြည်တော် စက်တင်ဘာ ၂၂**

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ NCA လက်မှတ်ရေးထိုးရန် အဆင့်သို့ရောက်ရှိနေပြီး တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်ကြောင်းကို ကြေညာထားပြီးဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်ပြီး နိုင်ငံရေးအရအမြတ်မထုတ်ဘဲ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး အမှန်တကယ်တိုးတက်အောင်လုပ်မည်ဆိုသည့်စိတ်ရှိရန်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Taro ASO အား ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ပြောကြားသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Taro ASO နှင့်အတူ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi HIGUCHI နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဧည့်သည်တော်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်းမှုများကြောင့် NCA လက်မှတ်ရေးထိုးရန် အဆင့်သို့ ရောက်ရှိနေကြောင်း၊ နိုင်ငံတစ်ခုတွင် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးပြီး တည်ငြိမ်အေးချမ်းမှုသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း။

မြန်မာနိုင်ငံ၏ ရေဘေးသင့်ဒေသများတွင် တပ်မတော်က ကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့် တပ်မတော်အပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုပိုမိုရရှိမည် ဖြစ်ကြောင်း၊ ရေဘေးဒဏ်ကြောင့် စာသင်ကျောင်းများပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးနှင့် ရေဘေးသင့် ဒေသများတွင် သောက်သုံးရေရရှိရေးတို့အတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဂျပန်-မြန်မာ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် ရနိုင်သမျှ ထုတ်နုတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်က လုပ်ဆောင်ပေးခဲ့သော်လည်း ပြည်သူမှ များစွာမသိရှိကြောင်း၊ ယခုအခါ မီဒီယာများနှင့် ထိတွေ့မှုများပြီး Public Relation များ ပိုမိုလုပ်ဆောင်ခြင်းကြောင့် တပ်မတော်အပေါ် ပြည်သူကပို၍ သိရှိနားလည်လာပြီး ယုံကြည်မှုပိုမိုရရှိလာပါကြောင်း၊ တပ်မတော်၏ အင်အားနှင့် ပေါင်းစပ်ခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအရှိန်ရရှိစေပါကြောင်း၊ စာသင်ကျောင်းများအတွက် ဂျပန်နိုင်ငံမှ ယန်း ငါးဘီလီယံကူညီမည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ တပ်မတော်မှလည်း စာသင်ကျောင်းများအပါအဝင် ရေဘေးသင့်ဒေသများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် ကူညီဆောင်ရွက်နေပါကြောင်း၊ ရေကောင်းရေသန့်ရရှိရေး၊ စိုက်ပျိုးရေရရှိရေးလိုအပ်ပြီး မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လေးနှစ်ကျော်ကာလ ရောက်ပြီဖြစ်ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများရှိပြီး ကျော်လွှားရန် ကြိုးစားနေရမှုများလည်းရှိကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ယင်းလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရန် သန္နိဋ္ဌာန်ချပြီး လုပ်ဆောင်လျက်ရှိပါကြောင်း၊ လာမည့်နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရန်၊ လွတ်လပ်ပြီး တရားမျှတမှုရှိရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံသို့ သင်တန်းသားများ ပိုမိုစေလွှတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ခရီးစဉ်များသည်လည်း မိမိတို့၏ခေတ်မီ တပ်မတော်တည်ဆောက်ရေးအတွက် အတွေ့အကြုံများ ရရှိစေပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ **(မြဝတီ)**

# မြန်မာ-တရုတ် တပ်မတော်နှစ်ရပ်ဆက်ဆံရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Admiral Sun Jiangou ၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စက်တင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဦးဆောင်သော အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ FAO, MND အကြီးအကဲ Rear Admiral Guan Youfei နှင့်တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီး မြင့်သိန်းနှင့်တာဝန်ရှိသူတို့ကလေဆိပ် တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အား တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ဒုတိယစစ်ဦးစီးချုပ် Admiral Sun Jiangou က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့်အခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့လွတ်မြောက် ရေးတပ်မတော် စစ်ရုံးချုပ် Ba Yi ခန်းမဆောင်ရှေ့ စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်တို့သည် အစည်းအဝေးခန်းမ၌ ဒေသတွင်းဆိုင်ရာ အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ဆက်ဆံရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် နယ်စပ်လုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံတို့တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့်အတူ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chang Wanquan နှင့် ဒေသစံတော်ချိန် ၁၁ နာရီ မိနစ် ၂၀ ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုအခြေအနေ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့်လုံခြုံရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသနေပြည်သူများ အေးချမ်းစွာ ကူးလူးဆက်ဆံနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဒုတိယစစ်ဦးစီးချုပ် Admiral Sun Jiangou တို့သည် အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့မှုအတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ လှူဒါန်းခဲ့သည့် တရုတ်ယွမ်ငွေ ၁၀ သန်းနှင့်ပတ်သက်၍ သဘောတူစာချုပ်ကို အပြန်အလှန်လက်မှတ်ရေးထိုးကြပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြသည်။


ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ပေကျင်းမြို့ရှိ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် (NDU)သို့ သွားရောက်လေ့လာရာ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ကြီး Zhang Shibo နှင့်တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ပြီး ဒုတိယဗိုလ်မှူးကြီး Liu Ming က သမိုင်းအကျဉ်းနှင့် သင်ကြားရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး စာသင်ခန်းဆောင်၊ စာကြည့်တိုက်နှင့် ကျောင်းသမိုင်းပြတိုက်တို့အား ကြည့်ရှုလေ့လာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညနေပိုင်းတွင် မြန်မာစစ်သံရုံးသို့ သွားရောက်ပြီး မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဝေါ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော်　စက်တင်ဘာ　၂၂**

ဝေါ်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ နှစ်ပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ကျော်လွန် နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**




# မိုးလေဝသအခြေအနေ

**နေပြည်တော်　စက်တင်ဘာ　၂၂**

ယနေ့နံနက် ၉ နာရီခွဲ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၁၉ လက်မနှင့် မုဒုံမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**



# ကျောင်းကုန်းမြို့ ကမ်းနားလမ်း ရေစတင်နစ်မြုပ်

**ကျောင်းကုန်း　စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ဒါးကမြစ်ရေလျှံမှုကြောင့် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မြို့ပေါ် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်နှင့် ကျေးရွာအချို့ ဒုတိယအကြိမ် ရေပြန်လည်နစ်မြုပ်နေပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်သြဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းသဖြင့် ဒါးကမြစ်ရေလျှံတက်မှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအချို့ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ရသည်။ ယခုဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ်၌ စိုက်ပျိုးစရိတ် ကျပ်သိန်းပေါင်း ၁၀၉၆၁၃ သိန်း ထုတ်ပေး

**ကန့်ဘလူ　စက်တင်ဘာ　၂၂**

၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူအစုအဖွဲ့အလိုက် ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁ ရက်ကစတင်ထုတ်ချေးပေးခဲ့ပြီး ဇူလိုင် ၁၅ ရက် ညနောက်ပိုင်း မိုးသည်းထန်စွာရွာခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့၍ ချေးငွေထုတ်ပေးခြင်းလုပ်ငန်းများ ရပ်နားထားရာမှ ဇူလိုင် ၂၇ ရက်တွင် ဆက်လက်ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၂၁ ရက်က ကန့်ဘလူမြို့နယ် ရပ်ကွက်ကျေးရွာအုပ်စု ၉၁ အုပ်စုမှ တောင်သူ ပေါင်း ၂၁၅၆၂ ဦး၏ လယ်ဧက ၁၀၉၅၄၀ အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်းပေါင်း ၁၀၉၆၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း၊ ယာသီးနှံချေးငွေများကိုလည်း နိုဝင်ဘာလတွင် ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



**တီးတိန်-ရိဒ်လမ်းပေါ်ရှိ မံဆောင်းကြိုးတံတား ပေ ၃၆၀ ရိဒ်ဘက်ကမ်းချဉ်းကပ်တံတားတိုင် လဲကျပျက်စီးနေစဉ်။** (ဆောက်လုပ်ရေး)



**တီးတိန်-ရိဒ်လမ်းပေါ်ရှိ မံဆောင်းကြိုးတံတား ပေ ၃၆၀ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီး၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေစဉ်။** (ဆောက်လုပ်ရေး)



**တီးတိန်-တွန်းဇံ- ကျီခါးလမ်းပေါ်ရှိ နတ်ဖံတံတား (၃/၃၅) ပေ ၂၇၀ နှစ်လွှာတစ်ထပ် ဘေလီတံတား ပျက်စီးမှုကို တွေ့မြင်ရစဉ်။** (ဆောက်လုပ်ရေး)



**တီးတိန်-တွန်းဇံ- ကျီခါးလမ်းပေါ်ရှိ နတ်ဖံတံတား (၃/၃၅) ပေ ၂၇၀ နှစ်လွှာတစ်ထပ် ဘေလီတံတား နတ်ဖံတံတားနေရာ၌ Fly Ferry ဖြင့် လူနှင့် ဆိုင်ကယ်များကို ပို့ဆောင်ပေးနေစဉ်။** (ဆောက်လုပ်ရေး)

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘေးသင့်ဒေသများတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ

*(ယမန်နေ့မှအဆက်)*

စစ်ကိုင်းတိုင်းဒေသကြီး

| စဉ် | မြို့နယ် | သင်တန်းအမည် | သင်တန်းသားဦးရေ | ကုန်ကျငွေ (ကျပ်သန်း) | ဖွင့်လှစ်ပြီး | ဖွင့်လှစ်ဆဲ | ဖွင့်လှစ်ရန်လျာထား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁၉ | မင်းကင်း | လက်သမားသင်တန်း | ၁၁၀ | ၁၄. ၁၇၇ | | | ၇ | ၇ |
| | | ဝါးအလှသင်တန်း | ၃၀ | ၁. ၁၉၇ | | | ၁ | ၁ |
| | | မုန့်ဖုတ်၊ ဇာထိုးနည်းသင်တန်း | ၄၀ | ၁. ၀၀၈ | ၁ | | | ၁ |
| | **ပေါင်း** | | **၁၈၀** | **၁၆.၃၈၁** | **၁** | | **၈** | **၉** |
| ၂၀ | မုံရွာ | လက်သမားသင်တန်း | ၃၀ | ၂. ၃၀၀ | | | ၁ | ၁ |
| | | ဝါးအလှသင်တန်း | ၃၀ | ၁. ၁၄၀ | ၁ | | | ၁ |
| | | လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်း | ၃၀ | ၀. ၉၁၀ | | | ၁ | ၁ |
| | | ရက်ကန်းသင်တန်း | ၃၀ | ၂. ၄၉၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၁၂၀** | **၆.၈၄၀** | **၂** | | **၂** | **၄** |
| ၂၁ | တမူး | လက်သမားသင်တန်း | ၆၀ | ၇. ၆၈၀ | | | ၄ | ၄ |
| | | ပန်းရန်သင်တန်း | ၂၀ | ၂. ၀၀၀ | | | ၁ | ၁ |
| | | လက်သမား၊ ပန်းရန်သင်တန်း | ၂၀ | ၁. ၁၉၇ | | | ၁ | ၁ |
| | | စိုက်ပျိုးရေးသင်တန်း | ၆၀ | ၀. ၇၀၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၁၆၀** | **၁၁.၅၇၇** | **၁** | | **၆** | **၇** |
| ၂၂ | ခန္တီး | လက်သမား၊ ပန်းရန်သင်တန်း | ၄၀ | ၄. ၇၅၀ | | | ၁ | ၁ |
| ၂၃ | ဟုမ္မလင်း | လက်သမား၊ ပန်းရန်သင်တန်း | ၄၀ | ၄. ၇၅၀ | | | ၁ | ၁ |
| ၂၄ | ဒိုပဲ | လက်သမား၊ ပန်းရန်သင်တန်း | ၃၀ | ၅. ၃၀၀ | | | ၁ | ၁ |
| ၂၅ | ပန်ဆောင်ခွဲ | လက်သမား၊ ပန်းရန်သင်တန်း | ၆၀ | ၁၀. ၄၀၀ | | | ၂ | ၂ |
| ၂၆ | နန်းယွန်း | လက်သမား၊ ပန်းရန်သင်တန်း | ၄၅ | ၁၀. ၃၀၀ | | | ၂ | ၂ |
| ၂၇ | လဟယ် | လက်သမား၊ ပန်းရန်သင်တန်း | ၁၇၀ | ၂၆. ၀၀၀ | | | ၅ | ၅ |
| ၂၈ | လေရှီး | လက်သမား၊ ပန်းရန်သင်တန်း | ၁၀၅ | ၁၈. ၀၀၀ | | | ၄ | ၄ |
| ၂၉ | မြောင် | ဆိုင်ကယ်ပြင်သင်တန်း | ၄၀ | ၀. ၈၀၀ | | | ၁ | ၁ |
| | | သဘာဝသီးနှံသင်တန်း | ၄၀ | ၀. ၈၀၀ | | | ၁ | ၁ |
| | | သံဂဟေဆက်နည်းသင်တန်း | ၄၀ | ၀. ၈၀၀ | | | ၁ | ၁ |
| | | လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်း | ၄၀ | ၀. ၈၀၀ | | ၁ | | ၁ |
| | | သစ်သားအခြေခံပရိဘောဂသင်တန်း | ၄၀ | ၀. ၈၀၀ | | | ၁ | ၁ |
| | **ပေါင်း** | | **၂၀၀** | **၄.၀၀၀** | | **၁** | **၄** | **၅** |
| ၃၀ | ဒီပဲယင်း | ဆိုင်ကယ်ပြင်သင်တန်း | ၄၀ | ၂. ၈၅၆ | | | ၁ | ၁ |
| ၃၁ | ကန့်ဘလူ | ဆိုင်ကယ်ပြင်သင်တန်း | ၂၀ | ၁. ၃၅၀ | | | ၁ | ၁ |
| | | ဆံပင်ထုံးဖွဲ့နည်းသင်တန်း | ၁၀ | ၀. ၅၀၀ | | | ၁ | ၁ |
| | | ရက်ကန်းသင်တန်း | ၁၅ | ၂. ၅၀၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၄၅** | **၄.၃၅၀** | **၁** | | **၂** | **၃** |
| ၃၂ | ကသာ | ဝါးအလှသင်တန်း | ၁၀ | ၃. ၈၄၀ | | | ၁ | ၁ |
| | | သဘာဝသီးနှံသင်တန်း | ၁၀ | ၁. ၅၁၄ | | | ၁ | ၁ |
| | **ပေါင်း** | | **၂၀** | **၅.၃၅၄** | | | **၂** | **၂** |
| ၃၃ | ယင်းမာပင် | ဝါးအလှသင်တန်း | ၃၀ | ၁. ၁၄၀ | | | ၁ | ၁ |
| | | သဘာဝသီးနှံသင်တန်း | ၃၀ | ၀. ၉၁၀ | | | ၁ | ၁ |
| | | ရက်ကန်းသင်တန်း | ၁၅ | ၂. ၃၀၀ | | | ၁ | ၁ |
| | | မွေးမြူရေးနှင့် ကုသရေးသင်တန်း | ၃၀ | ၀. ၆၉၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၁၀၅** | **၅.၀၄၀** | **၁** | | **၃** | **၄** |
| ၃၄ | ဝန်းသို | သဘာဝသီးနှံသင်တန်း | ၁၀ | ၁. ၅၄၁၅ | | | ၁ | ၁ |
| ၃၅ | အရာတော် | သဘာဝသီးနှံသင်တန်း | ၂၀ | ၀. ၉၁၀ | | | ၁ | ၁ |
| | | စိုက်ပျိုးရေးသင်တန်း | ၅၀ | ၀. ၈၄၀ | ၁ | | | ၁ |
| | | လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်း | ၂၀ | ၁. ၆၃၀ | | | ၁ | ၁ |
| | | ရက်ကန်းသင်တန်း | ၂၀ | ၂. ၃၀၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၁၁၀** | **၅.၆၈၀** | **၂** | | **၂** | **၄** |
| ၃၆ | ဆားလင်းကြီး | သဘာဝသီးနှံသင်တန်း | ၂၀ | ၀. ၉၁၀ | | | ၁ | ၁ |
| | | စိုက်ပျိုးရေးသင်တန်း | ၂၀ | ၀. ၈၄၀ | | | ၁ | ၁ |
| | | သင်ဖျာရက်လုပ်နည်းသင်တန်း | ၂၀ | ၀. ၉၃၀ | | | ၁ | ၁ |
| | | အိမ်တွင်းမှုသင်တန်း | ၃၀ | ၀. ၈၄၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၉၀** | **၃.၅၂၀** | **၁** | | **၃** | **၄** |
| ၃၇ | ဘုတလင် | စိုက်ပျိုးရေးသင်တန်း | ၄၀ | ၀. ၈၄၀ | ၁ | | | ၁ |
| | | မွေးမြူရေးနှင့် ကုသရေးသင်တန်း | ၄၀ | ၁. ၃၈၀ | ၁ | | ၁ | ၂ |
| | **ပေါင်း** | | **၈၀** | **၂.၂၂၀** | **၂** | | **၁** | **၃** |
| ၃၈ | ပုလဲ | စိုက်ပျိုးရေးသင်တန်း | ၃၀ | ၀. ၈၄၀ | ၁ | | | ၁ |
| | | လက်မှုပညာနှင့် လက်သမားသင်တန်း | ၃၀ | ၂. ၇၈၅ | | | ၁ | ၁ |
| | | မွေးမြူရေးနှင့် ကုသရေးသင်တန်း | ၂၀ | ၀. ၆၉၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၈၀** | **၄.၃၁၅** | **၂** | | **၁** | **၃** |
| ၃၉ | ဗန်းမောက် | ကြိမ်ထိုးသင်တန်း | ၁၀ | ၃. ၈၄၀ | | | ၁ | ၁ |
| | **စုစုပေါင်း** | | ၃၅၀၀ | ၃၄၆.၉၇၇၅ | ၂၂ | ၇ | ၁၂၀ | ၁၄၉ |

*(ဆက်လက်ဖော်ပြပါမည်)*

## ညောင်တုန်းမြို့ စံကင်းကျွန်းကွင်းရှိ ရွာများရေမြုပ်နေ၍ ထောက်ပံ့ကူညီရန် လိုလားလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

ဝါခေါင်လကွယ်နေ့၏ အမြင့်ဆုံးဒီရေနှင့် မိုးရွာသွန်းမှုကြောင့် ဧရာဝတီမြစ်အထက်ပိုင်းမှ စီးဆင်းလာသောမြစ်ရေတို့ တွေ့ဆုံမှုဖြင့် ညောင်တုန်းမြို့၏အန္တရာယ်ရေမှတ်ဖြစ်သော ၂၄ ဒသမ ၈ လက်မအထိ မြစ်ရေတက်ကာ ခြိမ်းခြောက်ခဲ့သော မြစ်ရေမှာ စက်တင်ဘာ ၂၁ ရက်က ၂၄ ဒသမ ၅ လက်မသို့ ပြန်လည်ကျဆင်းနေပြီဖြစ်၍ စိုးရိမ်စိတ်များ လျော့ပါးလာချိန်တွင် ညောင်တုန်းမြို့ မြောက်ဘက် မြစ်တစ်ဖက်ရှိ ကျေးရွာများနှင့် စံကင်းကျွန်းတစ်ကွင်းလုံးရှိကျေးရွာများ ရေမြုပ်နေသည်မှာ လေးရက်ရှိပြီဖြစ်၍ ဒုတိယအကြိမ် ရေထပ်မံဝင်ရောက်မှုကို ကြုံတွေ့နေရသောကြောင့် စာသင်ကျောင်းများပိတ်ထားရပြီး အကူအညီလိုအပ်နေကြောင်း သိရသည်။

အဆိုပါ စံကင်းကျွန်းကွင်းအတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စု၌ အုပ်စုတစ်စုလျှင် ရွာငါးရွာမှ ၁၂ ရွာအထိရှိပြီး တစ်ရွာလျှင် အိမ်ခြေ ၅၀ မှ ၂၀၀ ထိရှိ၍ ဒုတိယအကြိမ် သဘာဝဘေးအန္တရာယ်ကို ခံစားရခြင်းဖြစ်ကာ အိမ်ခြေတစ်သောင်းကျော် ရေနစ်မြုပ်လျက် ရေလွတ်သော ခြေတံရှည်အိမ်များနှင့် ဘုန်းကြီးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်နေရကြောင်း သိရသည်။

"ရွာရေမြုပ်တာ လေးရက်ရှိပြီ။ ကျောင်းလည်း ပိတ်ထားရတယ်။ ပထမအကြိမ် ရေမြုပ်တုန်းကလည်း ခံရတယ်။ အခုအကြိမ် ရေမြုပ်တော့ အခက်အခဲ ပိုကြုံရတာပေ့ါ။ ကုက္ကိုလ်ဝမြစ်နဲ့ တစ်ဆက်တည်းရှိတဲ့ လှိုင်မြစ်ထဲကိုစီးသွားနိုင်ရင် ကွင်းထဲကရွာတွေရေမြုပ်မှာမဟုတ်ဘူး။ ကွင်းထဲမှာ ရေထောက်နေတဲ့အတွက် ရွာတွေ ရေမြုပ်တာကိုခံရတာပါ။ ရေကျတာနဲ့ ကျောင်းပြန်ဖွင့်နိုင်အောင် ကြိုးစားသွားမယ်"ဟု သာယာကုန်း မူလတန်းကျောင်းဆရာက ပြောသည်။




ညောင်တုန်းမြို့နယ် စံကင်းကျွန်းရှိ ဗျောသလန်း၊ ဘုရားကုန်း၊ ချောင်းဝ၊ အင်းမ၊ တပေကုလား၊ အောက်ဆည်/မအူကုန်း၊ ဝါးတော၊ ကတုပ်ကမ၊ ပိန်းဆိပ်၊ သာယာကုန်းအပါအဝင် ကျေးရွာအုပ်စု ခြောက်အုပ်စု ရေမြုပ်လျက်ရှိပြီး အကူအညီများ လိုအပ်နေကြောင်း သိရကာ ညောင်တုန်းမြို့နှင့် တစ်ဆက်တည်းရှိသည့် ထန်းတပင်မြို့နယ်မှ ပန်တိုင် နှစ်တာကိုလည်း ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ထားပြီး မပြတ်စောင့်ကြည့်နေသည့်အတွက် စိုးရိမ်စရာမရှိကြောင်း ထန်းတပင်မီးသတ်ဦးစီးဌာနမှ ဒုဦးစီးမှူးက ပြောသည်။

ညောင်တုန်းမြို့၏စိုးရိမ်ရေမှတ်သည် ၂၂ ဒသမ ၅ လက်မဖြစ်ပြီး အန္တရာယ်ရေမှတ်မှာ ၂၄ ဒသမ ၅ လက်မဖြစ်ကာ စက်တင်ဘာ ၂၁ ရက် ညနေပိုင်းတွင် ၂၄ ဒသမ ၈ လက်မမှ ၂၄ ဒသမ ၅ လက်မသို့ ပြန်လည်ကျဆင်းသည့်အတွက် မြို့ခံပြည်သူတို့ စိတ်အေးချမ်းသာလျက်ရှိ၍ မြို့ကိုကာကွယ်ထားသော တာပေါင်အမြင့်မှာ ၂၅ ဒသမ ၅ လက်မဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၂-** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စက်တင်ဘာ ၂၃ ရက်တွင် မွန်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၌ နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့၌ နေရာကွက်ကျား ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာနိုင်ငံ ရေဘေးဒုက္ခသည်များအတွက် ဂျပန်အစိုးရက အရေးပေါ်အကူအညီများ ထပ်မံပေးအပ်

**ဝရဇိန်**

မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့်ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သဖြင့် မြန်မာအစိုးရ၏ အကူအညီပေးရေး မေတ္တာရပ်ခံချက်အရ ဂျပန်အစိုးရက ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောက်ရွက်ရေးအေဂျင်စီ(ဂျိုက်ကာ)မှတစ်ဆင့် နောက်ထပ်အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းအဖြစ် ခြင်ထောင်လုံးရေ ၁၀၀၀၀ ပေးအပ်ရန် စက်တင်ဘာ ၁၅ ရက်က ဆုံးဖြတ်ခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဇူလိုင် ၁၆ ရက်ကစပြီး မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ စက်တင်ဘာ ၂ ရက်အထိ တရားဝင်ထုတ်ပြန်ချက်အရ သေဆုံးသူ ၁၂၂ ဦး၊ ဒေသခံ ၁ ဒသမ ၆ သန်းနှင့် အိမ်ထောင်စု ငါးသိန်းနီးပါး ဒုက္ခရောက်ခဲ့ကြကြောင်း သိရသည်။

ဂျပန်အစိုးရသည် ရေဘေးဒုက္ခသည်များအတွက် စောင်၊ အိပ်ရာခင်း၊ ပလတ်စတစ် အမိုးအကာများကို ဩဂုတ် ၄ ရက်က လှူဒါန်းခဲ့ကြောင်း၊ ထို့အတူ ဩဂုတ် ၁၄ ရက်က အရေးပေါ်အကူအညီအဖြစ် ကန်ဒေါ်လာ ၂ ဒသမ ၆ သန်း (ဂျပန်ယန်း ၃၂၅ သန်း)ကို နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပေးအပ်ခဲ့ကြောင်း၊ ယခုအခါ ရေဘေးဒုက္ခသည်ဦးရေများပြားနေဆဲဖြစ်၍ ဂျပန်အစိုးရက ယခုလို အရေးပေါ်အကူအညီ များကို ထပ်မံပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ကိုရီးယား စက်မှုဘဏ် (Industrial Bank of Korea) ကလည်း ရေဘေးဒုက္ခသည်များအတွက် ကန်ဒေါ်လာ ၅၀၀၀၀ ကို စက်တင်ဘာ ၁၇ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဂျီအင်န်အယ်လ်အမ်)**

# ပြည်သူလူထုကို ရွေးကောက်ပွဲ၏အနှစ်သာရ၊ ရည်ရွယ်ချက်တို့နှင့်အညီ လူထုကိုယ်စားလှယ်များမှန်ကန်စွာရွေးချယ်နိုင်ရေး ပညာပေးဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၂**

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်း အမှတ်စဉ် (၄/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ Australian Electoral Commission နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အဓိကတာဝန်ယူလုပ်ဆောင်ကြရမည့်သူများမှာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဖြစ်၍ ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန်၊ မဲရုံမှူးအနေဖြင့် မဲရုံတွင်ဖြစ်လာနိုင်သည့် ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန်လိုအပ်ကြောင်း။

မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကိုခန့်အပ်ရာတွင် ဝန်ထမ်းများကို ဦးစားပေးခန့်အပ်ရမည်ဖြစ်သော်လည်း မဲရုံအဖွဲ့ဝင်များအနေဖြင့် အဆိုပါမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူ ယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင်(သို့မဟုတ်)အဆိုပါ မဲဆန္ဒနယ်မြေအတွင်းရှိ ဒေသခံပြည်သူများလည်းဖြစ်နိုင်ကြောင်း၊ သင်တန်းပို့ချသည့်အခါ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလက်စွဲပါ လမ်းညွှန်ချက်များအတိုင်း ကျွမ်းကျွမ်းကျင်ကျင် လုပ်ဆောင်နိုင်ရေးအတွက် သင်ကြားပေးရန်လိုအပ်သကဲ့သို့ လက်တွေ့ပိုင်းကိုလည်း လေ့ကျင့်ပေးရန်လိုကြောင်း။

ထို့အပြင် ပြည်တွင်း/ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များအား ဖိတ်ခေါ်ထားကြောင်း၊ နိုင်ငံတကာမှလည်း စောင့်ကြည့်လျက်ရှိကြောင်း၊ သေးငယ်သောအမှားကိုပင် ပုံကြီးချဲ့ဝေဖန်မှုများရှိနိုင်၍ မိမိတို့အားနည်းချက်ဖြစ်ပါက နိုင်ငံ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာထိခိုက်စေနိုင်သည်ကို သတိပြုရမည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၆၇)နှစ်အတွင်း (၆)ကြိမ်မြောက် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အတွေ့အကြုံဗဟုသုတ နည်းပါးသဖြင့် ကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတော်လူကောင်းများ ရွေးချယ်နိုင်ရေးကို ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ CSO များ၊ ပါတီများကိုလည်း ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါကြောင်း၊ လူတော်လူကောင်းများကို ရွေးချယ်မှသာ နိုင်ငံတော်၏ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူလူထုတောင့်တနေသော ဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတော် ဖြစ်လာမည်ဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် ပြည်သူလူထုကို ရွေးကောက်ပွဲ၏ အနှစ်သာရ၊ ရည်ရွယ်ချက်တို့နှင့်အညီ လူထုကိုယ်စားလှယ်များ မှန်ကန်စွာရွေးချယ်နိုင်ရေးအတွက် ပညာပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံးမဲပေးနိုင်ရေး ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် အလေးထားဆောင်ရွက်ပေးရန်နှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကို သင်တန်းပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင်ဖြင့် ထိထိရောက်ရောက်ပို့ချရန်လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အထောက်အကူရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ဂင်းနောက် Australian Electoral Commission မှ Ms. Robyn Whitney က ယခုသင်တန်းသည် ဆင့်ပွားသင်တန်းပို့ချရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါကြောင်း၊ သင်တန်းသားများကိုယ်တိုင် ပြန်လည်သင်ကြားရမည်ဖြစ်၍ သင်ခန်းစာများကို အလေးအနက်ထား သင်ယူကြရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၁ ဦးဖြင့် စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်ထိ နှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဲဆန္ဒရှင် သက်သေခံလက်မှတ် ပျောက်ဆုံးသော်လည်း မဲစာရင်းတွင်ပါရှိက အခြားသက်သေခံကတ်တစ်ခုခုပြနိုင်လျှင် မဲပေးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ UNDP အကြီးအကဲ Ms. Renata Lok-Dessallien နှင့်အဖွဲ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် UNDP မှ ကူညီဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ကြောင်းနှင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

UNDP အကြီးအကဲမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းကိစ္စ၊ ကြိုတင်မဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လေ့လာကြည့်ရှုနိုင်မည့် အခြေအနေ၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ပေးမည့်ကိစ္စ၊ IDPs Camp ၌ ရောက်ရှိနေသူများ မဲပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု ကိစ္စရပ်တို့ကို မေးမြန်းပြီး ရွေးကောက်ပွဲအတွက် အကူအညီပေးလျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်(၃)ရပ်အတွက် ကိုယ်စားလှယ်လောင်းများကို ခရိုင်အဆင့်ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ယူဆောင်ရွက်ပြီး အယူခံမှုများကို တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများမှ ဆုံးဖြတ်အတည်ပြုကြောင်း၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုမူ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများမှ စိစစ်ပြီး အယူခံမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စိစစ်အတည်ပြုကြောင်း၊ စိစစ်ရာတွင် ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ရွေးကောက်ပွဲဥပဒေအရစိစစ်ပြီး ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များအား ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ စိစစ်ဆောင်ရွက်ပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် စိစစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းမှာ ဂင်းမွေးဖွားစဉ်က မိဘနှစ်ပါးသည် နိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး မဖြစ်ပါက ရွေးချယ်ခံပိုင်ခွင့်မရှိကြောင်းကို ဥပဒေတွင်ပြဋ္ဌာန်းထားပါကြောင်း၊ မိဘနှစ်ပါး နိုင်ငံသားဖြစ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က ခိုင်လုံသောသက်သေအထောက်အထား တင်ပြရမည်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားမဖြစ်ကြောင်းကို တင်ပြရမည်ဖြစ်ကြောင်း၊ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ဥပဒေနှင့်အညီသာ စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးအား ပြည်နယ်ကော်မရှင်အဖွဲ့ခွဲမှပယ်ချခဲ့၍ ကော်မရှင်သို့ အယူခံခဲ့ခြင်းကိုစိစစ်ပြီး ရွေးချယ်ခံခွင့်ပြုခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ပယ်ချခဲ့သည့် ၉၆ ဦးကို ဆုံးဖြတ်ချက်မှားယွင်းမှုမရှိစေရန် ပြန်လည်စိစစ်သုံးသပ်ခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၁၀၉ ဦးအနက် ၇၅ ဦးသာ ပယ်ချခြင်းခံရသဖြင့် ၁. ၂၁ % သာ ဖြစ်ပါကြောင်း။

ကြိုတင်မဲပေးခြင်းကို လေ့လာကြည့်ရှုခွင့်နှင့်စပ်လျဉ်း၍ မဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းနှင့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းကို ဥပဒေပြဋ္ဌာန်းချက်များဖြင့် ရှင်းလင်းပြောကြားပြီး ပွင့်လင်းမြင်သာမှုရှိအောင် နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကို ပြင်ဆင်၍ CSO များ၊ နိုင်ငံရေးပါတီများသို့ချပြပြီး အားနည်းချက်ရှိက အကြံပြုရန် ရယူဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေ နည်းဥပဒေများကိုသိရှိပြီး လိုက်နာ၊ အကာအကွယ်ယူပါက ကြိုတင်မဲပေးခြင်းအပေါ် သံသယဖြစ်ဖွယ်မရှိပါကြောင်း။

မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရေဘေးသင့်ဒေသများသာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲစာရင်းတွင် ပါရှိသူအားလုံးကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ မဲပေးရာတွင် လွယ်ကူလျင်မြန်စေရန်၊ သက်သေခံကတ်များ ပျောက်ဆုံးပါကလည်း မဲပေးနိုင်ရန်နှင့် နောင်ရွေးကောက်ပွဲများအတွက် မှန်ကန်သော မဲစာရင်းပြုစုနိုင်ရန် ရည်ရွယ်ချက်(၃)ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲဆန္ဒရှင် သက်သေခံလက်မှတ် ပျောက်ဆုံးသော်လည်း မဲစာရင်းတွင်ပါရှိက အခြားသက်သေခံကတ်တစ်ခုခု ပြနိုင်လျှင် မဲပေးနိုင်ကြောင်း။

IDPs Camp များ၌ ရောက်ရှိနေသူများ မဲပေးခွင့်နှင့်စပ်လျဉ်း၍ IDPs Camp များတွင် သက်ဆိုင်ရာ Camp အလိုက် ရောက်ရှိနေသူများ အမည်စာရင်းရှိကြောင်း၊ ဂင်းစာရင်းများအနက် အသက်(၁၈)နှစ်ပြည့်ပြီးသော ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်း

**မိုးညို စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာလ တတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ ရွေးကောက်ပွဲကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်လွင်က ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရဲတပ်ဖွဲ့မှ လုံခြုံရေး ဆောင်ရွက်မည့် အစီအမံများအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုးပြီး ပိုးမွှားကျရောက်မှု ရှိ မရှိ ကွင်းဆင်းစစ်ဆေး

**အုတ်ဖို စက်တင်ဘာ ၂၂**

အုတ်ဖိုမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသောလယ်မြေ ၃၈၅၃ ဧက၌ အရန်ပျိုးများဖြင့် ပြန်လည်စိုက်ပျိုးပြီးဖြစ်သည်။

အဆိုပါလယ်မြေများ၌ ပိုးမွှားကျရောက်မှု ရှိ မရှိကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်သီးနှံကာကွယ်ရေးတာဝန်ခံများ၊ ကွင်းတာဝန်ခံများက ကျပ်ချောင်းကျေးရွာအုပ်စု ညောင်ပင်အိုင်ကျေးရွာ ကွင်းအမှတ်(၈၅၂)၌ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

■ *ကျော်ဖုံးမှ*

လုပ်သားအင်အား အရန်သင့်ရရှိနိုင်သည့်နေရာ၌ သီလဝါအထူးစီးပွားရေးဇုန်က တည်ရှိနေသည်။ သီလဝါအထူးစီးပွားရေးဇုန်၌ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများ တည်ဆောက်လည်ပတ်ရန်အတွက် ကာယဉာဏလုပ်သားများကို ခေါ်ယူလျက်ရှိနေသည်။

ထို့ကြောင့် အလုပ်သမားများ အလုပ်ကိုင်ရရှိစေရန် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နေသည့် Myanmar-Japan Thilawa Development Ltd. (MJTD) မှ လူမှုဆက်ဆံရေးအရာရှိ ဒေါ်အိအိခိုင်နှင့် အလုပ်သမားများ ခေါ်ယူနေသည့် စက်ရုံများအနက်မှ တစ်ခုဖြစ်သည့် Koyorad Myanmar Corporation Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာတို့နှင့် မြန်မာ့သတင်းစဉ်ပြည်တွင်းက တွေ့ဆုံမေးမြန်းခဲ့သည်။



ဒေါ်အိအိခိုင် (လူမှုဆက်ဆံရေးအရာရှိ၊ MJTD ကုမ္ပဏီ)

**မေး ။ အစ်မအနေနဲ့ သီလဝါအထူးစီးပွားရေးစက်မှုဇုန်မှာ ဘာတာဝန်ယူပြီး ဘယ်လိုလုပ်ငန်းတွေ လုပ်ဆောင်ရသလဲဆိုတာ ပြောပြပေးပါ။**

ဖြေ ။ ကျွန်မက Myanmar-Japan Thilawa Development Ltd.(MJTD) ကုမ္ပဏီမှာ လူမှုဆက်ဆံရေးအရာရှိ(CRO)အဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ MJTD ဆိုတာ မြန်မာ-ဂျပန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီပါ။ လူမှုဆက်ဆံရေးအရာရှိတစ်ယောက်အနေနဲ့ အဓိကက သီလဝါပရောဂျက် အနီးဝန်းကျင်က ရွာတွေက အလုပ်လုပ်နိုင်တဲ့ သူတွေအတွက် အလုပ်အကိုင်တွေရရှိအောင် ဆောင်ရွက်ပေးရတယ်။ နောက်ကုမ္ပဏီရဲ့ လျှော့ဒါန်းမှုကိစ္စတွေကို စီစဉ်ပေးရတယ်။

**မေး ။ လက်ရှိ သီလဝါအထူးစီးပွားရေးဇုန်ထဲမှာ ကုမ္ပဏီဘယ်နှခုလောက်က အလုပ်သမားတွေ စတင်ခေါ်ယူနေပြီလဲ။ အရေအတွက်ရော ဘယ်လောက်ရှိပြီလဲ။**

ဖြေ ။ ဆောက်လုပ်နေဆဲ စက်ရုံတွေမှာတော့ ဆောက်လုပ်ရေးလုပ်သား ၂၀၀၀ လောက်က လုပ်ကိုင်နေပါတယ်။ လုထိုင်းအထည်ချုပ်စက်ရုံက အခုဝန်ထမ်း ၁၀၀ ကိုပညာသင်ကာလအဖြစ် သုံးလလေ့ကျင့်ပေးနေတယ်။ နောက် ဂျပန်မှ Koyorad ကုမ္ပဏီကအထွေထွေလုပ်သား ၁၀၀ ခေါ်ယူထားတယ်။ စက်ရုံက အခုစက်တွေဆင်နေတုန်းပဲရှိသေးတယ်။ နောက် Showa ဂျပန်လက်အိတ်စက်ရုံက စက်ရုံကို ၂၀၁၆ ဖေဖော်ဝါရီမှာ လည်ပတ်မှာဖြစ်ပေမယ့် ဝန်ထမ်းအမျိုးသမီး ၁၃ ဦးကို ဒေသခံရွှေ့ပြောင်းခဲ့ရတဲ့ ရွာတွေက နေခေါ်ယူပြီး ဗီယက်နမ်မှာရှိတဲ့ သူတို့ရဲ့စက်ရုံမှာ သင်တန်းကာလသုံးလသင်ကြားပေးလိမ့်မယ်။ ဒီမှာထပ်ခန့်မယ့် ဝန်ထမ်းတွေကို သူတို့က ပြန်သင်ပေးရမယ်။ နောက် ဒီမှာအင်ဂျင်နီယာဘွဲ့ရရှိထားတဲ့ သူတွေကိုဆိုလည်း စက်ရုံမစခင်မှာ ခေါ်ယူမှုတွေများတယ်။ နောက်အချိုရည်သံဘူးတွေလုပ်တဲ့ ကုမ္ပဏီကလည်း အလုပ်သမား ၄၀ လောက်ကို တရုတ်မှာ ရှိနေတဲ့သူတို့ရဲ့ စက်ရုံမှာသင်တန်းလေးလလောက်ပေးနေပြီလို့ ကြားသိထားရတယ်။ ဒီဒေသကလူတွေမှာ သူတို့နဲ့သင့်တော်တဲ့ အလုပ်အကိုင်တွေ ရသွားမယ်လို့ ကျွန်မထင်တယ်။

**မေး ။ အစ်မတို့အနေနဲ့ ဒေသခံတွေကို ဦးစားပေးခေါ်ယူတယ်ဆိုတော့ အခြားဒေသက လာလုပ်တဲ့ အလုပ်သမားတွေရောရှိပါသလား။**

ဖြေ ။ အခုလောလောဆယ်မှာတော့ သန်လျင်၊ကျောက်တန်းဝန်းကျင်မှာနေထိုင်သူတွေကို ဦးစားပေးခန့်အပ်တယ်။ အထူးစီးပွားရေးဇုန်ဆိုတော့ ပရောဂျက်ကြီးတယ်။ အလုပ်သမားတွေ အများကြီးလိုတယ်။ ဒီဝန်းကျင်နဲ့ မလုံလောက်တော့ရင် ဒလဘက်အခြမ်း၊ တောင်ဒဂုံဘက်တွေကနေထပ်ပြီးခေါ်ယူမယ်။ နောက်တစ်ခုက သီလဝါစီးပွားရေးဇုန်ထဲမှာပဲ ဝန်ထမ်းတွေ နေထိုင်ဖို့ အဆောင်တွေဆောက်နေပြီ။ တခြားမြို့ရွာက ဝန်ထမ်းတွေလည်း ဒီမှာလာပြီးအလုပ်လုပ်ရင် အဆင်ပြေအောင်လို့ပါ။ အခုဆောက်လုပ်ရေးလုပ်ငန်းတွေထဲမှာ အညာဘက်တို့၊ လှိုင်သာယာဘက်တို့ကနေလည်း လာပြီးလုပ်နေကြပြီ။

**မေး ။ အထူးစီးပွားရေးဇုန်ကနေ အလုပ်သမားတွေကို ဘယ်လိုပုံစံမျိုးတွေနဲ့ခေါ်ယူတယ်ဆိုတာ ပြောပြပေးပါ။**

ဖြေ ။ အလုပ်လိုချင်တဲ့သူတွေကို သတင်းစာထဲကနေ ကြော်ငြာတယ်။ ကုမ္ပဏီတွေက လက်ကမ်းစာစောင်တွေနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကနေ တစ်ဆင့် ကြေညာတယ်။ ဈေးတွေ၊ လမ်းဆုံတွေ လူစည်ကားတဲ့နေရာတွေမှာ လက်ကမ်းစာစောင်တွေဝေပြီး အလုပ်သမားခေါ်စာတွေဝေတယ်။ နောက် ကျွန်မတို့ MJTD ကလည်း အလုပ်သမားခေါ်မယ့် ကုမ္ပဏီတွေနဲ့ ဆက်သွယ်ထားတယ်။ အလုပ်လိုချင်တဲ့ သူတွေကို အလုပ်ခေါ်နေတဲ့ ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးတယ်။ အလုပ်လိုချင်တဲ့သူတွေက သူတို့ရဲ့ကိုယ်ရေးရာဇဝင်နဲ့ ဖုန်းနံပါတ်ကို သီလဝါမှာရှိတဲ့ ကျွန်မတို့ရဲ့ MJTD ရုံးမှာ တင်နိုင်တယ်။ နောက် အလုပ်သမားရုံးတွေမှာလည်း တင်နိုင်သလို အလုပ်ခေါ်တဲ့ကုမ္ပဏီတွေက သတ်မှတ်ထားတဲ့နေရာတွေမှာလည်း လျှောက်ထားနိုင်ပါတယ်။



Takuma Ejiri (မန်နေဂျင်းဒါရိုက်တာ Koyorad Myanmar Corporation Co.,Ltd.)

**မေး ။ Takuma Ejiri တို့ စက်ရုံအနေနဲ့အလုပ်သမားတွေကို ဘယ်လိုရွေးချယ်သလဲ။ မြန်မာအလုပ်သမားဘယ်နှယောက်လောက်ကို ခေါ်ယူဖို့ အစီအစဉ်ရှိပါသလဲ။**

ဖြေ ။ အင်ဂျင်နီယာတွေကို ခေါ်ယူတဲ့အခါမှာ သင်္ချာနဲ့ပတ်သက်တဲ့ စိတ်ကူးကောင်းရှိသူတွေကို စစ်ဆေးပြီးခေါ်ယူတယ်။ ကားရဲ့အစိတ်အပိုင်း ရေဒီရေတာ (ကားရေတိုင်ကီ) ထုတ်မယ်။ လူ ၇၀၀ လောက် ခေါ်ယူဖို့ရှိတယ်။ နိုဝင်ဘာမှာစပြီး လည်ပတ်မယ်။ အစောပိုင်းမှာလူ ၅၀ လောက်ကို အလုပ်ခေါ်မယ်။

**မေး ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စဉ်းစားရာမှာ ဘာကြောင့် သီလဝါအထူးစီးပွားရေးဇုန်ကို ရွေးချယ်တာလဲ။**

ဖြေ ။ ဒါက မြန်မာမှာ ပထမဆုံးအဆင့်မီစက်မှုဇုန်လို့ပြောလို့ရတယ်။ လျှပ်စစ်ဓာတ်အားပုံမှန်ရတာက ကျွန်တော့်ကို စက်ရုံလုပ်ကိုင်ဖို့ ဆွဲဆောင်တယ်။ အာရှမှာဆိုရင် အင်ဒိုနီးရှားနဲ့ တရုတ်မှာလည်း စက်ရုံတွေရှိတယ်။ ဒီနိုင်ငံတွေက အတွေ့အကြုံတွေကို သီလဝါမှာ အသုံးချပါမယ်။ တာဝန်ယူမှုရှိတဲ့ စက်မှုလုပ်ငန်းတစ်ခုဖြစ်လာဖို့လည်း ကျွန်တော်တို့ရဲ့ လူသားအရင်းအမြစ်ဌာနကနေ ဆောင်ရွက်ဖို့ အစီအစဉ်တွေရှိတယ်။

ဒါက မြန်မာနဲ့ ဂျပန်အစိုးရကြားက စီမံကိန်းအကြီးကြီးတစ်ခုပဲဖြစ်တယ်။ နောက် ဒီစီးပွားရေးဇုန်ထဲမှာ ဂျပန်စက်ရုံအမြောက်အမြားက ရင်းနှီးမြှုပ်နှံထားတယ်။ တစ်ဝက်က ဂျပန်ရဲ့ ရင်းနှီးမြှုပ်နှံမှုပဲ။ နောက် သီလဝါစီးပွားရေးဇုန်ကို ကုန်ပစ္စည်းတွေ တင်သွင်းရင်လည်း အကောက်ခွန်ကင်းလွတ်ခွင့်ရတယ်။ ရေ၊ မီး၊ အင်တာနက် ကွန်နက်ရှင်ကအစ အဆင်ပြေတယ်။ မြေဈေးကတော့ တရုတ်တို့ အင်ဒိုတို့ထက်စာရင် ဈေးပိုပါတယ်။

**မေး ။ သီလအဝါ အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ဝေဖန် အကြံပြုချက်ပေးရမယ်ဆိုရင် ဘယ်လိုအကြောင်းအရာမျိုးကို အကြံပြုချင်လဲ။**

ဖြေ ။ အထွေထွေလုပ်သားခေါ်ယူမှုနဲ့ ပတ်သက်ပြီး အကြံပြုချင်တယ်။ ကျွန်တော့်ရဲ့ မန်နေဂျာကို သီလဝါဝန်းကျင်မှာနေထိုင်တဲ့ အထွေထွေလုပ်သားလူ ၁၀၀ လောက် ခေါ်ယူဖို့ ဒီအနီးဝန်းကျင်မှာ ကြေညာခိုင်းတယ်။ ကြော်ငြာစာတွေကပ်တယ်။ လက်ကမ်းစာစောင်တွေဝေတယ်။ စစချင်းလာလျှောက်တာ လူသုံးယောက်လောက်ပဲရတယ်။ ကျွန်တော်တို့က ဒီအနီးဝန်းကျင်က အလုပ်သမားတွေကို အလုပ်ခန့်ချင်တယ်။ တဖြည်းဖြည်းနဲ့တော့ လာလျှောက်သူတွေ တိုးလာပါတယ်။ ဒါကြောင့် သီလဝါစီးပွားရေးဇုန်မှာ အလုပ်တွေ ခေါ်နေတယ်။ အလုပ်တွေ လျှောက်ထားလို့ရတယ်ဆိုတာကို အလုပ်လိုချင်တဲ့ သူများများသိလာအောင်၊ စိတ်ဝင်စားလာအောင် မြန်မာအစိုးရနဲ့ သက်ဆိုင်ရာတွေက ကူညီပေးစေချင်တယ်။

# နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ မှုခင်းရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၂**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ယနေ့နံနက် ၁၀ နာရီက မှုခင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး၏စီစဉ်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင် ၁၅ ဦးက နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းခဲ့သည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ မှုခင်းရဲတပ်ဖွဲ့မှ ဒုတိယမှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်အေး၊ စီမံရေးနှင့်အုပ်ချုပ်ရေးဌာနမှူး ရဲမှူးကြီး ရဲမြင့်နှင့်အရာရှိကြီးများက ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့်တပ်ဖွဲ့ဝင်များကို အာဟာရပြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးသည်။

**တင်ထွန်းအောင်**

# စက်တင်ဘာ ၂၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆၅၀၀ မှ ၅၀၅၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၄၅၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၁၅ မှ ၂၄၂၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀ မှ ၁၁၀၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၄၀ မှ ၂၅၇၀ |
| ၁၁ | ကြက်သွန်ဖြူ | အောင်ပန်း၊ တောင်ကြီး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၃၄၀၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၅၀ မှ ၇၇၀ |
| ၁၃ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀ မှ ၃၀၀ |
| ၁၄ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၈၀၀ |
| ၁၅ | သရက်သီး(ရင်ကွဲ) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၅၀၀၀ |
| ၁၆ | သြဇာသီး | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# မြန်မာ-ထိုင်းချစ်ကြည်ရေး စိုက်ပျိုးရေး သမဝါယမထုတ်ကုန်ဆိုင်ရာ ဈေးရောင်းပွဲတော်ကျင်းပ

**မြဝတီ စက်တင်ဘာ ၂၂**

နယ်စပ်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ စီးပွားရေးနှင့် နှစ်နိုင်ငံအကြား Social Business ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ-ထိုင်းချစ်ကြည်ရေး၊ စိုက်ပျိုးရေးသမဝါယမ ထုတ်ကုန်ဆိုင်ရာ ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြဝတီခရိုင်နှင့် တာ့(ခ်)ခရိုင်တို့မှ ကျောင်းသူလေးများက အကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး တာ့(ခ်)ခရိုင် သမဝါယမအသင်းဥက္ကဋ္ဌက အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာ့(ခ်)ခရိုင် အုပ်ချုပ်ရေးမှူးတို့က အဖွင့်အမှာစကားများ ပြောကြားပြီး ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် မြန်မာနိုင်ငံသမဝါယမအသင်းစုများနှင့် လုပ်ငန်းရှင်များဆိုင်ခန်း ၁၄ ခန်း၊ ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်မှ သမဝါယမအသင်းစုနှင့် လုပ်ငန်းရှင်များဆိုင်ခန်း ၂၀ စုစုပေါင်း ၃၄ ခန်းဖြင့် ဖွင့်လှစ်ပြသရောင်းချသွားမည်ဖြစ်ပြီး နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ရေထွက်ကုန်များပါဝင်သည့် စားသောက်ကုန်များ၊ ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ သစ်တောထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များ၊ မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို စက်တင်ဘာ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# မြန်မာအသင်းနောက်ဆုံးပွဲ၌ နိုင်ပွဲယူ ဗီယက်နမ်အသင်း တတိယအဆင့်ခြေစစ်ပွဲတက်ရောက်

**မန္တလေး စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၆ အိုလံပစ်အမျိုးသမီး ဘောလုံးပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက မန္တလာသီရိကွင်း၌ ကျင်းပရာ ဗီယက်နမ်အသင်းတတိယ အဆင့် ခြေစစ်ပွဲသို့ တက်ရောက်သွားသည့် နောက်ဆုံးပွဲတွင် မြန်မာအသင်း ကတရုတ်(တိုင်ပေ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။**(အောက်ပုံ)**

မြန်မာအသင်းမှာ ခြေစစ်ပွဲ အောင်မြင်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း ဂုဏ်သိက္ခာပိုင်းအရ နိုင်ပွဲရယူခဲ့သည်။ တရုတ်(တိုင်ပေ) အသင်းမှာ ယခုပွဲ အနိုင်ရရှိလျှင် နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်သော်လည်း မြန်မာအသင်းကို ရှုံးနိမ့်ခဲ့၍ မျှော်လင့်ချက်များ အဆုံးသတ်ခဲ့ရသည်။ ယင်းအတွက်ကြောင့် ထိုင်းကို အနိုင်ကစားထားသည့် ဗီယက်နမ်အသင်းမှာ ရမှတ်ကိုးမှတ်ဖြင့် တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်သွားခဲ့သည်။

မြန်မာအသင်းအတွက် ဂိုးများကို ၆၆ မိနစ်တွင် ခင်မိုးဝေ၊ ၇၈ မိနစ်တွင် သန်းသန်းထွေး၊ ၈၃ မိနစ်တွင် ရီရီဦး ကန်ချက် တိုင်ပေနောက်ခံလူနှင့်ထိကာ ဂိုးရရှိခဲ့သည်။ တိုင်ပေအတွက် ပွဲပြီးခါနီး၌ လီစုချင်က သွင်းယူပေးသည်။

ပထမပွဲတွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နိုင်ပွဲဆက်နေသည့် ဗီယက်နမ်အသင်းမှာ နာမည်ကြီး ထိုင်းအသင်းကို ခြေစွမ်းပြအနိုင်ယူခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို တိုက်စစ်မှူး ငုယင်သီမင်က ၄၀၊ ၈၄ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ သုံးပွဲဆက် ရလဒ်ကောင်းများရယူနိုင်ခဲ့သည့် ထိုင်းအသင်းမှာ မထင်မှတ်ပဲ ရှုံးပွဲကြုံတွေ့ကာ ဒုတိယအဆင့်ခြေစစ်ပွဲမှ ထွက်ခဲ့ရ သည်။

ဒုတိယအဆင့် ခြေစစ်ပွဲ ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ ကိုးမှတ်ဖြင့် တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ခုနစ်မှတ်စီ ရရှိခဲ့သည့် ထိုင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ ခြောက်မှတ်ရရှိသည့် မြန်မာအသင်းနှင့် လေးပွဲစလုံးရှုံးခဲ့သည့် ဂျော်ဒန်အသင်းတို့ ဒုတိယအဆင့်မှ ထွက်ခဲ့ရသည်။

သတင်း
ညီမြတ်သော်တာ
ဓာတ်ပုံ
ကြည်စိုး(MFF)



# မြို့တော်ရန်ကုန်၏ သောက်သုံးရေ အရည်အသွေးကိုမြှင့်တင်ပေးမည့် ရေသန့်စင်စက်ရုံတည်ဆောက်မည်

ဘာသာပြန်-စိန်ရင်

ရန်ကုန်မြို့တော်၏ သောက်သုံးရေအရည်အသွေးဆိုင်ရာပြဿနာများကိုဖြေရှင်းရန်အတွက် ဂျပန်နိုင်ငံ JFE Engineering က ရေသန့်စင်စက်ရုံတစ်ရုံကို ရန်ကုန်မြို့ပြင်၌ တည်ဆောက်မည်ဟုသိရသည်။

JFE Engineering မှအဖွဲ့တစ်ဖွဲ့သည် ယခုလတွင် ဂျပန်ယန်း သန်း ၄၀ ကုန်ကျမည့် အဆိုပါစက်ရုံကို စတင်ဆောက်လုပ်ရန်ရှိသည်။ ယင်းစက်ရုံကို ၂၀၁၆ ခုနှစ် အစောပိုင်းတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး အစပိုင်းတွင် သောက်ရေ ကုဗမီတာ ၂၀ ကို ဖြန့်ဖြူးပေးနိုင်မည်ဟုသိရသည်။ JFE Engineering ၏ ကြိုတင်ခန့်မှန်းချက်များအရ လာမည့်သုံးနှစ်အတွင်း ယင်းစက်ရုံမှ တစ်နေ့သောက်ရေ ကုဗမီတာ ၃၀၀၀ ကို ဖြန့်ဖြူးပေးနိုင်မည်ဟု သိရသည်။ ယင်းရေသန့်စင်စက်တွင် မြေအောက်ရေမှ အညစ်အကြေးများကိုဖယ်ထုတ်ရန် reverse osmosis အဖုံးများကို တပ်ဆင်အသုံးပြုမည်ဖြစ်သည်။ JFE Engineering အနေဖြင့် ရေထဲရှိအမှုန်အမွှား၊ ဆားဓာတ်၊ သတ္တုဓာတ်ပါဝင်မှုများကိုလည်း စမ်းသပ်စစ်ဆေးမည်ဖြစ်သည်။

ရန်ကုန်မြို့တော်နေပြည်သူငါးသန်းမှာ သောက်ရေကိုကျိုချက်ပြီး(သို့) အခြားနည်းဖြင့် သန့်စင်၍ သောက်သုံး နေကြရသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် JFE Engineering နှင့် သဘောတူညီချက်ရရှိကာ သောက်သုံးရေသန့်ရှင်းရေးကို သုတေသနပြုဆောင်ရွက်လျက်ရှိသည်။

Nikkei Asian Review မှ Japan's JFE Engineering targets Yangon's Water quality woes ကို ဘာသာပြန်ဆိုသည်။

နိုင်ငံတကာသတင်း

# အီဂျစ်ရဲအရာရှိချုပ် ဆိုင်းနိုင်းတွင် ပစ်သတ်ခံရ

**ကိုင်ရို စက်တင်ဘာ ၂၂**

အမည်မသိ စစ်သွေးကြွများက အီဂျစ်ရဲချုပ်ကို ဆိုင်းနိုင်းမြောက်ပိုင်းမြို့တော် အာရစ်တွင် စက်တင်ဘာ ၂၀ ရက် စောစောပိုင်းက ပစ်သတ်ခဲ့ကြောင်း လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်များက ပြောခဲ့သည်။

အသက် ၄၇ နှစ်ရှိ အာမက် အက်ဒယ်ဆာတားသည် ဒုတိယရဲအရာရှိချုပ်ဖြစ်ကာ ၎င်းသည် ဆိုင်းနိုင်းပြည်နယ် မြောက်ပိုင်းတွင် လွန်ခဲ့သော သုံးရက်က သေဆုံးခဲ့သည်။

သတ်ဖြတ်လုပ်ကြံသူများသည် တိုက်ခိုက်မှုပြုလုပ်ပြီးနောက် အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးသွားကြကြောင်း လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်က ပြောခဲ့သည်။

ဗုဒ္ဓဟူးနေ့ ညနေကလည်း အခြား ရဲအရာရှိချုပ်တစ်ဦးဖြစ်သူ ခါလက်ဒ်ကာမယ်လ် အော်စမန်သည် ရဲတပ်ဖွဲ့ကို စစ်ဆေးနေစဉ် ကားတစ်စီးပေါ်မှ ချောင်းမြောင်းပစ်ခတ်လုပ်ကြံခြင်းကြောင့် သေဆုံးခဲ့ရသည်။

၎င်းသေဆုံးခြင်းမှာ ဆိုင်းနိုင်းပြည်နယ်ရှိ အိုင်အက်စ်စစ်သွေးကြွများနှင့်တွဲဖက်ဖြစ်သော ဂျီဟတ်များ၏လက်ချက်ဖြစ်မည်ဟုယူဆရသည်။

လူထုက အစ္စလာမ္မစ်သမ္မတ မိုဟာမက် မော်စီ၏ အုပ်ချုပ်မှုကို ဆန္ဒပြခဲ့သောကြောင့် တပ်မတော်က ယင်းသမ္မတကို ၂၀၁၃ ခုနှစ်တွင် ဖြုတ်ချလိုက်ကတည်းက တပ်မတော်နှင့် ရဲတပ်ဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်သော စစ်သွေးကြွတိုက်ခိုက်မှုများ အီဂျစ်နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သည်။

သမ္မတမော်စီထောက်ခံသူများကို အစိုးရက ပြင်းပြင်းထန်ထန်တိုက်ခိုက်ဖြိုခွင်းခဲ့ရာတွင် ကျဆုံးခဲ့သည့် ညီအစ်ကိုတော်များအတွက် လက်စားချေသည့်အနေဖြင့် စစ်သွေးကြွများက လုံခြုံရေး ရာကျော်ကို သုတ်သင်ခဲ့သည်။

အီဂျစ်တပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများကို အမြစ်ပြတ်ချေမှုန်းရန် ဆိုင်းနိုင်းရှိ ၎င်းတို့ပုန်းအောင်း နေထိုင်ရာ နေရာများကို ဦးတည်၍ စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။

**(ဆင်ဟွာ)**

# ဘော်နိုပြည်နယ်တွင် ဗုံးများဆက်တိုက်ပေါက်ကွဲ

**မိုင်ဒူဂူရီ စက်တင်ဘာ ၂၂**

နိုင်ဂျီးရီးယားအရှေ့မြောက်ဘက် ဘော်နိုပြည်နယ်၌ စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက ဗုံးများ အဆက်မပြတ်ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၈၀ သေဆုံးခဲ့ပြီး ၁၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ရဲများနှင့် မျက်မြင်သက်သေများက စက်တင်ဘာ ၂၁ ရက်က ပြောကြားခဲ့သည်။

အဆိုပါ ပြည်နယ်သည် ဘိုကိုဟာရမ်စစ်သွေးကြွများစတင်ပေါက်ပွားရာ မွေးရပ်မြေပမာဖြစ်နေပြီး သမ္မတ မူဟာမဒူဘူဟာရီသည် မေ ၂၉ ရက်က တာဝန်ကို စတင်ထမ်းဆောင်ခဲ့စဉ်ကတည်းက လူ ၈၀၀ ကျော်ကို စစ်သွေးကြွအုပ်စုများက သတ်ဖြတ်ခဲ့ကြကြောင်း သိရသည်။ မြို့တော် မိုင်ဒူဂူရီ၌ ဒေသစံတော်ချိန် ညနေ ၇ နာရီခွဲက ဗုံးသုံးလုံးဆက်တိုက်ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၅၄ ဦး သေဆုံးပြီး ၉၀ ဒဏ်ရာရရှိခဲ့ကြသည်။ နောက်ထပ်နှစ်နာရီကြာပြီးနောက် မွန်ဂူနိုမြို့ဈေးနှင့် ၁၃၅ ကီလိုမီတာ ကွာဝေးသော စစ်ဆေးရေးဂိတ်တစ်ခုတွင် ဗုံးနှစ်လုံးပေါက်ကွဲခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုတွင် လူ ၂၇ ဦး သေဆုံးခဲ့ပြီး ၆၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

## အမည်ဖြည့်စွက်

မင်းပြားမြို့နယ်၊ စွန်ရဲကျေးရွာနေ ဦးသိန်းမောင်၏သား ဦးထွန်းစိုး ၁၁/မပန(နိုင်)၀၅၆၁၁၄ အား ဦးထွန်းစိုး(ခ)ဦးထွန်းလှဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **ဦးထွန်းစိုး (ခ) ဦးထွန်းလှ**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ မိုးမောက်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မစင်အိအိသိန်းအား ယနေ့မှစ၍ မခင်စန်းယဉ်ဟု ပြောင်းလဲခေါ်ပါရန်။ **ဦးအောင်နိုင် မိုးမောက်မြို့**

## ဖခင်အမည်မှန်

ရွှေနံ့သာ စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ အထက(၄)တက္ကသိုလ်ဝင်တန်း(A)မှ မသဲစုဝင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းကျော်ဝင်း ၁၀/မဒန(နိုင်)၀၅၆၉၉၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်


မကွေးတိုင်းဒေသကြီး၊ ဆောမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မမိုးမိုးစံ၏ ဖခင်အမည်မှန်မှာ ဦးသိန်းတန် ၈/ဆမန(နိုင်)၀၆၀၄၈၆ ဖြစ်ပါကြောင်း။ **ဦးသိန်းတန်**

## ဖခင်အမည်မှန်

တောင်သာ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မြင်းခြံမြို့၊ အထက(၁)မှ မအိသဥ္ဇာဖြိုး၏ မိဘအမည်မှန်မှာ ဦးကျော်လင်း-ဒေါ်ခင်ချိုဝင်း ဖြစ်ပါကြောင်း။






# ရေတာရှည်မြို့နယ်၌ မိုးကြိုးပစ်၍ သစ်ပင်ကြီးပြိုလဲ

**ရေတာရှည် စက်တင်ဘာ ၂၂**

စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာ၌ ရုတ်တရက် မိုးရွာသွန်းပြီး မိုးကြိုးပစ်ခဲ့ရာ ဦးသန်းထွန်း၏ အိမ်အနီး လူနေထိုင်ခြင်းမရှိသော နေအိမ်အနီးရှိ မန်ကျည်းပင်ကြီးကိုထိမှန်၍ သစ်ပင်များ စျေးဆိုင်ဟောင်းပေါ်သို့ လဲကျသွားခဲ့သည်။

**ကိုလွင်(ဆွာ)**



# ကန့်ဘလူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ကန့်ဘလူ စက်တင်ဘာ ၂၂**

မိုးပွင့်စီမံချက် အပိုင်း(၂)ဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူများနှင့် အထက်တန်းနှင့် အလယ်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများ မှတ်ပုံတင်ရရှိရေးအတွက် ကန့်ဘလူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဆိုင်ကယ်ပေါ်မှ အမျိုးသမီးငယ်တစ်ဦးပြုတ်ကျ

**ပခုက္ကူ စက်တင်ဘာ ၂၂**

ပခုက္ကူမြို့ ပခုက္ကူရေဝတီတံတားပေါ်၌ စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ဆိုင်ကယ်ပေါ်မှ လူတစ်ဦးပြုတ်ကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက လူတစ်ဦးပြုတ်ကျမှုဖြစ်ပွားကြောင်း သတင်းအရ ပခုက္ကူမြို့ ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှူး ဒုတိယရဲအုပ်ခင်မောင်ထွန်းက သွားရောက်စစ်ဆေးခဲ့ရာ ပခုက္ကူမြို့ဘက်မှ ညောင်ဦးမြို့ဘက်သို့ ရေဝတီတံတား (ပခုက္ကူ)လမ်းအတိုင်း ဟိန်းပြည့်စုံဝင်း (၁၇ နှစ်) ပျော့ကန်ရွာ ညောင်ဦး မြို့နယ်နေသူမောင်းနှင်ပြီး အနောက်မှ တစ်ရွာတည်းနေ မစန်းစန်းနု (၂၀ နှစ်)လိုက်ပါလာသော နံပါတ်မပါ ဆိုင်ကယ်သည် တံတားအမှတ် ၂၅/၂၆ အရောက်တွင် နောက်မှထိုင်စီးသူ မစန်းစန်းနုမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့သောကြောင့် ဒဏ်ရာများ(စိုးရိမ်ရ) ရရှိခဲ့ခြင်းဖြစ်ကြောင်း ကနဦးစစ်ဆေးချက်မှတ်တမ်းအရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# သီပေါ၌ သီတင်းကျွတ်ကာလမတိုင်မီ မီးရှူး၊ မီးပန်း၊ ပြောက်အိုးနှင့် ရှူးဒိုင်းများပစ်ဖောက်နေ

**သီပေါ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့၌ မီးရှူး၊ မီးပန်း၊ ပြောက်အိုးများနှင့် ရှူးဒိုင်းများကို သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ကာလများတွင်သာ ပစ်ဖောက်ကြသော်လည်း ယခုတွင် ထိုသို့မဟုတ်ဘဲ စက်တင်ဘာလလယ်မှစပြီး ပစ်ဖောက်နေကြသည်။

အဆိုပါ ပြောက်အိုးများသည် တစ်ဖက်နိုင်ငံက ဝင်ရောက်လာကာ ကုန်သည်အချို့က စီးပွားဖြစ်ရောင်းဝယ်ဖောက်ကားကြပြီး တရားဝင်သုံးစွဲခွင့်ပြုထားသည့် ပစ္စည်းများဖြစ်သကဲ့သို့ မိန်းမပျိုလေးများအနီးပစ်ဖောက်ခြင်းဖြင့် အထိတ်တလန့်ဖြစ်စေခြင်း၊ သက်ကြီးရွယ်အိုများအတွက် အလွန်အန္တရာယ်ရှိပြီး နှလုံးရောဂါရှိသူများမှာ ထိတ်လန့်ခြင်းကြောင့် အသက်အန္တရာယ်ပေးနိုင်ခြင်း၊ မီးရှူး၊ မီးပန်းမှတစ်ဆင့် မီးဘေးအန္တရာယ် ကျရောက်နိုင်ခြင်းစသည့် ဆိုးကျိုးကိုသာရရှိနိုင်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ကြိုတင်အသိပေးထုတ်ပြန်ချက်များ အချိန်မီထုတ်ပြန်ပေးရန် လိုအပ်ကြောင်း မြို့မိမြို့ဖတစ်ဦးက ပြောသည်။

**စိုင်း(သီပေါ)**




# တောဆင်ရိုင်း သတ်ဖြတ်သူများ ဖမ်းဆီးနိုင်ရေးဆောင်ရွက်

**ပုသိမ် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဆူးပိတ်ချောင်းလက်တက် ဆေးရိုးပင်စခန်း မြစ်တရာသစ်တောကြိုးဝိုင်းအကွက် အမှတ်(၁၄၄)၌ စက်တင်ဘာ ၂၀ ရက်က ခန္ဓာကိုယ်အစိတ်အပိုင်းများ လှီးဖြတ်ခံထားရပြီး သေဆုံးနေသော တောဆင်ရိုင်းတစ်ကောင်ကိုတွေ့ရှိရသဖြင့် တောအုပ်ဝင်းဇော်၏ တိုင်တန်းချက်အရ ငပုတောမြို့မရဲစခန်းက အမှုဖွင့်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် တောင်ကလေးရဲစခန်းမှ ရဲအုပ်ခင်မောင်ထွေး ဦးစီးသည့်အဖွဲ့၊ တောအုပ်ဦးစီးသည့်ဒေသခံများနှင့်အဖွဲ့က တပ်မတော်သားများနှင့်အတူ အခင်းဖြစ်ပွားရာနေရာ၌ အခြေပြုစုံစမ်းလျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



# မိုင်းဖြတ်မြို့၌ ဓာတ်ဆီပုံးဆီဖြည့်ရာမှ မီးလောင်မှုဖြစ်

**တာချီလိတ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့ ဝမ်ဟွေရပ်ကွက် အိမ်အမှတ်(ဝဟ/၁၆၄) အိမ်ပိုင်ရှင် ဦးစိုင်းယီတစ်ပ်၏နေအိမ်ကို ငှားရမ်းနေထိုင်သူ ဒေါ်ဝင်းသန်းသန်းနွယ်နေအိမ်၌ စက်တင်ဘာ ၂၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဓာတ်ဆီပုံးတွင်ဆီဖြည့်စဉ် အနီးရှိကလေးငယ်အား ခြင်ကိုက်နေသဖြင့် ခြင်ရိုက်ဘက်တံနှင့် ခြင်ရိုက်ရာမှ မီးစတင်ကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်ရာသို့ တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် မီးသတ်ယာဉ်တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၆ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အုတ်တိုက်သွပ်မိုးနေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး လူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



✳ *ကျောဖုံးမှ*

ထိပ်ဆုံး၌ ဦးဆောင်နေပြီး ရတနာပုံအသင်းက ၁၆ ပွဲကစား ၃၃ မှတ်၊ ကမ္ဘောဇအသင်းက ၁၇ ပွဲကစား ၃၁ မှတ်၊ မကွေးအသင်းနှင့် ဧရာဝတီအသင်းတို့က ၁၆ ပွဲကစား ၃၀ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၁၉ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၆ ပွဲကစား ၁၇ မှတ်၊ နေပြည်တော်အသင်းက ၁၇ ပွဲကစား ၁၆ မှတ်၊ ဟံသာဝတီအသင်းက ၁၇ ပွဲကစား ၁၅ မှတ်၊ ဇွဲကပင်၊ မနောမြေနှင့် ရခိုင်အသင်းတို့က ၁၇ ပွဲကစား ၁၄ မှတ်စီ ရရှိထားသည်။

**ရန်ကုန်-မကွေး**

ဆားဘီးယားနည်းပြ ဂျီဆစ်နှင့် လမ်းခွဲခဲ့အပြီး ဦးတင်မောင်ထွန်းနှင့် ပွဲထွက်လာမည့် ရန်ကုန်အသင်း၏ အနေအထားမှာ စိတ်ဝင်စားစရာကောင်းနေသည်။ အမာခံကစားသမားအချို့ မပါဝင်နိုင်သော်လည်း ရန်ကုန်အသင်း၏လူစာရင်းမှာ အင်အားတောင့်တင်းနေဆဲဖြစ်သည်။ မကွေးအသင်းမှာ ယခုနောက်ပိုင်းများတွင် ရလဒ်ပိုင်းကျဆင်းနေသော်လည်း ရန်ကုန်အသင်း၏ နည်းပြအပြောင်းအလဲကို အခွင့်အရေးအဖြစ် ရယူနိုင်ခြင်း ရှိ မရှိကို စောင့်ကြည့်ရမည်ဖြစ်သည်။

**ရတနာပုံ-ဟံသာဝတီ**

စက်တင်ဘာ ၂၇ ရက်တွင် ရှုံး/ထွက်ဗိုလ်လုပွဲကစားရမည့် ရတနာပုံအသင်းမှာ လူစုံအသုံးပြုရန် မသေချာသေးပေ။ နည်းပြသစ် ဆီမာဂျီလက်ထက်တွင် ပုံစံကောင်းရရှိနေသည့် ဟံသာဝတီအသင်းမှာလည်း တန်းဆင်းဇုန်မှ လွတ်မြောက်ရန် အမှတ်ရရှိရေး ကြိုးပမ်းမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ အိမ်ကွင်း၌ ကစားရသောကြောင့် အားထည့်ကစားနိုင်ပြီး ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပေသည်။

**မနောမြေ-ရခိုင်**

၁၄ မှတ်စီဖြင့် တန်းဆင်းဇုန်ထဲ ကျရောက်နေသည့် မနောမြေနှင့် ရခိုင်အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုက အကြိတ်အနယ် ရှိလာနိုင်ပေသည်။ အနိုင်ရသောအသင်းမှာ တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းသွားနိုင်ပြီး ခြေစွမ်းပိုင်းအရ ကွာခြားမှု မရှိသောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်နိုင်ပေသည်။


**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက**
**လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ သို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)




# ယာဉ်မဆင်မခြင်မောင်းနှင်၍ လမ်းဘေးသစ်ပင်ကိုဝင်တိုက်ပြီး ယာဉ်ပေါ်ပါ ခရီးသည်နှစ်ဦး ဒဏ်ရာရ

**ပွင့်ဖြူ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာ အရှေ့ဘက် မင်းဘူး-ပွင့်ဖြူ- စလင်း- မန္တလေး ကားလမ်းပေါ် မိုင်တိုင်အမှတ် (၃၅/၃) နှင့် (၃၅/၄) အကြား ယာဉ်မဆင်မခြင်မောင်းနှင်၍ လမ်းဘေးသစ်ပင်ကိုဝင်တိုက်သည့် ယာဉ်တိုက်မှုတစ်ခု စက်တင်ဘာ ၂၀ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး တံခွန်တိုင်မြို့နယ်နေ ဝင်းဇော်(၃၄)နှစ် မောင်းနှင်လာပြီး တံခွန်တိုင်မြို့နယ်နေသူ ယာဉ်ကြီးကြပ် ဦးလှထွန်းအောင်၊ ယာဉ်နောက်လိုက် ကိုပုနှင့် ခရီးသည် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နေသူ မသီတာစိုးတို့လိုက်ပါလာသော FUSO Express အမျိုးအစား ပန်တော်ဦး ခရီးသည်တင်ယာဉ်သည် ရှောက်တောကျေးရွာအနီး လမ်းအကွေ့၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ ထိုးကျကာလမ်းဘေးရှိ ကင်ပွန်းခါးပင်ကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ ဦးလှထွန်းအောင်နှင့် မသီတာစိုးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ဝင်းဇော်အား ပွင့်ဖြူ မြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသူများ ပြန်လည်လွှဲပြောင်းပေးအပ်

**မူဆယ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် မူဆယ်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီခန့်က တရုတ်နိုင်ငံအတွင်းပိုင်း စက်ရုံအလုပ်ရုံများတွင် လူကုန်းကူးခံရသော မြန်မာနိုင်ငံအရပ်ရပ်မှ တိုင်းရင်းသားလူငယ်များအား တရုတ်နိုင်ငံမှကယ်ဆယ်ပြီး ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို မူဆယ်မြို့ နန်းတော်ဂိတ်တွင် ပြုလုပ်ရာ မြန်မာနိုင်ငံသား အမျိုးသား ၉၀ နှင့် အမျိုးသမီး ၄၀ စုစုပေါင်း ၁၃၀ ကို စိစစ်လက်ခံခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

● *ကျောဖုံးမှ*

အမျိုးသမီး ၅၀ ကီလိုတန်း၊ ၇၀ ကီလိုတန်းတို့တွင် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အမျိုးသား ၈၀ ကီလိုတန်းတွင် မြန်မာမှ ဇော်မိုးအောင်နှင့် ဇင်မင်းစိုးတို့ ဝင်ရောက်ယှဉ်ပြိုင်ရာ ဥဇဘက်ကစ္စတန်မှ Khudayberdi Ev Alisher က ရွှေ၊ ဇော်မိုးအောင်က ငွေနှင့် ဇင်မင်းစိုးက ကြေးရရှိခဲ့သည်။ အမျိုးသား ၁၂၀ ကီလိုတန်းတွင် မြန်မာက ဇော်ဇော်အောင် ဝင်ရောက်ယှဉ်ပြိုင်ရာ မွန်ဂိုလီးယားမှ Darmmaa Tamir က ရွှေ၊ ဒုတိယငွေကို အက်စတိုနီးယားမှ Mihkel Allikmae က ရရှိခဲ့ပြီးဇော်ဇော်အောင်က တတိယကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးပေးခဲ့သည်။

(၅)ကြိမ်မြောက် ကမ္ဘာ့ရှီယွမ်ချန်ပီယံရှစ်ပြိုင်ပွဲ အမျိုးသမီး၇၀ ကီလိုတန်းနှင့် ၅၀ ကီလိုတန်း ဆက်လက်ယှဉ်ပြိုင်ရာ ၅၀ ကီလိုတန်းတွင် တရုတ်နိုင်ငံမှ Zhang Yueping က ရွှေ၊ မြန်မာနိုင်ငံမှ တင်တင်ဝင်းက ငွေနှင့် ကြည်တင်ခိုင်က ကြေးတို့ကိုလည်းကောင်း၊ ၇၀ ကီလိုတန်းတွင် မွန်ဂိုလီးယားမှ Batbaatar Khulan က ရွှေ၊ ယူကရိန်းမှ Viktoriia Sukretna က ငွေနှင့် မြန်မာနိုင်ငံမှ နှင်းနှင်းမိုးက တတိယကြေးဖြင့် ကျေနပ်ခဲ့ရသည်။

ပထမအကြိမ် အာရှရှီယွမ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့်(၅)ကြိမ်မြောက် ကမ္ဘာ့ရှီယွမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာရှီယွမ်အဖွဲ့အနေဖြင့် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ရာ ရွှေတစ်ခု၊ ငွေ ခြောက်ခုနှင့် ကြေးခုနစ်ခုတို့ ဆွတ်ခူးရရှိခဲ့ပြီး အာရှအဆင့် ၃ နှင့် ကမ္ဘာ့အဆင့် ၆ ရရှိခဲ့ကြောင်း သိရသည်။

# ဒလမြို့၌ လမ်းမီးများ ပြင်ဆင်တပ်ဆင်

**ဒလ စက်တင်ဘာ ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားအင်ဂျင်နီယာဌာနမှုစီမံမှုဖြင့် ဒလမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဇော် ကြီးကြပ်၍ ညဘက် လမ်းသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရန် ဒလနာရီစင်အဝိုင်းမှ ဒလသင်္ဘောဆိပ်အထိ ဒလ-တွံတေးလမ်းတစ်လျှောက်ရှိ ဓာတ်မီးတိုင်များတွင် ကြိုးလိမ်မီးသီးခွေ၊ မီးခေါင်း၊ မီးအုပ်ဆောင်း၊ အကိုင်းများကို လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ကရိန်းခွက်ယာဉ်ဖြင့် လဲလှယ်ပြင်ဆင်၍ လမ်းမီး တပ်ဆင်ဆောင်ရွက်နေသည်ကို စက်တင်ဘာ ၂၂ ရက်က တွေ့ရှိခဲ့ပြီး လမ်းတစ်လျှောက်တွင် လမ်းမီးအစုံ ၅၀ ခန့် ပြင်ဆင်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**


**အဘဘိုးမင်းခေါင်ပွဲသို့ ရွှေကြေးစည်**

▲ အဘထွက်ပွဲ၊ ပုပ္ပါး ညအိပ်။ **Sep 28**
▲ ပုပ္ပါး(စင်မြင့်ရွာ)၊ ပုဂံ၊ ညောင်ဦး (ရွှေဇီးခုံ)၊ ပခုက္ကူ။
▲ ပုပ္ပါး၊ ပုဂံ-ညောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့။
▲ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်ဆမ်၊ ဂူ။
▲ ပြည်ဘုရားစုံ၊ အကောက်တောင်၊ ပေါင်းတည်ရွှေဆံတော်ပွဲ (နေ့ချင်းပြန်)။ **Sep 26**

အဘပုဇော်ပွဲသီးသန့် အသွားအပြန် ၂-ရက် **Sep 29**

ပန်းဆိုးတန်း ☎ 01-240860,01-372290 ဒေါပုံ 09-49282825 ကမာကြည် 09421029191


**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန၊ တည်ဆောက်ရေး (၄)**
**လမ်းအထူးအဖွဲ့ (၂၃)**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**(၃/၂၀၁၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လမ်းအထူးအဖွဲ့(၂၃)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ကုန်-မြိတ်လမ်း (ထားဝယ်- မလွဲတောင်)အပိုင်းတွင် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | **ပစ္စည်းများပေးသွင်းရန်** | | |
| ၁။ | ဘိလပ်မြေ | ၁၇၀၅၅ အိတ် | |
| ၂။ | ခွဲကျောက်ရွယ်စုံ | ၃၉၄၈ ကျင်း | |
| ၃။ | မြစ်ကျောက်စရစ် | ၂၀၈ ကျင်း | |
| ၄။ | မြစ်သဲ | ၆၇၁ ကျင်း | |
| ၅။ | ချောင်းသဲကျောက် | ၂၅၉ ကျင်း | |
| ၆။ | ထုံးအိတ် | ၄၇၂ ကျင်း | |
| ၇။ | သံချောင်းရွယ်စုံ | ၄ တန် | |
| ၈။ | တောသစ် | ၆၈ တန် | |
| ၉။ | အုတ် | ၃၅၅၈၀ ချပ် | |
| ၁၀။ | ဒီဇယ်ဆီ(ယိုးဒယားဆီ) | ၉၀၀၀၀ ဂါလန် | |
| (ခ) | **လုပ်ငန်းပုတ်ပြတ်ဆောင်ရွက်ရန်** | | |
| ၁။ | Guard Rail | (၄ မိုင် ၂ ဖာလုံ) | |
| ၂။ | Toll Gate (အဆောက်အအုံ) | ၂ လုံး | |
| ၃။ | Weight Bridge (ကတ္တား) | ၂ စင်း | |
| ၄။ | ကတ္တရာပုံးများကို လုပ်ငန်းခွင် အရောက်သယ်ယူခြင်း | လုပ်ငန်းတစ်ရပ် | |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၉-၂၀၁၅ ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁၀-၂၀၁၅ ရက်၊ ညနေ ၄း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၆-၁၀-၂၀၁၅ ရက်၊ နံနက် ၉း၃၀ နာရီ
**နေရာ** - အမှတ် (၃၉၃)၊ လေယာဉ်ကွင်းလမ်း၊ လမ်းအထူးအဖွဲ့ (၂၃)ရုံး၊ ထားဝယ်မြို့။

အသေးစိတ်သိလိုပါက ဖုန်း-၀၅၉-၂၃၈၆၀၊ ၀၅၉-၂၃၉၂၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရေးကော်မတီ**

**ကန့်ကွက်ရန် ရှိ၊ မရှိ အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် ၇၄၊ ဒုတိယထပ်၊ ခြေရင်းခန်း(ယာ)၊ အကျယ် (၁၃×၅၅)ပေ ရေမီးအပါအဝင် တိုက်ခန်းတွင် စွဲမြဲစွာတပ်ဆင်ထားသည့် အကျိုးခံစားခွင့်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်နွယ် B.A(Law), LL.B (တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၇၆၇)**
**အမှတ် ၂၀၉၊ ဒု(ဝဲ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၃၈၈၁၃၂၊ ၀၉-၄၉၃၁၉၈၆၄**

**ပါမစ်မူရင်းပျောက်ဆုံးကြောင်း အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာဘားလားစံပြကျေးရွာ၊ ကွင်းအမှတ် (၄၉၅-A)၊ မြေကွက်အမှတ်(၂၁၄)၊ (အလျားပေ ၁၀၀ × အနံပေ ၁၂၀)ရှိ ဒေါ်ခင်စန်းရီ S/OKA-၀၅၂၁၁၅ အမည်ဖြင့် မှတ်သားတည်ရှိနေသော ပါမစ်မြေကွက်အား တရားဝင်စာချုပ်များအဆင့်ဆင့်ချုပ်ဆို၍ ဝယ်ယူပြီး၊ လက်ရှိပိုင်ဆိုင်ထားရှိသူ ဒေါ်ချိုချိုစိုး ၁၂/မရက(နိုင်)၀၈၁၃၂၅ နှင့် ၄င်း၏မိတ်ဆွေ ဦးကျော်သူဆွေ ၁၂/စခန(နိုင်)၀၀၇၁၇၁ တို့ထံမှ ဒေါ်မြပုလဲဖြူ ၁၁/ရဗန(နိုင်)၀၀၀၈၅၇ က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားစဉ် အဆိုပါမြေကွက်၏ ဒေါ်ခင်စန်းရီ S/OKA-၀၅၂၁၁၅ အမည်ဖြင့် မှတ်သားတည်ရှိနေသော ပါမစ်မူရင်းနှင့် ဆက်စပ်စာချုပ်မူရင်းများအားလုံးတို့မှာ ရောင်းချသူ၏လက်ဝယ်တွင်ရှိစဉ် ပျောက်ဆုံးသွားပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနတွင် ပါမစ်မူရင်းလျှောက်ထားလျက်ရှိပါကြောင်း အဆိုပါ ပါမစ်မူရင်းနှင့် စာချုပ်မူရင်းများကို ပျက်ပြယ်ပြီးသော ပါမစ်နှင့် စာချုပ်များအဖြစ် သတ်မှတ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ LL.B (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန် (၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၂၅၄၅၁၄၆၈၂၊ ၀၉-၅၀၃၇၈၇၅**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**အလုပ်ပိတ်ရက်ကြော်ငြာ**

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက် (ဘက္ကရီအီးဒ်နေ့) တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်**
**ကုန်ကြမ်းစက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများကို အောက်ပါအတိုင်း ပြည်တွင်း(ကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) Woodfree Paper (70 gsm) Reel
(၁) 28¼" 1700 MT
(၂) 40" 300 MT

၂။ အိတ်ဖွင့်တင်ဒါများကို ၂၃-၉-၂၀၁၅ရက်မှ ၃၀-၉-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၉-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများဝယ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

# ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သည့် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ မြင်းမူမြို့၌ဖွင့်

**မြင်းမူ စက်တင်ဘာ ၂၂**



စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အောင်ဇေယျရပ်ကွက်ရှိ (၁၆ ) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက်က အဆိုပါ တိုင်းရင်းဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်နှင့် မြို့မိမြို့ဖ ဦးသိန်းဆွေတို့က (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး တိုင်း ဒေသကြီးဝန်ကြီး ချုပ်ဦးသာအေးက (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ဆေးရုံအုပ်ကြီး ဦးနေအောင်က "ဖွင့်ပွဲ မတိုင်မီကတည်းက တိုင်းရင်းဆေးရုံမှာ ဒေသခံပြည်သူများကို ဆေးကုသမှုပေးလျက်ရှိပါတယ်။ အခုဆိုရင် တိုင်းရင်းဆေးရုံကြီးမှာ OPT အနေနဲ့ တစ်ရက်ကို ၂၅ ဦးခန့် ဆေးကုသပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဆေးရုံတက်လူနာကတော့ ၁၆ ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိပါတယ်။ ရှေ့ဆက်ပြီး တိုင်းရင်းဆေးရုံ ဝန်ထမ်းများက တိုင်းရင်းဆေးပညာနဲ့ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ မြင်းမူမြို့ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံသံကူကွန်ကရစ် တစ်ထပ် အဆောက်အအုံကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၁၅ ဒသမ ၈ သန်းဖြင့် လည်းကောင်း၊ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂၉ ဒသမ ၅ သန်းဖြင့် လည်းကောင်း ငွေယမင်းဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

## လျှပ်တစ်ပြက်ရေကြီးခြင်း ဘေးအန္တရာယ်သရုပ်ပြလေ့ကျင့်

**လှိုင်ကော် စက်တင်ဘာ ၂၂**

ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ်ရှိ ဘုရားနီကျေးရွာတွင် လျှပ်တပြက်ရေကြီးခြင်း ဘေးအန္တရာယ်သရုပ်ပြလေ့ကျင့်ခန်းကို စက်တင်ဘာ ၁၉ ရက်က ဘုရားနီကျေးရွာတွင် ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး ဘုရားနီကျေးရွာမှ အိမ်ခြေ ၁၃၈ လုံး၊ အိမ်ထောင်စု ၁၂၉ စု လူဦးရေ ၆၉၉ ဦးတို့ကိုစုစည်းပြီး ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်များ ဖြင့် သယ်ဆောင်ကာ ဘုရားနီကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးခြင်း၊ လူဦးရေ စာရင်းများ ကောက်ယူခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဟောပြောဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဝက်သည်းကန်သို့ ငါးသားပေါက်များထည့်

**စလင်း စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ဝက်သည်းကန်ကြီးသည် ယခင်နှစ်က မိုးနည်းပြီး ရေများခန်းခြောက်ကာ ငါးမျိုးစိတ်အများအပြား သေဆုံးခဲ့ရာ စက်တင်ဘာ ၂၀ ရက်က ပွင့်ဖြူငါးလုပ်ငန်းဦးစီးဌာနမှ ဝက်သည်းကန်ကြီးအတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးမျိုးစိတ်ကောင်ရေ ၅၀၀၀ ကို ထည့်သွင်းပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ပြည်သူများလက်ဝယ်အရောက် ကျေးရွာမြေငှားဂရန်များ ပေးအပ်

**နမ့်စန်(တောင်) စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် မက်မွန်မွန်းကျေးရွာအုပ်စု အမှတ်(၂) ကျေးရွာ၏ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က အမှတ်(၂) ကျေးရွာ သဒ္ဒမ္မရံသီ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ထို့နောက် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာမြေငှားဂရန် ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရနှင့် အဖွဲ့ဝင်များက မြေငှားဂရန်များကို အိမ်ထောင်စုအလိုက် ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ရာ စုစုပေါင်း အိမ်ထောင် ၈၈ စု အတွက် မြေငှားဂရန် ၈၈ စောင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုသင်တန်းဖွင့်

**ဝါးခယ်မ စက်တင်ဘာ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ဖွင့်လှစ်သော မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ စီမံခန့်ခွဲမှုသင်တန်းကို စက်တင်ဘာလ တတိယပတ်က ဝါးခယ်မမြို့ ရွှေခယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီမံကိန်းဝင်ကျေးရွာ ၄၉ ရွာမှ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ချစ်ကြည်ရေးဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှ လက်ရွေးစင် ဘောလုံးသမားဟောင်းများနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ လက်ရွေးစင်ဘောလုံးသမားဟောင်းများ၏ ချစ်ကြည်ရေးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်က တောင်ငူမြို့ ကေတုမတီဘောလုံးအားကစားကွင်း၌ ကျင်းပရာ ဒေသခံ ဘောလုံး အားကစားဝါသနာရှင် ပြည်သူများ၊ တောင်ငူမြို့မှ လက်ရွေးစင်ဟောင်းများ၊ ဘောလုံးအားကစားသင်တန်းပို့ချနေသည့် အသက် ၁၂ နှစ်အောက် မျိုးဆက်သစ်လူငယ်ဘောလုံးသမားများ၊ မြို့မိမြို့ဖများ၊ သူနာပြုသင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အသက် ၁၂ နှစ်အောက် မျိုးဆက်သစ် လူငယ်ဘောလုံးသမားများက အသင်းနှစ်သင်းခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် တောင်ငူမြို့မှ လက်ရွေးစင်ဘောလုံးသမားဟောင်းများနှင့် မန္တလေးမြို့မှ လက်ရွေးစင် ဘောလုံးသမားဟောင်းများက ဘောလုံးပြိုင်ပွဲ ကျင်းပရာ ဒေသခံ လက်ရွေးစင် ဘောလုံးသမားဟောင်းများအား သူနာပြုသင်တန်းသူများက ပန်းစည်းများ ပေးအပ်ကြပြီး ချစ်ကြည်ရေး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကိုစတင်ရာ ဒေသခံ လက်ရွေးစင် ဘောလုံးသမားဟောင်းများက သုံးဂိုး-နှစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သီးနှံဖျက်ပိုး ကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေး

**ပေါင်းတည် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းထားမှုကြောင့် လယ်ယာမြေများရေနစ်မြုပ်မှုများရှိသဖြင့် စပါးစိုက်ခင်းများတွင် သီးနှံဖျက် ဖြုတ်ပိုးနှင့် အခြားပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေးခြင်းနှင့် လက်တွေ့ဆောင်ရွက်ပြသခြင်း လုပ်ငန်းများကို စက်တင်ဘာ ၂၀ ရက်က ကုက္ကိုပင်ရွာ တောင်သူ ဦးမောင်ဝင်း၏ စပါးစိုက်ခင်း၌ပြုလုပ်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်လွင်၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်တင်ထွေးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက အစုအဖွဲ့များဖွဲ့၍ ဆောင်ရွက်လျက်ရှိရာ ပြည်ခရိုင်အတွင်းရှိ မြို့နယ်များ၌လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၄) အလုံမြို့နယ်၏ ရင်သွေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲကို စက်တင်ဘာ ၂၀ ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပရာ အကြီးတန်းအဆင့် စုပေါင်းကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ ရင်သွေးငယ်လေးများက ပြန်လည်ရွတ်ဆိုဖျော်ဖြေစဉ်။**

အောင်သန်း(မင်္ဂလာတောင်ညွန့်)

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် ဆရာစံမြောက်အနောက်ရပ်ကွက်၊ အနောက်ဈေးဟောင်းလမ်းနှင့် အနောက်ဗဟိုလမ်းတွင် 400V Aerial Bundle Cable (ABC)ကြိုးများဖြင့် လဲလှယ်ခြင်း၊ ရပ်ကွက်အတွင်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို တာဝန်ရှိသူများ ကြီးကြပ်၍ လူအင်အား ၇၀ ခန့်ဖြင့် စက်တင်ဘာ တတိယပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


## အခြေခံ အပ်ချုပ်စက်သင်တန်း ဇလွန်၌ ဖွင့်

**ဇလွန် စက်တင်ဘာ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်တင်ဘာလပထမပတ်က ဖွင့်လှစ်သော အခြေခံအပ်ချုပ်စက်သင်တန်းတွင် သင်တန်းသူ ၈၀ ကို စတင်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ဦးဆောင်ကြီးကြပ်၍ သင်တန်းကြီးကြပ် ငါးဦး၊ သင်တန်းဆရာမ သုံးဦး၊ စက်ပြင်ဆရာ တစ်ဦးတို့ဖြင့် တစ်လကြာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး လာမည့်အောက်တိုဘာလပထမပတ်တွင် သင်တန်းဆင်းပွဲကျင်းပမည်ဟု သိရသည်။

**ဝင်းဘို**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ်၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# တစ်ဖက်မှာဈေး၊ တစ်ဖက်မှာ စောင်းတန်း . . . ဗိုလ်ဗထူးလမ်းအလယ်မှာ . . .

ဆူငှက်

***ယခင်အပတ်မှအဆက်***

မဟာမုနိဘုရားကြီး မြောက်ဘက်မုခ်ဦး အုတ်ပြာသာဒ်နှင့် တန်ဆောင်းကြီးကိုတာဝန်မယူမီက ဆရာဆိုင်သည် အင်္ဂတေပန်းများမလုပ်ဖူးခဲ့ဆို၏။ သို့သော် ဆောက်တစ်ချက်မှားလျှင်ပင် ပြင်ရန်ခက်သော အသားပန်းများကိုပင်နိုင်နင်းသူမို့ အင်္ဂတေပန်း၌ အခက်အခဲမရှိတော့ပေ။ ပန်းပုံများရေးပေးပြီး ပန်းရန်များကို အလှီးခိုင်း၏။ ထိုအချိန်က အသက် (၆၅နှစ်) အရွယ်ရှိပြီမို့ ဆရာဆိုင်သည် ငြမ်းအမြင့်များပေါ် တက်ကာ ကိုယ်တိုင်မလုပ်နိုင်သော်လည်း အုတ်ပြာသာဒ်ကြီးအဝင်ဝနှစ်ဖက်ရှိ နရားရုပ်ကြီးများကိုတော့ ကိုယ်တိုင်လုပ်ခဲ့သည်။ ထိုနရားရုပ်ကြီးများကား စိတ်ကြိုက်လုပ်ခဲ့ရသောအရုပ်များမို့ အချိုးအစားလွန်ကျနကာ လှပလှ၏။ ထိုစောင်းတန်းသစ်ကြီးအတွက် ဆရာဆိုင်က လက်ခငွေ ၅၀၀၀ ရရှိခဲ့သည်။ ထိုငွေကို တစ်ပြားမှမထိဘဲ မဟာမုနိဘုရားကြီးသို့ ပြန်လည်လှူဒါန်းခဲ့လေသည်။

စောင်းတန်းကြီးနှင့် အုတ်မုခ်ဦးပြာသာဒ်ကြီးပြီးသောအခါ မုံရွာဆရာမြတ်၏လက်ရာ ခြင်္သေ့ကြီးနှစ်စီးကလည်း ခံ့ခံ့ထည်ထည်၊ ဆရာဆိုင်၏ အုတ်ပြာသာဒ်ကြီးနှင့် နယားကြီးနှစ်ကောင်က မြူးမြူးကြွကြွ၊ မြန်မာ့ပန်းရန်၊ ပန်းတော့ လက်ရာများကို ဂုဏ်ယူနိုင်လောက်သည့်မြင်ကွင်းဖြစ်ခဲ့၏။ ထိုစောင်းတန်းနှင့် ပြာသာဒ်မုခ်ဦးကြီးပြီးစီးတော့ ၁၃၁၀ ပြည့်နှစ်။

စစ်ဘေးစစ်ဒဏ်ကြောင့် မြန်မာမှုလက်ရာများ ဆုံးရှုံးခဲ့ရသည့်ကြားဝယ် ယခုကဲ့သို့ မြန်မာမှုလက်ရာများ အသစ်အသစ် စံမီတန်းမီပြန်လည်ပေါ်ပေါက်လာ၍ ဂုဏ်ယူမဆုံးရှိခဲ့ကြသည်။

သို့သော် ထိုအခြေအနေကား မကြာမီပျောက်ဆုံးခဲ့ရလေသည်။ အဘယ်ကြောင့်ဆိုသော် အုတ်ခြင်္သေ့ကြီးများနှင့် အုတ်ပြာသာဒ်ကြီးကြားတွင် ကွန်ကရစ်အဆောက်အအုံမဏ္ဍပ်ကြီးတစ်ခု ဆောက်လိုက်သောကြောင့်ဖြစ်သည်။ အုတ်ခြင်္သေ့၊ အုတ်ပြာသာဒ်နှင့် အင်္ဂတေနရားကြီးများ၏ အချိုးကျသည့်မြင်ကွင်းကား ကွန်ကရစ်အဆောက်အအုံကြီးကြောင့် ပျက်စီးရလေသည်။ ထိုနည်းတူ အရှေ့မုခ်ဦးမှ ဆရာဆိုင်၏ဖခင် ဆရာခင်၏လက်ရာ သစ်သားပြာသာဒ်ကြီးရှေ့မှာလည်း ကွန်ကရစ်အဆောက်အအုံကြီးကို ၁၃၃၁ ခုတွင် တည်ဆောက်ခဲ့သောကြောင့် သစ်သားပြာသာဒ်ကြီးမြင်ကွင်းလည်းမရှိတော့။

မုခ်ဦးပြာသာဒ်ကို တည်ဆောက်ပြီးနောက် စောင်းတန်းအလယ်မှ သုံးဆောင်တွဲပြာသာဒ်ကိုဆောက်သည်။ စောင်းတန်းဦးပြာသာဒ်နှင့်ရွယ်တူဖြစ်သည်။ ၁၃၁၁ ခုတွင် ပြီးခဲ့၏။ စောင်းတန်းဦးပြာသာဒ်နှင့် ခြင်္သေ့ကြီးနှစ်စီးက ဝါးတန်းရပ် ဦးအဲယား-ဒေါ်ကြီးကြီးသားကိုရောင်ဆိုတို့ကုသိုလ်ဖြစ်ပြီး စောင်းတန်းအလယ်သုံးဆောင်တွဲပြာသာဒ်က ရွှေမြို့မင်းရပ်စက်ပိုင် ဦးမောင်ကြီး ဇနီး ဒေါ်သီတို့ကုသိုလ်ဖြစ်သည်။

ငယ်စဉ်ကတော့ ဘုရားကြီးကို နယ်မှဧည့်သည်လာတိုင်းရောက်ဖြစ်သည်။ ဧည့်သည်လာလျှင် ဘုရားကြီးသို့ မဖြစ်မနေပို့ရသည်။ ဘုရားကြီးကအပြန် သေချာတာက ဦးလှသိန်းဗိမာန်ဟုခေါ်သော သာသနာ့ဗိမာန်ကြီးသို့ဝင်၏။ ထိုဗိမာန်ကြီးမှာ ဓာတ်လှေကားစီးရသည်။ ထို့နောက် ဗိမာန်ကြီးနှင့် မလှမ်းမကမ်းရှိ ရှင်ပင်ပက်လက်ဘုရားကိုလည်းဖူးကြ၏။

ဘုရားကြီးက မြောက်ဘက်မုခ်မှပင် ပြန်ထွက်လာတော့ ဧည့်သည်က 'ဘာလိုချင်လဲ' ဟုမေးကာ လိုချင်သည့်အရုပ်ကို ဝယ်ပေးလေ့ရှိသောကြောင့်လည်း ဘုရားကြီးကို လိုက်လိုတာလည်းဖြစ်မည်။

သို့သော် ဇာတိရပ်ရွာမှ လာသောဧည့်သည်များ



အနက် ရပ်ရွာတီးဝိုင်းအတွက် မောင်း၊ ကြေးနောင်စသော တူရိယာ ပစ္စည်းများဝယ်မည့်သူများနှင့်တော့ ဘုရားကြီးကိုမလိုက်ချင်။

သူတို့က ဘုရားကြီးအနောက်စောင်းတန်းရှိ ကြေးခတ်ဆိုင်တစ်ဆိုင်တည်းမှာပင် မောင်းတစ်လုံးကို အသံမကိုက်မချင်း တတက်တက်ထုလိုက်၊ တနောင်နောင်တီးလိုက်နှင့် မောင်းဆိုင်းတစ်စုံစာအတွက်ဆိုတော့ စဉ်းစားသာကြည့်ပါတော့၊ အချိန်ကုန်လိုက်သည့်ဖြစ်ခြင်း၊ မိမိမှာ ကြေးရုပ်ကြီးများဆီလည်းမရောက်၊ ပြတိုက်ထဲက မင်းတုန်းမင်း၊ သီပေါမင်း၊ စုဖုရားလတ်နှင့်ဝန်ကြီးများ အရုပ်ကိုလည်းမကြည့်ရ၊ လိပ်ကန်သို့လည်းမသွားရ၊ ဆယ်ပြားစေ့ထည့်လျှင် အရုပ်ကလေးတွေထွက်လာသည့် အာနန္ဒာဘုရားသို့လည်းမရောက်ရ။ အပြန်မှာလည်း ဘာလိုချင်လဲမမေး။ သူတို့ပစ္စည်းရသဖြင့် အားရဝမ်းသာ တစ်ယောက်တစ်ပေါက်ပြောနေကြ၍ အတူပါလာသူလည်းသတိမရ။ ထို့ကြောင့် တီးဝိုင်းအတွက် မောင်းဆိုင်းနှင့်ကြေးနောင်ဝယ်မည့်သူနှင့်ဆိုလျှင် ဘုရားကြီးသို့ မလိုက်။ သို့သော် အိုးစည်၊ ဒိုးပတ်၊ စခွန့်၊ ပတ်လုံးစသော ဗုံများဝယ်သူနှင့်တော့လိုက်ချင်သည်။ အရှေ့စောင်းတန်းနံဘေးမှာရှိသည့် အိုးစည်တန်းမှာက စိတ်ဝင်စားစရာတွေအပြည့်။ လူကြီးတစ်ရပ်လောက်ရှိသည့် ကုက္ကိုတုံးကြီးကို စည်တော်ကြီးထွင်းနေတာရှိသည်။ မှန်စီရွှေချနရားရုပ်ကြီးများထုလုပ်နေတာရှိသည်။ ပလ္လင်တံကဲစသော နိဗ္ဗာန်ကုန်များမှာ သစ်စေးထုတ်၊ မှန်စီရွှေချနေတာလည်းကြည့်လို့ရသည်။ ထို့ပြင်ကိုယ့်ဘာသာကိုယ် လိပ်ကန်သို့သွားချင်လျှင်လည်းအနီးလေး။ ဒီထက်အရဲကိုး-အရှေ့စောင်းတန်းကိုဖြတ်ပြီး အာနန္ဒာဘုရားသို့ပင် သွားနိုင်သေး၏။

ထိုဆိုင်များမှာ ကလေးကစားစရာ အိုးစည်၊ ဒိုးပတ်လေးတွေလည်းရှိသောကြောင့် ကိုယ့်အတွက်လည်း ပူဆာလို့ရသည်။

မန္တလေးသားတွေက မဟာမုနိဘုရားကို 'ဘုရားကြီး' ဟုပဲ ခေါ်ကြ၏။ ဘွဲ့တော်ကို ခေါ်ကြစို့ဆိုလျှင်ပင် မှန်မှန်ကန်ကန် 'မဟာမုနိရုပ်ရှင်တော်မြတ်'ဟု ခေါ်လေ့ရှိသည်။ 'မဟာမြတ်မုနိ'ဟု ခေါ်ရိုးလည်းမရှိ ယခုအခါ တချို့က မဟာမြတ်မုနိဟု သုံးနှုန်းပြောဆိုရေးသားလျှင် ထိုသူသည် မန္တလေးသားစစ်စစ် မဟုတ်တာသေချာသည်။

'မဟာမုနိရုပ်ရှင်တော်မြတ်'ဟု သုံးနှုန်းသောကြောင့် ဘိုင်စကုတ်ကို မန္တလေးသားများက 'ရုပ်ရှင်'ဟုခေါ်ရမှာ အလွန်တွန့်ဆုတ်ခဲ့လေသည်။ ထို့ကြောင့် ဘိုင်စကုတ်ကို မန္တလေးသားများက 'ဓာတ်ရှင်'ဟု ခေါ်ခဲ့ကြခြင်းဖြစ်၏။ နောက်ပိုင်းမှသာ ရုပ်ရှင်ဟုရဲရဲခေါ်ဝံ့လာကြသည်။

ဘုရားကြီးမှအပြန် မြောက်ဘက်စောင်းတန်းတွင် ကလေးကစားစရာပစ္စည်းများသာမက အမျိုးသမီးငယ်များအတွက် ဖန်လက်ကောက်၊ ဖန်ကျည်သီးလေးများလည်း ရှိသည်။ ယခင်က ထိုအသုံးအဆောင်ပစ္စည်းများမှာ အတော်ခေတ်စားခဲ့ဖူးလေ၏။ ယခု ထိုဖန်ကျည်လုပ်ငန်းကလည်း လွန်ခဲ့သောနှစ် ၂၀ လောက်ကပင် ကွယ်ခဲ့ပြီဖြစ်၏။ ထိုလုပ်ငန်းကို ယခင်က မန္တလေးမြို့ လယ်ကောင်ဖြစ်သော ၈၄ လမ်းနှင့် ၈၅ လမ်းကြား၊ ၃၃ လမ်းနှင့် ၃၅ လမ်းကြားဝင်းများတွင်ရှိခဲ့၏။ တောင်ကြယ်ခတ်ဝင်း၊ မြောက်ကြယ်ခတ်ဝင်းဟု ခေါ်ကြသည်။ ယခုတော့ ထိုဝင်းများတွင် ဖန်ကျည်အဆက်အနွယ်များမရှိတော့ရုံသာမက နောက်အဆက်အနွယ် မန္တလေးသားများပင် ရှားကုန်တော့၏။ ဘုရားပွဲချိန်ရောက်မှသာ မြို့သစ်က လာကြတော့သည်။

ဗိုလ်ဗထူးလမ်းနံဘေးက နိဗ္ဗာန်ကုန်အရောင်းဆိုင်အချို့နှင့် အာနန္ဒာစောင်းတန်းက နိဗ္ဗာန်ကုန်ဆိုင်အချို့မှာတော့ ဖန်ကျည်စိန်ဖူး၊ ဖန်ကျည်မျက်လုံးတော်များရှိကြသေးသည်။ ထိုလုပ်ငန်းများကလည်း မြန်မာ့အိမ်တွင်းမှုလုပ်ငန်းများဖြစ်သည့်အပြင် လက်မှုလုပ်ငန်းစစ်စစ်များဖြစ်သည်မို့ အစားထိုးပစ္စည်းများကြောင့် ပျောက်ကွယ်လုနီးနေပေပြီ။

အရှိန်မပျက်သေးသောလုပ်ငန်းကတော့ မှန်စီရွှေချလုပ်ငန်းပဲဖြစ်၏။ မှန်စီရွှေချတွင် ကုန်ကြမ်းဖြစ်သော မှန်နှင့် ကျောက်ရောင်စုံများကလည်း နိုင်ငံခြားမှလာသောမှန်များကိုကြိုက်သလို ပြုပြင်ထားကြခြင်းဖြစ်သည်။ ထိုကျောက်များကို မှန်စီသမားက မန်းနွယ်ဟုခေါ်၏။ အဖြူ အနီ၊ အစိမ်းသုံးမျိုးရှိသည်။ ယင်းကျောက်များကို စိန်၊ ပုလဲနှင့်ဘေးကွက်ဟူ၍ ပုံသဏ္ဌာန်လိုက်ကာသွေးကြသည်။ မှန်စီရွှေချလုပ်ငန်းကလည်း မန္တလေးမှာအများဆုံးထွန်းကားခဲ့၏။ ရှေးလက်ရာများအနက် မှန်စီရွှေချလက်ရာအနေဖြင့် အကောင်းဆုံးဟုစံထားခဲ့ကြသည်မှာ ရွှေတိဂုံဘုရားအင်္ဂါထောင့်ရှိ ဦးဝိဇ္ဇာတန်ဆောင်း၊ သွေးဆေးကန်ဘက်အဆင်း မဟာဗောဓိမြောက်ဘက်ကပ်လျက်ဇရပ်နှင့် ဇလွန်မြို့ပြည်တော်ပြန်ဘုရားက ပလ္လင်တော်များဖြစ်သည်။

အခုတော့ ဘာသာရေးအဆောက်အအုံများစွာ၌ မှန်စီရွှေချလက်ရာ အများအပြားရှိနေပါပြီ။

ငယ်စဉ်က ဘုရားကြီးကအပြန် မြောက်ဘက်စောင်းတန်းမှကစားစရာ စက္ကူနွားရုပ်၊ ပစ်တိုင်းထောင်ရုပ်လေးများနှင့် အစ်မများက ဖန်လက်ကောက်၊ ဖန်ကျည်စေ့များဝယ်ကာ ပြန်လာကြပြီ "ဈေးချို ဈေးချို" ဟု အော်နေသည့်မြင်းလှည်းနှင့် တစ်ယောက်တစ်မတ်ပေးကာစီးခဲ့ရတာ သတိရမိသည်။

တစ်ခါတစ်ရံ လူကြီးများက ဗိုလ်ဗထူးလမ်းဖြတ်ပြီး မြောက်ဘက်က ဘုရားကြီးဈေးထဲမှာ ဈေးဝယ်တတ်သည်။ ထိုအခါ မိမိတို့ကလေးတွေက ဈေးထဲထိမလိုက်။ စောင်းတန်းကြီးနှင့်မျက်နှာချင်းဆိုင် ဈေးထိပ်သစ်ပင်ရိပ်က မြင်းလှည်းဂိတ်မှာ စောင့်နေရစ်ခဲ့ကြသည်။ စောင့်ရင်းဝယ်ခဲ့ကြသည့် အရုပ်ကလေးတွေကို တစ်ဦးဟာတစ်ဦးယူကြည့်ရင်း ကျေနပ်ခဲ့ကြ၏။

အပြန်မှာ သာသနာ့ဗိမာန်ဝင်ဖို့၊ ရှင်ပင်ပက်လက်ဝင်ဖို့၊ သကျသီဟဘုရားဝင်ဖို့ လူကြီးတွေကိုပူဆာတန်ပူဆာကြမည်။ အချိန်အားရကာ ငွေကြေးအတွက် ငဲ့စရာမလိုဘဲ မိသားစုနှင့်အတူ ဘုရားဖူးထွက်လာသည်မို့ ပူဆာသမျှလိုက်ပို့မှာလည်း သေချာပါသည်။

အခုတော့ ဗိုလ်ဗထူးလမ်းကဝင်ရသည့် မြောက်ဘက်စောင်းတန်းမှာက ဘုရားဖူးအဝင်ကျဲလှ၏။ ဘတ်ကားလိုင်း မြောက်မြားစွာကလည်း အရှေ့မုခ်ဦးသို့ ဒုတ်ဒုတ်ထိရောက်နေပြီ။ ထို့ပြင် အရှေ့မုခ်နှင့်တည့်တည့်လမ်းမကြီးကလည်း ဖြူးလို့၊ ဖြောင့်လို့။ နယ်မှလာလာ၊ မြို့သစ်မှလာလာ၊ မြို့ထဲမှလာလာ၊ အရှေ့မုခ်ဦးလမ်းက အဆင်ပြေနေသည်။ ယခင်က လူသူအရောက် အပေါက်နည်းသော အရှေ့မုခ်သည် အစည်ကားဆုံးဖြစ်နေ၏။

မြောက်မုခ်မှာက ကလေးကစားစရာပစ္စည်းဆိုင်များတွင် ပစ်တိုင်းထောင်နှင့် ဇီးကွက်ရုပ်လောက်သာရှိပြီး ကျန်ပစ္စည်းတွေက တရုတ်ပြည်ကြီးဖြစ် သေနတ်အမျိုးမျိုး၊ ကျန်ကျောင်းဓား၊ သံပတ်ပေးစက်ရုပ်၊ နင်းဂျားရုပ်များဖြင့် ပြည့်နေပြီ။ ပိုးထည်အမရပူရထည်များနေရာမှာလည်း ဂျပန်ပိတ်စများ၊ ရယ်ဒီမိတ်အထည်များ အရောင်စုံဝေဆာနေ၏။

ကြေးထည်ဆိုင်များမှာ ရေစက်ချငွေကရားအိုးလေးတွေ အရွယ်စုံ။ သည်ရေစက်ချကရားလေးတွေကလည်း ရောင်းကောင်းလှသတဲ့။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# မနူဟာဘုရားပွဲတော်ကြီးကို မြန်မာ့ရိုးရာအရုပ်သွင်းပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**ညောင်ဦး စက်တင်ဘာ ၂၂**

မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံဒေသ မြင်းကပါရွာအနီးရှိ မနူဟာဘုရားပွဲတော်ကြီးကို စက်တင်ဘာ ၂၇ ရက် (တော်သလင်းလဆန်း ၁၄ ရက်)မှ စက်တင်ဘာ ၂၉ ရက် (တော်သလင်းလပြည့်ကျော် ၁ ရက်)အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန်အတွက် မြန်မာ့ရိုးရာ အရုပ်သွင်းပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မနူဟာဘုရားပွဲတော်ကြီးကို ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘုရားဂေါပကအဖွဲ့ဝင်များ၊ ပုဂံ/ညောင်ဦးဒေသရှိ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအသင်းအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။



"ကျွန်တော်တို့ စက်တင်ဘာ ၂၇ ရက်မှာ အရုပ်သွင်းပြိုင်ပွဲကို ကျင်းပမှာပါ။ လူဝင်ကလို့ရတဲ့ ဧရာမအရုပ်ကြီးတွေနဲ့ ယှဉ်ပြိုင်ကြမှာပါ။ ကျွန်တော်တို့ ယဉ်ကျေးမှုမပျောက်အောင်လို့ ဒီအရုပ်သွင်းပြိုင်ပွဲကို ထည့်သွင်း ယှဉ်ပြိုင်စေတာပါ။ အခုဆိုရင် နေရာဒေသတော်တော်များများမှာ တွေ့နေရပါပြီ။ ဘုရားပွဲ၊ အလှူပွဲတွေမှာ ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ အနောက်တိုင်း တေးဂီတတွေ ပါဝင်လာတာမျိုးတွေ ကျွန်တော်တို့ ယဉ်ကျေးမှုနယ်မြေကို အရောက်မခံနိုင်ပါဘူး။ ဒါကြောင့် ဒီလိုပွဲတွေ ထည့်သွင်းကျင်းပပေးတာပါ။ ကိုယ့်ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းရာရောက်သလို တစ်ဖက်ကလည်း နိုင်ငံခြားခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နိုင်ပါတယ်" ဟု ပုဂံ/ ညောင်ဦးမြို့နယ် စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတင့်ဆွေက ပြောသည်။

အဆိုပါ ဘုရားပွဲတော်ကြီးကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အသင်းအဖွဲ့ ၁၁ ဖွဲ့ရှိသည့်အနက် ပုဂံ/ညောင်ဦးမြို့နယ်တွင်ရှိသော အမှတ်တရပစ္စည်း အရောင်းဆိုင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်အသင်းနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းတို့မှ ရန်ပုံငွေထည့်ဝင်၍ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းသိရပြီး အရုပ်သွင်းပြိုင်ပွဲများ ထည့်သွင်း ကျင်းပမှုမှာ ယခုနှစ်သည် တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်အတွင်း လှပျိုဖြူလေးများက ဘုရားတံခွန်သွင်းခြင်းနှင့် ငွေပဒေသာပင်လှည့်လည်ပူဇော်ခြင်းများကို ပါဝင်ကျင်းပကြမည်ဖြစ်သည်။

"အဲဒီ လှည့်လည်တဲ့နေရာမှာလည်း ထူးခြားတာတစ်ခုရှိပါတယ်။ ဒီအလှည့်လိုက်မယ့် မိန်းကလေးတွေကို သနပ်ခါးပါးကွက်ကျားနဲ့ ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်ဖို့အတွက် တစ်ဦးကို ငွေကျပ်တစ်သောင်းစီ ကျေးရွာလူငယ်တွေက ထောက်ပံ့မယ်လို့ သိရတယ်။ အဲဒါကတော့ အင်မတန်လေးစားစရာကောင်းတဲ့ အစီအစဉ်ပါ" ဟု ငွေပဒေသာပင် လှည့်လည်ပူဇော်ခြင်းနှင့် ပတ်သက်၍ ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ မနူဟာဘုရားကြီးကို ခရစ်နှစ်(၁၀၆၈)ခုနှစ်တွင် သထုံဘုရင် မနူဟာမင်းက မြင်းကပါရွာအနီး တည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရားမှာ စတုရန်းပုံနှစ်ထပ်အဆောက်အအုံဖြစ်၍ ပစ္စယံ သုံးဆင့်ခံ စေတီတော်ကြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုရားပွဲတော်ကြီးကို နှစ်စဉ် တော်သလင်းလဆန်း ၁၄ ရက်တွင် ကျင်းပခြင်းဖြစ်ပြီး အနီးဝန်းကျင်ရှိ ဖွားစော၊ မင်းနန်သူ၊ ကံနီပေါက်၊ ကျောက်ကန်၊ ကျွန်းသီရိ အစရှိသည့်ကျေးရွာများမှ လာရောက်ကြပြီး ဒေသထွက်စားသောက်ဖွယ်ရာများနှင့် ဒေသထွက်ကုန်များခင်းကျင်းရောင်းချကြ၍ နိုင်ငံခြား ခရီးသွားဧည့်သည်များလည်း စိတ်ဝင်စားစွာ လာရောက်ဆင်နွှဲလေ့ရှိသော ဘုရားပွဲတော်ကြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်

**တိုက်ကြီး စက်တင်ဘာ ၂၂**

စက်မှုလယ်ယာဦးစီးဌာနက တောင်သူလယ်သမားများကို လက်မှုလယ်ယာမှ စက်မှုလယ်ယာ အလျင်အမြန်ကူးပြောင်းနိုင်စေရန်နှင့် တောင်သူလယ်သမားများအနေနှင့် လုပ်ငန်းခွင်တွင် စက်ကိရိယာများကို မိမိကိုယ်တိုင် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်နိုင်ရေးအတွက် စက်တင်ဘာ ၂၁ ရက်က မင်္ဂလာဒုံမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၃၅)စက်မှုလယ်ယာစခန်း ထောက်ကြံ့မြို့ အစည်းအဝေးခန်းမ၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၁၅)ကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးနိုင်မင်းသူ၊ မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းထိုက်၊ ဦးမင်းဆွေနှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ ကျေးရွာအုပ်စု ကိုးအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စန်းကလျာခိုင်(ပြန်/ဆက်)**

## ပုလဲသွယ်စပ်မျိုးစပါး ဧက ၅၀ စံပြကွက်၌ စုပေါင်းမြေသြဇာကြဲပက်

**ပေါက်ခေါင်း စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ဘန့်ပြင်အုပ်စု ကြိုးကြာကျေးရွာကွင်းအမှတ် ၆၉၂ တွင် စိုက်ပျိုးထားသည့် မိုးစပါးပုလဲသွယ် စပ်မျိုးစပါး ဧက ၅၀ စံပြကွက်၌ စုပေါင်းမြေသြဇာကြဲပက်ပွဲကို စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ဥမ္မာက ဒေသနှင့် ကိုက်ညီသော စပ်မျိုးစပါး ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို လိုက်နာဆောင်ရွက်၍ တစ်ဧကအထွက်နှုန်းမြင့်တက်မှသာ ဒေသဝမ်းစာဖူလုံပိုလျှံပြီး ဝင်ငွေပိုမိုရရှိမည်ဖြစ်ကြောင်းနှင့် မြေသြဇာ သုံးစွဲရာ၌ သဘာဝမြေသြဇာ ကြက်ချေး၊ နွားချေးနှင့် ယူရီးယားမြေသြဇာကို သုံးအိတ်တစ်အိတ်နှုန်း တစ်ညရောနှပ်ပြီးသုံးပါက ပိုမိုအကျိုးရှိထိရောက်မှုရှိပုံတို့ကို ရှင်းပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းသီးနှံကာကွယ်ရေးနှင့် တာဝန်ရှိသူများက ပေါက်ခေါင်းမြို့နယ် ရပ်သစ်အုပ်စု စိုင်ဂေါင်းကျေးရွာသို့ သွားရောက်ပြီး စပါးခင်းများ၌ ဖြုတ်ပိုးနှင့် အခြား ပိုးမွှားရောဂါများ ကျရောက်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပြီး ကာကွယ်နှိမ်နင်းဖြေရှင်းရန် နည်းလမ်းများကို တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်**




## မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

**ရှာင် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်၌ အရေးပေါ်အခြေအနေအစောပိုင်းကာလမှစ၍ မဖြစ်မနေဆောင်ရွက်ရမည့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအကြောင်းသင်တန်းကို စက်တင်ဘာတတိယပတ်က ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီအဖွဲ့၊ မြို့နယ်ကျန်းမာရေးမှူးများနှင့် သူနာပြုများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာင်)**

## ဂန့်ဂေါမြို့နယ် အုတ်လှကျေးရွာ၌ ၂၄ နာရီလျှပ်စစ်ဓာတ်အား ဖြန့်ဖြူး

**ဂန့်ဂေါ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် အုတ်လှကျေးရွာ၌ မဟာဓာတ်အားလိုင်းစနစ်ဖြင့် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဩဂုတ် ၉ ရက်မှ စတင်ဖြန့်ဖြူးပေးလျက်ရှိရာ စက်တင်ဘာ ၂၁ ရက်အထိ အဆင်ပြေပြေ ကျေးရွာအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

အုတ်လှကျေးရွာတွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် စတင်ဖွဲ့စည်းကာ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၂၇၀၀ တည်ဆောက်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၃၀၀၀ တည်ဆောက်ပေးခြင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းစသည့် ကျေးရွာမီးလင်းရေး လုပ်ငန်းများ ပြီးစီးအောင်မြင်ပြီဖြစ်၍ အိမ်ခြေ ၁၀၈ လုံးနှင့် လမ်းမီးတိုင်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေပြီဖြစ်သည်။

အုတ်လှကျေးရွာတွင် အိမ်ခြေ စုစုပေါင်း ၁၃၆ လုံးရှိရာ လျှပ်စစ်မီးသွယ်တန်းခြင်း မပြုရသေးသည့် နေအိမ်များကိုလည်း လျှပ်စစ်မီးလင်းရေးကော်မတီမှ ဆက်လက်သွယ်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

**လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု**

## အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ကား လွှဲပြောင်းပေးအပ်

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ကားလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ တတိယပတ်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ နိုင်လွန်မင်္ဂလာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အလှူရှင်မိသားစုများက FUSO ဂါလန် ၄၀၀ ဆံ့ မီးသတ်ကားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ရာ အမှတ်(၁)တိုင်းဒေသကြီးဌာနခွဲရုံးများ ကွပ်ကဲရေးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က လက်ခံယူပြီး အလှူရှင်မိသားစုများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ မီးသတ်ကားကို အလှူရှင် ဦးခင်မောင်ဦး(ရွှေဘဲစားတော်ဆက်မိသားစု)က ငွေကျပ်သိန်း ၁၀၀၊ ဦးသိန်းလှ-ဒေါ်တင်ရီမိသားစုက ငွေကျပ်သိန်း ၅၀၊ ဦးအောင်ဟိန်း-ဒေါ်နန်းအေးလင်း(ရီရှင်းမိုဘိုင်းမိသားစု)က ငွေကျပ်သိန်း ၅၀၊ ဦးဝင်းအောင်-ဒေါ်မြင့်မြင့်ခင်(မြင့်မြင့်ခင်ထိုးမုန့်မိသားစု)က ငွေကျပ်သိန်း ၂၀၊ ဒေါ်ရန်ရှင်းမေ(စားကြည့်နေကြာစေ့)မိသားစုက ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၂၃၀ ဖြင့် ဝယ်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ပြည်နယ်ဝန်ကြီးချုပ် သွေးလှူ

**ဘားအံ စက်တင်ဘာ ၂၂**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းပွဲကို ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်ဝင်းထိန်လည်း ပါဝင်၍ သွေးလှူခဲ့ကြောင်း သိရသည်။

ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ကျင်းပသည့်စုပေါင်းသွေးလှူဒါန်းပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် လာရောက်ကြည့်ရှုအားပေးခဲ့ပြီး သွေးလှူဒါန်းကြမည့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှ အရာရှိ၊ အရာခံ၊ အခြားအဆင့်တပ်ဖွဲ့များနှင့်အတူ သွေးလှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် သွေးလှူဒါန်းကြသူများအား ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းတင်နှင့် ဆရာဝန်၊ ဆရာမများက ကြက်ဥ၊ အားဆေးနှင့် ဓာတ်ဆားထုပ်များ၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က ကြက်ဥနှင့် အိုဗာတင်းအထုတ်ကြီးများ စသည့် ဖြည့်စွက်အာဟာရများကို ပြန်လည်ပေးအပ်ခဲ့သည်။

သွေးလှူဒါန်းခြင်းအပြင် (၅၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်၊ ဒုပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦး၊ ဦးစီးအရာရှိ ပထမတန်း ဒုတိယရဲမှူးကြီးလင်းဦး၊ ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မင်းအောင်နှင့် ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အေးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်အင်အား ၁၀၀ နှင့် အမှတ်(၂၂)လုံခြုံရေးတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၁၀၀ တို့ကလည်း ဘားအံပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၉)ရပ်ကွက် ရတနာဒီပဘုန်းတော်ကြီးကျောင်းများ၌ အမှိုက်သရိုက်များနှင့် ချုံနွယ်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများပေးအပ်

**မိုးကုတ် စက်တင်ဘာ ၂၂**

မိုးကုတ်မြို့နယ်အတွင်း ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့၍ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး လူနေအိမ်များ၊ လမ်းတံတားများ၊ ပညာရေးအဆောက်အအုံများ ပြိုကျပျက်စီးခဲ့ခြင်းများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အလှူငွေများပေးအပ်ပွဲကို မိုးကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။


အလှူငွေပေးအပ်ပွဲတွင် မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေးက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက မြို့နယ်အတွင်းရေးကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် လူနေအိမ်၊ လမ်းတံတားနှင့် ရေနီချောင်းပေါင် ပျက်စီးဆုံးရှုံးရမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရမည့် အခြေအနေများကိုလည်းကောင်း၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေများအား သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

မိုးကုတ်မြို့နယ် မင်းတံတားရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ရေနီချောင်း မြေကာနံရံပြုလုပ်ရန်အတွက် ငွေကျပ် သိန်း ၁၀၀၀၊ ပြိုကျပျက်စီးခဲ့သောနေအိမ် ၂၅ လုံးကို ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၂၅၀၊ ဘော်ဗဒန်းအထက်တန်းကျောင်းခွဲနှင့် ကပိုင်ကျေးရွာအလယ်တန်းကျောင်းခွဲများမှ ကျောင်းစောင့်နေအိမ်၊ ကျောင်းအိမ်သာနှင့် ကျောင်းစည်းရိုး အုတ်တံတိုင်းများ ပြန်လည်တည်ဆောက်ရန် ငွေကျပ် ၇၅ သိန်း၊ စုစုပေါင်းထောက်ပံ့ငွေ ကျပ် ၁၃၂၅ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ မိုးကုတ်မြို့နယ် သဘာဝဘေးတားဆီးကာကွယ်ရေးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ တက်ရောက်ခဲ့သည်။

**နေဝါ(မိုးကုတ်)**



# ကျောက်ကပ်ပန်းရောင်းချသူများ အဆင်ပြေ

**ရေတာရှည် စက်တင်ဘာ ၂၂**

သစ်ခွပန်းစီးပွားဖြစ်စိုက်ပျိုးသူများနှင့် တစ်ပိုင်တစ်နိုင်အလှစိုက်ပျိုးသူများတွင်ကျယ်စွာအသုံးပြုလာမှုကြောင့် ကျောက်ကပ်ပန်းများ ဝယ်လိုအားကောင်းလာပြီး ရှာဖွေရောင်းချသူများအနေဖြင့် ဝင်ငွေကောင်းမွန်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် တောင်နန်ချွန်ကျေးရွာအရှေ့ဘက်နှင့် မော်ဝါကျေးရွာအကြားရှိ သစ်တောများအတွင်း သဘာဝအလျောက်ပေါက်နေသည့် ကျောက်ကပ်ပန်းများကိုရှာဖွေကာ သစ်ခွစိုက်ပျိုးသူများထံ တစ်စည်းလျှင် သုံးရာကျပ်ဖြင့် ပြန်လည်ရောင်းချရကြောင်း ကိုယ်တိုင်ရှာဖွေသူတစ်ဦးက ပြောသည်။

“သစ်ခွပန်းထဲမှာ ကျောက်ကပ်ပန်းကိုကြားညှပ်ထည့်တာ အမြင်လဲလှတယ်။ ဝယ်ယူလိုသူတွေအတွက်လည်း ဆွဲဆောင်မှုရှိတယ်။ ကျွန်တော်တို့လင်မယားနှစ်ယောက်ဆိုရင် တစ်ရက်ကို တစ်သောင်းကျော်လောက် ဝင်ငွေရှိတယ်”ဟု တောထဲမှ ကျောက်ကပ်ပန်းများရှာဖွေသူ ဇနီးမောင်နှံကပြောသည်။

**ကိုလွင်(ဆွာ)**

# ကျောင်းဆောင်သစ်တည်ဆောက်

**နွားထိုးကြီး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အမှတ်(၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို မြင်းခြံခရိုင် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့်အဖွဲ့က စက်တင်ဘာ ၁၉ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်သည် ပေ(၈၀×၃၀)အကျယ်ရှိ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အဆောက်အအုံဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၂၈ ဒသမ ၈ သန်းဖြင့် တော်ဝင်ရွှေမန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးက ကျောင်းဆောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ကုန်ကြမ်းပစ္စည်းများ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး စသည်တို့ကို မှာကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ပင်ထောင်မြေပဲများ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

**ငါ့သရောက် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သောကြောင့် တောင်သူများစိုက်ပျိုးထားသော ပင်ထောင်မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းလည်းရနေသောကြောင့် အဆင်ပြေလျက်ရှိကြောင်း ရွာပုလဲကျေးရွာရှိ မြေပဲစိုက်တောင်သူများထံမှ သိရသည်။

စိုက်ပျိုးထားသော ပင်ထောင်မြေပဲ(ခေါ်)သုံးလမြေပဲများကို စက်တင်ဘာ ဒုတိယပတ်မှစ၍ နှုတ်သိမ်းနေကြပြီဖြစ်ရာ မြေပဲတစ်တင်းကျလျှင် တင်းရေ ၂၅ တင်းခန့်အထိ အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မြေပဲဈေးနှုန်းကလည်း“ကျွန်တော်တို့ရွာမှာရှိတဲ့ ပွဲစားတွေက အစိုတစ်ပိဿာကို တစ်ထောင်နဲ့ အခြောက်တစ်ပိဿာကို ၁၂၀၀၊ ၁၃၀၀ ခန့်အထိ ဈေးကောင်းပေးဝယ်နေလို့ မြို့ကိုသွားပြီး ရောင်းစရာမလိုတော့ပါဘူး။ ကျွန်တော်တို့ တောင်သူတွေအတွက် ကားခသက်သာပြီး ဈေးလည်းပိုရလို့ ဒီနှစ် ပင်ထောင်မြေပဲစိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေကြပါတယ်”ဟု ရွာပုလဲကျေးရွာမှ မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

မြေပဲစိုက်တောင်သူများအနေဖြင့် အဆင်ပြေသည့်အပြင် ကျေးရွာအတွင်းရှိ လက်လုပ်လက်စား နေ့စားအလုပ်သမားများလည်း အလုပ်အကိုင်ရ၍ နေ့စဉ်ဝင်ငွေရရှိနေကြကြောင်း သိရသည်။ တောင်သူများအတွက် နေ့စားအငှားလိုက်သည့် လုပ်သားများအနေဖြင့် တစ်နေကုန်ငှားရမ်းခ ကျပ်နှစ်ထောင်နှင့် မြေပဲတစ်တင်း(ပုပ်ပြတ်)ဆွတ်ခ ကျပ် ၈၀၀ ခန့်ရရှိပြီး လက်လုပ်လက်စားများအတွက် အလုပ်အကိုင်များ ပေါများလျက်ရှိသည်။ **ရဲဝင်းနိုင်(iprd)**

# သစ်တောကြိုးဝိုင်းဒေသအတွင်း ပြေးဆွဲနေသည့်စက်လှေများ အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

**ရေတာရှည် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းဒေသများရှိ မရိုးခုံ၊ မြို့စိုး၊ လုံးရမ်းကျေးရွာများမှ ဆွာချောင်းတစ်လျှောက် ဆည်တမံများနှင့် ချိတ်ဆက်ပြေးဆွဲနေသည့် စက်လှေများ အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိုးရာသီကာလတစ်လျှောက် သစ်တောကြိုးဝိုင်းဒေသများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများမှာ နေ့စဉ် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အဆိုပါ စက်လှေများကိုသာ အားထားသွားလာကြရကာ ဆွာဆည်တမံ လှေဆိပ်မှတစ်ဆင့် မြို့အသီးသီးသို့ ဆက်လက်သွားလာကြရသည်။

“အဓိကကတော့ ဆည်ရေပြင်မှာ လှိုင်းတွေရှိတယ်။ သစ်ငုတ်တွေရှိမယ်။ နောက်စက်လှေတွေမှာ ကုန်နဲ့ ခရီးသည်တင်ဆောင်မှုတွေကို စစ်ဆေးတာပါ။ ပြီးတော့ စက်လှေတွေမှာ တရားဝင်ပြေးဆွဲခွင့် လိုင်စင်တွေ ရှိ မရှိ စစ်ဆေးတယ်။ ခရီးသည်တွေ အသက်အန္တရာယ်ဖြစ်ပွားခြင်း မရှိအောင်လို့ပါ”ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ပြောသည်။

ဆွာဆည်တမံကိုဗဟိုပြု၍ ပြေးဆွဲနေသည့် စက်လှေအကြီး၊အသေး ၂၉ စင်းခန့်ရှိပြီး ဆွာဆည်တမံ သစ်တောကျွန်းများဖြစ်သည့် ရွှေဘောတဲစု၊ သဲဖြူတဲစု၊ ဝါးယားကျင်းတဲစု၊ ဝံဂဲတဲစု၊ ရွှေကာတဲစု၊ စာလီဘိုတဲစုများရှိ ဒေသခံများသည် တံငါလုပ်ငန်းများလုပ်ကိုင်ကြပြီး လှေငယ်များစွာ အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**



# အမှတ်ပြည့်ရဖို့ ခြေကုန်ထုတ်ရမယ့် ဘာစီလိုနာ အဝေးကွင်းမှာ နိုင်ပွဲဆက်ဦးမယ့် ရီးရဲမက်ဒရစ်

မိုးမြင့်လင်းလက်




***စပိန်လာလီဂါပွဲစဉ်(၅)ကို စက်တင်ဘာ ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ ယှဉ်ပြိုင်ကစားဦးမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ကြားရက်မှာ ယှဉ်ပြိုင်ကြမယ့် လာလီဂါပွဲစဉ်တွေမှာ ရီးရဲမက်ဒရစ်က အဝေးကွင်းမှာ သွားရောက်ကစားရမှာဖြစ်ပေမယ့် နိုင်ပွဲဆက်နိုင်မယ့် အလားအလာရှိနေပြီး ဘာစီလိုနာတို့ကတော့ ဆဲလ်တာဗီဂိုနဲ့ဆုံရမှာမို့ ကျပ်ကျပ်တည်းတည်းနဲ့ အားထုတ်ရမယ့် ပွဲစဉ်ဖြစ်နေပါတယ်။ လျှော့တွက်လို့မရတဲ့အသင်းငယ်တွေရဲ့ ရုန်းကန်အားကို ထိပ်တန်းအသင်းတွေ ရင်ဆိုင်ကျော်လွှားရဦးမှာဖြစ်ပါတယ်။***

### ဘီဘာအိုနှင့် ရီးရဲမက်ဒရစ်

အခုတစ်လော နိုင်ပွဲတွေရနေတဲ့ ရီးရဲမက်ဒရစ်တို့ဟာ အဝေးကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ဘီဘာအိုကို အနိုင်ကစားပါလိမ့်မယ်။ ဘီဘာအိုဟာ ရီးရဲမက်ဒရစ်နဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ဒါပေမယ့် ဒီနှစ်လာလီဂါမှာ ဘီဘာအိုရဲ့ ခြေစွမ်းက ကောင်းနေပြီး အနိုင်ရလဒ်တွေကို ဖော်ဆောင်နိုင်နေပါတယ်။ လေးပွဲဆက်နိုင်ပွဲရနေတဲ့ ရီးရဲမက်ဒရစ်တို့က တန်းစီဇယားဦးဆောင်နေမှုကို ဆက်လက်ခိုင်မြဲဖို့ ကြိုးစားမှာ သေချာနေပါတယ်။

### ဆဲလ်တာဗီဂိုနှင့် ဘာစီလိုနာ

ဘာစီလိုနာကို အမြဲတမ်းခက်ခဲအောင် ကစားနိုင်ပြီး နိုင်ပွဲ၊ သရေပွဲတွေရအောင် အားထုတ်နိုင်တဲ့ ဆဲလ်တာဗီဂိုကွင်းမှာ ဘာစီလိုနာတို့ ခြေကုန်ထုတ်ရဦးမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်မှတ်တမ်းတွေကို ကြည့်ရင် ဘာစီလိုနာတို့က သုံးပွဲနိုင်ထားပြီး သရေတစ်ပွဲနဲ့ ရှုံးပွဲတစ်ပွဲဖြစ်ထားပါတယ်။ တိုက်စစ်ကောင်းမွန်သလို ခံစစ်ပိုင်းလည်း ပြင်ဆင်ထားမှုရှိတဲ့ ဆဲလ်တာဗီဂိုတို့ဟာ အိမ်ကွင်းမှာ အနိမ့်ဆုံးအမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ဘာစီလိုနာဟာ အမှတ်ပြည့်ရအောင် ခြေကုန်ထုတ်ရမှာဖြစ်ပြီး နိုင်ပွဲရရင်တောင် ရလဒ်ပြတ်သားဖို့ မလွယ်ပါဘူး။

### မာလာဂါနှင့် ဗီလာရီးရဲ

ခံစစ်ပိုင်းကောင်းမွန်တဲ့ မာလာဂါကို ဗီလာရီးရဲတိုက်စစ်မှုးတွေ ဘယ်လိုကျော်ဖြတ်နိုင်မလဲ ကြည့်ရမှာဖြစ်ပါတယ်။ ဗီလာရီးရဲဟာ ဒီနှစ်လာလီဂါမှာ ခြေစွမ်းကောင်းပြသနေပြီး နိုင်ပွဲတွေလည်း ရအောင်စွမ်းဆောင်ထားနိုင်ပါတယ်။ လာလီဂါတာအထွက်မှာ နိုင်ပွဲပျောက်ဆုံးနေတဲ့ မာလာဂါကို အမှတ်ရအောင် ကြိုးစားနိုင်တာမို့ အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ အနိမ့်ဆုံး တစ်မှတ်တော့ရအောင် ရှာဖွေပါလိမ့်မယ်။

### လီဗန်တေးနှင့် အီဘာ

အိမ်ကွင်းမှာ ခြေစွာပြီး အဝေးကွင်းမှာ ရလဒ်မကောင်းတတ်တဲ့ အီဘာတို့အတွက် အခုပွဲမှာ လီဗန်တေးရဲ့ ဖိအားပေးမှုကို ခံစားရပါလိမ့်မယ်။ လီဗန်တေးကွင်းမှာ ကစားတိုင်း အီဘာတို့ ရှုံးပွဲတွေချည်းကြုံတွေ့ရတာများတာမို့ အခုပွဲမှာလည်း လီဗန်တေးတို့ အသာစီးရဖို့ များနေပါတယ်။ ဒီနှစ် လာလီဂါမှာ သရေပွဲတွေများနေတဲ့ လီဗန်တေးတို့ဟာ အခုတစ်လောနိုင်ပွဲတွေဆက်နေတဲ့ အီဘာတို့ တစ်မှတ်ရအောင် ခြေကုန်ထုတ်ရပါလိမ့်မယ်။

### ဗယ်လီကာနိုနှင့် ဂီဂျွန်

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဂီဂျွန်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာတော့ ဗယ်လီကာနိုတို့ ရှုံးကြွေးပြန်ဆပ်ပါလိမ့်မယ်။ လောလောဆယ်နိုင်ပွဲတွေ ပျောက်ဆုံးနေတဲ့ ဗယ်လီကာနိုအတွက် အခုပွဲဟာ အခွင့်အရေးကောင်းတစ်ရပ်အဖြစ် အသုံးချနိုင်မလားကြည့်ရမှာပါ။ ဂီဂျွန်ဟာ အဝေးကွင်းမှာ အမှတ်ရဖို့ ရုန်းကန်ရတတ်တာမို့ အခုပွဲဟာ အိမ်ရှင်တို့ အမှတ်ပြည့်ရနိုင်တဲ့ပွဲပါ။

### လက်စ်ပယ်ကစ်နှင့် ဆီဗီလာ

အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ တန်းတက်လက်စ်ပယ်ကစ်ဟာ ဆီဗီလာကို အဝင်အထွက်ရဲရဲနဲ့ ရင်ဆိုင်ပါလိမ့်မယ်။ ဒီနှစ်မှာ ကစားအားကောင်းလာတဲ့ ဆီဗီလာတို့ဟာ ပွဲတိုင်းအမှတ်ရယူရေး ကြိုးစားနေတာမို့ အဝေးကွင်းဆိုပေမယ့် အခုပွဲမှာ ဆီဗီလာတို့ အနိမ့်ဆုံးတစ်မှတ်ရယူဖို့ စွမ်းဆောင်မှာဖြစ်ပြီး အနိုင်ဆိုရင်တောင် ညှိ့သည်တို့ပဲ ဖြစ်ပါလိမ့်မယ်။ ။



## ခြေစွမ်းပြဖို့လိုနေတဲ့ ရှနိုက်ဒါလင်း

မန်ယူကွင်းလယ်ကစားသမား မော်ဂန်ရှနိုက်ဒါလင်းဟာ အသင်းနဲ့အတူ ပြန်ကစားနေပြီဖြစ်ပေမယ့် ကောင်းကောင်းခြေစွမ်းပြကစားနိုင်ခြင်းမရှိသေးပါဘူး။ ပြီးခဲ့တဲ့နွေရာသီက ဆောက်သမ်တန်အသင်းမှ ပေါင် ၂၅ သန်းနဲ့ ခေါ်ယူခဲ့တဲ့ ရှနိုက်ဒါလင်းဟာ တနင်္ဂနွေနေ့မှာ အသင်းဟောင်းဖြစ်တဲ့ ဆန်းဒါးလန်းနဲ့ ကစားရာမှာလည်း ခြေစွမ်းပြ မကစားနိုင်ခဲ့တဲ့အတွက် နည်းပြဗန်ဟားလ်အနေဖြင့် အားမလိုအားမရဖြစ်ခဲ့ရပါတယ်။

သို့ပေမယ့် မကြာသေးမီက ကစားသွားခဲ့တဲ့ ပြိုင်ပွဲတွေဖြစ်တဲ့ ကလပ်ဘရပ်နဲ့ လီဗာပူးတို့ပွဲစဉ်မှာ ပါဝင်ခဲ့တဲ့ မိုက်ကယ်ကာရစ်နဲ့ ရှဝိန်နစတိန်ဂါတို့ထက် ပိုကောင်းအောင် ကစားနိုင်ခဲ့တယ်လို့တော့ ဆိုပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ ရှနိုက်ဒါလင်းဟာ မန်ယူအတွက် အကောင်းဆုံးခြေစွမ်းပြကစားပေးနိုင်ဖို့ လိုနေသေးတယ်လို့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။ ကစားသမားတိုင်းဟာ အသင်းဟောင်းနဲ့ ပြန်တွေ့ရာမှာ အကောင်းဆုံးမကစားနိုင်ကြပါဘူး။ ဒီအထဲမှာလည်း ရှနိုက်ဒါလင်းလည်းပါဝင်နေတဲ့အတွက် နည်းပြဗန်ဟားလ်က အသင်းအတွက် အကောင်းဆုံးကစားဖို့ တိုက်တွန်းလိုက်တာဖြစ်ပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာ အကောင်းဆုံးကစားပေးဖို့ လိုတယ်လို့ နည်းပြက တိုက်တွန်းလိုက်ပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်။

## ဥရောပမှာ အကောင်းဆုံး လူငယ်တိုက်စစ်မှုးဖြစ်လာမယ့် မော်ရာတာ

ဥရောပရဲ့ အကောင်းဆုံးလူငယ်တိုက်စစ်မှုးတွေထဲမှာ ဂျူဗင်တပ်စ်လူငယ်တိုက်စစ်မှုး အယ်ဗာရိုမော်ရာတာလည်း တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ စပိန်နိုင်ငံသား မော်ရာတာဟာ ချန်ပီယံလိဂ် မန်စီးတီးနဲ့ ကစားတဲ့ပွဲမှာ အကောင်းဆုံးဂိုးသွင်းယူပေးခဲ့တဲ့ လူငယ်တိုက်စစ်မှုးဖြစ်ပါတယ်။ မော်ရာတာဟာ စပိန်အသင်းမှာ ကော်စတာကဲ့သို့ အလွန်ကောင်းတဲ့ ကစားသမားဖြစ်လာလိမ့်မယ်လို့ ဆိုကြပါတယ်။ ရီးရဲမက်ဒရစ်က မော်ရာတာကို ပြီးခဲ့တဲ့နှစ်က ဂျူဗင်တပ်စ်ကို ရောင်းချခဲ့တာဖြစ်ပါတယ်။

သူဟာ ဂျူဗင်တပ်စ်အသင်းမှာ ပိုကောင်းအောင်ကစားလာနိုင်တာ တွေ့ရတယ်လို့ဆိုပါတယ်။ ဂျူဗင်တပ်စ်မှာ ပေါ့ဂ်ဘာနဲ့အပြိုင် ခြေစွမ်းပြကစားလာနိုင်တဲ့ တိုက်စစ်မှုးဖြစ်ပါတယ်။ ဘောလုံးကျွမ်းကျင်မှု အရည်အသွေးပြည့်ဝတဲ့ မော်ရာတာက ဥရောပရဲ့ အကောင်းဆုံးလူငယ်ကစားသမားတွေအနက်တစ်ဦး ဖြစ်ပါတယ်။ လာမယ့်စီးရီးအေပြိုင်ပွဲတွေမှာ မော်ရာတာရဲ့ ခြေစွမ်းကို စီးရီးအေပရိသတ်တွေ တွေ့ရဖို့ရှိပါတယ်။



## ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ရော်ဂျာ

လီဗာပူးနည်းပြ ဘရီဒန်းရော်ဂျာဟာ မန်ယူကို ရှုံးနိမ့်ခဲ့ပြီးနောက် ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ လီဗာပူးအသင်းဟာ ယခုနှစ်ရာသီမှာ အကောင်းဆုံးခြေစွမ်းမပြနိုင်ဘဲ ရှိနေပါတယ်။ လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ ရာသီကုန်ဆုံးချိန် စတုတ်ကို ခြောက်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးကတည်းက အသင်းရဲ့ဂုဏ်ကျဆင်းပြီး နည်းပြရော်ဂျာကို အများအပြားက ဝေဖန်ခဲ့ကြပါတယ်။ လီဗာပူးအသင်းရဲ့ အောင်ပွဲခံမှုမပြုလုပ်နိုင်သည်မှာ ၁၆ လပင်တိုင်ခဲ့ပြီဖြစ်ပါတယ်။ နည်းပြ ရော်ဂျာနဲ့ သူ့ရဲ့ လီဗာပူးအသင်းဟာ စိန်ခေါ်မှုတွေနဲ့ ရုန်းကန်ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ လီဗာပူးရဲ့ အဓိကပြိုင်ဘက်တွေအားကောင်းလာတာနဲ့အမျှ လီဗာပူးအသင်းဟာလည်း အထက်ပိုင်းကို ပြန်မတက်နိုင်တော့တဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ လီဗာပူးအသင်းဟာ အခုအချိန်မှာ ပိုမိုကောင်းမွန်တဲ့ နည်းပြနဲ့ ပိုကောင်းတဲ့မဟာဗျူဟာတွေ ခင်းကျင်းကစားဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေချပြီး အကောင်းဆုံးဖြစ်အောင် အသင်းကိုပြန်လည်တည်ဆောက်ဖို့ လိုအပ်နေပြီလို့ ဝေဖန်မှုတွေ ပြောကြားလျက်ရှိပါတယ်။ လီဗာပူးရဲ့အောင်ပွဲခံမှုတွေ ပျောက်ဆုံးနေခဲ့တာကြာပြီ ဖြစ်ပါတယ်။

# သုံးဘီးဆိုင်ကယ်များ စနစ်တကျပြေးဆွဲမောင်းနှင်ရေး ရှင်းလင်းဆွေးနွေး



**သထုံ စက်တင်ဘာ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဒေသတွင်းတိုးတက်များပြားလာသည့် သုံးဘီးဘေးတွဲမော်တော်ဆိုင်ကယ်များကို စည်းစနစ်တကျဖြင့် ပြေးဆွဲမောင်းနှင်ရန်အတွက် ရှင်းလင်းဆွေးနွေးပွဲကို လိပ်အင်းကျောင်းကြီး ဘုန်တော်ကြီးကျောင်း၌ စက်တင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် တော်ဝင်မီဒီယာဂရုမှ ဦးနန္ဒကျော်စွာ၊ သထုံခရိုင်ယာဉ်ထိန်း တပ်ဖွဲ့စုမှူး ဒုရဲမှူးမျိုးမင်းသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းတို့က မြို့နယ်အတွင်းမှ ဘေးတွဲဆိုင်ကယ်မောင်းနှင်သူများအား ဒေသတွင်းထုတ်ပြန်ထားသည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် စက်တင်ဘာ ၇ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် မော်တော်ယာဉ်ဥပဒေနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကိုလည်းကောင်း၊ အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းအောင် ဂရုပြုမောင်းနှင်ကြရေးတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

"ဒီဘေးတွဲသုံးဘီးတွေက အောက်ခြေလူတန်းစားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အတော်လေးအဆင်ပြေတယ်။ အချို့အငှားမောင်းကြသလို အတော်များများကတော့ ကိုယ်တိုင်မောင်းကြတယ်။ အငှားမောင်းရင် အုံနာခ တစ်ရက်ကို ၂၀၀၀ ပေးရပြီးတော့ ကျန်တာနဲ့ မိသားစုစားဝတ်နေရေး အဆင်ပြေတာပေါ့။ ဒီနှစ်အတွင်းမှာ ဘေးတွဲတွေတော်တော်များလာတာနဲ့အမျှ စည်းကမ်းပိုင်းကလည်း အတော်ပျက်စီးလာကြတယ်။ အသက်မပြည့်သေးသူတွေ မောင်းနေတာကိုလည်း တွေ့ရတယ်။ ဆင်းရဲသားလူတန်းစားတွေအတွက် မိသားစုအဆင်ပြေစေပြီး အလုပ်အကိုင်တွေရရှိစေတဲ့ လုပ်ငန်းဖြစ်နေတော့ စည်းစနစ်တကျဖြစ်ဖို့ ဝိုင်းဝန်းလုပ်ဆောင်ကြရမှာပါ"ဟု ဘေးတွဲဆိုင်ကယ် မောင်းနှင်သူတစ်ဦးက ပြောသည်။

ဘေးတွဲဆိုင်ကယ်မောင်းနှင်ခြင်းသည် အရင်းအနှီးငွေကြေး သက်သာသောကြောင့် ယခင်အနေးယာဉ်ဆိုက်ကားနင်းသူများမှာ ယခုအခါ ဘေးတွဲဆိုင်ကယ်များကို ပြောင်းလဲမောင်းနှင် လုပ်ကိုင်လာကြသည်။ ပြီးခဲ့သည့်နှစ်က သထုံမြို့တွင် ဘေးတွဲဆိုင်ကယ် စီးရေ ၅၀၀ ခန့်သာရှိရာမှ ယခုနှစ်တွင် အစီးရေ ၁၀၀၀ ကျော်အထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မြေငှားဂရန်ထုတ်ပေးခြင်း အခမ်းအနားကျင်းပ

**လပွတ္တာ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာအုပ်စုတွင် မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားကို ကျောက်မှော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ စက်တင်ဘာလ ဒုတိယပတ်က ကျင်းပသည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကျေးလက်လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ကျောက်မှော်ကျေးရွာတွင် ကျေးရွာမြေငှားဂရန်စာချုပ် ၉၄ ခုကို မြေပိုင်ရှင်များအား ပေးအပ်ခဲ့သည်။

ထိုသို့ ကျေးရွာအဆင့် မြေငှားဂရန်ထုတ်ပေးနိုင်ခဲ့သဖြင့် ကျေးရွာရှိ နေအိမ်မြေကွက်များသည် ယခုထက်တန်ဖိုးပိုမိုမြင့်တက်နိုင်ခြင်း၊ မြေယာပိုင်ဆိုင်မှုရရှိသည့်အတွက် မြေငှားဂရန်စာချုပ်ဖြင့် ချေးငွေများ ထုတ်ချေးနိုင်ပြီး မိမိတို့၏ အသေးစား၊ အလတ်စားလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ကာ ဒေသခံပြည်သူများ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဟု သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေလင်းထံသို့ မြေငှားဂရန်စာချုပ်များ ပေးအပ်သည်။

ဆက်လက်၍ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး၊ မြေငှားဂရန်ထုတ်ပေးရေးခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးက မြေငှားဂရန် စာချုပ်များ ပေးအပ်ရာ ဖွံ့/ထောက်ကော်မတီဥက္ကဋ္ဌ ဦးအောင်အောင်ထွန်းက လက်ခံယူခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှိုင်ဦးက မြေငှားဂရန်စာချုပ်များ ပေးအပ်ရာ ကျေးရွာအုပ်စု ရပ်မိရပ်ဖ ဦးကျင်ခဲက လက်ခံယူခဲ့သည်။

ဆက်လက်၍ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်က မြေငှားဂရန်စာချုပ်များ ပေးအပ်ရာ ရပ်မိရပ်ဖ ဦးဝင်းရွှေက လက်ခံယူခဲ့သည်။

ထို့နောက် ရပ်မိရပ်ဖ ဦးအောင်မြတ်က ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ဒေသခံပြည်သူများကလည်း မြေငှားဂရန်စာချုပ်များ ထုတ်ပေးသည့်အတွက် အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

**ဝင်းကျော်မြင့်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ် ဆွာမြို့တွင် ပထမဦးဆုံး AGD ဘဏ်ဆောက်လုပ်နေ

**ရေတာရှည် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ပထမဦးဆုံး AGD ဘဏ်ခွဲတစ်ခုကို ဆွာမြို့တောင်ပိုင်း အမှတ်(၃)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း အနောက်ဘက်တွင် တည်ဆောက်လျက်ရှိသည်။

ရေတာရှည်မြို့နယ်တွင် ယခင်က ငွေကြေးစုဆောင်းခြင်း၊ ငွေလွှဲ၊ ငွေပို့လုပ်ငန်းများအား ရေတာရှည်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် တောင်ငူမြို့များသို့ သွားရောက်ဆောင်ရွက်ကြသည့်အတွက် အချိန်ကုန်ကာ ငွေကြေးကုန်ကျမှုများလည်းရှိခဲ့သည်။ ယခုကဲ့သို့ ဘဏ်ခွဲဖွင့်လှစ်ပြီးပါက မြို့ပြနှင့် ကျေးလက်ဒေသနေတောင်သူများအတွက် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြသူများထံမှ မိသားစုသို့ ငွေလွှဲ၊ ငွေပို့ခြင်းအပါအဝင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



## သတင်းတိုများ

### ကျေးလက်ကျောက်ချောလမ်းအရည်အသွေးစစ်ဆေး

မူဆယ်မြို့နယ် မောင်တောင်းကျေးရွာအုပ်စု မောင်တောင်းကျေးရွာနှင့် ခိုတိန်ကျေးရွာ ကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင် လေးဖာလုံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၈၃ ဒသမ ၆၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ပိုလာစတားကုမ္ပဏီက ဖောက်လုပ်လျက်ရှိရာ လမ်းအရည်အသွေးကောင်းမွန်ရေးအတွက် မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စက်တင်ဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လမ်းဖောက်လုပ်နေမှုအခြေအနေကို မြို့နယ်ဦးစီးမှူးကလည်းကောင်း၊ လမ်းသားတိုးချဲ့ခြင်း၊ မြေပြုပြင်ဆောင်ရွက်ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ကုမ္ပဏီမှ တာဝန်ရှိသူများကလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး (ပြန်/ဆက်)**

### ကျေးလက်ရေပေးရေးကွင်းဆင်းကြည့်ရှု

မူဆယ်မြို့နယ် စယ်လန့်ကျေးရွာအုပ်စုရှိ နမ့်ကတ်ကျေးရွာ၊ မန်ကန်ကျေးရွာနှင့် မိုင်ဆတ်ကျေးရွာများ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းဇော်က စက်တင်ဘာ ၂၀ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာနှင့် ကျေးရွာရေကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။ **အယ်လ်စိုး (ပြန်/ဆက်)**

### မဲဆန္ဒရှင်စာရင်းကြေညာမှုကြည့်ရှုစစ်ဆေး

အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်မည် မဲဆန္ဒရှင်များစာရင်းကို ညောင်ရွှေမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ စက်တင်ဘာ ၁၄ ရက်မှစ၍ အသိပေးကြေညာထားခဲ့ရာ အင်းလေးဒေသတွင်းရှိ ကေလာ၊ ဟဲယာရွာမ၊ သာလေး၊ အင်းပေါခုံ၊ အင်းလျားကျိုင်းခမ်း၊ မိုင်းပျိုး၊ နန်းပန်၊ ငါးဖယ်ချောင်းနှင့် မင်းချောင်းကျေးရွာအုပ်စုများ၌ မဲဆန္ဒရှင်စာရင်း ကြေညာထားမှုများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းများကြေညာထားမှုနှင့် အများပြည်သူမြင်သာအောင် ကပ်ထားသည့်အခြေအနေများကို စစ်ဆေးခဲ့သည်။ **နေမျိုးသူရိန်**

### နမ့်တင်ကျေးရွာ၌စိမ့်စမ်းရေပေးဝေရေးဆောင်ရွက်

ရှမ်းပြည်နယ်(တောင်းပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် နမ့်တင်ကျေးရွာ၌ စိမ့်စမ်းရေပေးဝေရေးလုပ်ငန်းများအဖြစ် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းများကို လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ၁၄ ဒသမ ၆၉၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်နှင့် မြို့နယ်ဦးစီးမှူး ဦးအုန်းမောင်တို့က စက်တင်ဘာ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**



# သိုင်းဝ-ကုန်းကြီးလမ်းဆုံကျောက်လမ်းကို ကိုယ့်အားကိုယ်ကိုးပြုပြင်

**ရေတာရှည် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နှင့် ဆွာမြို့အကြား ကုန်းကြီးလမ်းဆုံမှ အနောက်ဘက်လေးမိုင်ခန့်အကွာရှိ သိုင်းဝကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ကျေးလက်ကျောက်ချောလမ်းမှာ မိုးရာသီကာလတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် စက်တင်ဘာ ၂၀ ရက်မှစ၍ ဒေသခံများ ကိုယ့်အားကိုယ်ကိုး ပြုပြင်လျက်ရှိကြောင်း သိရသည်။

အမှတ်ကြီးခုံ ရှမ်းကျောင်းတိုက် ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ကြီးဦးဣန္ဒက ကြီးမှူး၍ အမတ်ကြီးခုံ၊ ကြို့ပင်သာ၊ သပြေကုန်းနှင့် သိုင်းဝကျေးရွာများမှ ဒေသခံများစုပေါင်းကာ ကျောက်မှုန့်များဖြူးခြင်း၊ ကျောက်များဖြည့်စွက်ခင်းခြင်းတို့ကို ဆောင်ရွက်နေကြခြင်းဖြစ်သည်။

"လက်ရှိတော့ သိန်းခြောက်ဆယ်လောက်ကုန်သွားပြီ။ အလှူခံကရတဲ့ငွေရယ် ဆရာတော်ကြီးက လှူဒါန်းတာတွေလည်းပါတာပေါ့"ဟု ကုန်ကျစရိတ်နှင့်ပတ်သက်၍ လမ်းပြုပြင်နေသည့် ဒေသခံများက ပြောသည်။ အဆိုပါလမ်းပိုင်းမှာ ဒေသခံပြည်သူများ နေ့စဉ်ဖြတ်သန်းခရီးသွားလာမှု များပြားသောလမ်းဖြစ်ရာ မကြာမီလမ်းပြုပြင်ပြီးသွားပါက အဆင်ပြေစွာသွားလာနိုင်ကြတော့မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မိကျောင်းအန္တရာယ်ကြောင့် ပင်လယ်ပိုင်းဒေသတွင် ဘဲမွေးမြူသူများအခက်ကြုံနေ

**ဘိုကလေး စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းမှ ပင်လယ်ပိုင်းဖြစ်သော ကဒုံကနိကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ဒေသတွင် မိကျောင်းအန္တရာယ်ကြောင့် ဒေသတွင်းမှ ဘဲမွေးမြူသူများ အခက်ကြုံလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၂၄ ရက်က ကဒုံကနိကျေးရွာအုပ်စု လိပ်တော်ရေကျော်ကျေးရွာ ဝက်ချောင်းကမ်းနံဘေး၌ ၁၄ နှစ်အရွယ် လူငယ်တစ်ဦးကို အိမ်ရှေ့ချောင်းစပ်တွင် မိကျောင်းကိုက်ချီသွားခဲ့ပြီး ယင်းသတင်းကို နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

၁၄ တောင်၊ ဒေသသုံးလှေအရွယ်အစားရှိသည့် မိကျောင်းကြီး (ဒေသအခေါ်) အဝါကျားသည် ယင်းဒေသတွင် သွားလာကျက်စားလျက်ရှိပြီး စက်တင်ဘာ ၁၈ ရက် နံနက် ၁ နာရီခန့်တွင် ဝန်းကျင်ကုန်းပေါ် နေအိမ်တဲအနီး ကြိုးချည်ထားသော ဝက်တစ်ကောင်ကို တက်ဆွဲရန်ပြင်နေစဉ် ဝက်အော်သံကြောင့် အိမ်ရှင်များသိရှိသွားပြီး ခြောက်လှန့်မောင်းထုတ်ရကြောင်း၊ ရေလမ်းခရီးသွားများ၊ လက်လှော်လှေငယ်များမှာလည်း မိကျောင်းအန္တရာယ်ကို သတိထားသွားလာနေရကြောင်း ဘိုကလေးမြို့မှ ကိုယ်ပိုင်စက်လှေဖြင့် သုံးနာရီနီးပါး ခုတ်မောင်းရသည့် မြင်းကအုပ်ကျေးရွာတွင်နေထိုင်သူ ဒေါ်မြဝင်းကပြောသည်။

ရေပြင်တွင် မိကျောင်းကြီး သွားလာလှုပ်ရှားနေမှုကြောင့် ဘဲမွေးမြူထားသူများအနေဖြင့် မွေးထားသော ဘဲများကို ရေပြင်တွင်လွှတ်ကျောင်းရန် အခက်ကြုံလာကြောင်း သိရသည်။ ကုန်းပေါ်ရှိ လယ်ကွင်းများတွင် လွှတ်ကျောင်းရာတွင်လည်း လယ်ကွင်းများ၌ချထားသော ဒေသအခေါ် ထိသေပိုးသတ်ဆေးများကြောင့် မလွှတ်ရဲကြောင်း ဒေါ်မြဝင်းက ပြောသည်။



ဘဲစာကျွေးသည့် ဆန်ကွဲဈေးနှုန်းမှာလည်း မြင့်တက်လျက်ရှိပြီး တစ်အိတ်လျှင် လက်လီဈေး ၁၈၀၀၀ ကျပ်နှုန်းအထိ ဝယ်ယူနေရကြောင်း၊ ဥဘဲအကောင်တစ်ရာလျှင် တစ်ရက် ဆန်ကွဲ လေးပြည်ကျွေးရကြောင်း သိရသည်။မိကျောင်းအန္တရာယ်အပြင် အစာဈေးနှုန်းမြင့်တက်နေမှုကြောင့် မွေးမြူရေးလုပ်ငန်းများအနေဖြင့် အခက်ကြုံနေရကြောင်း၊ မွေးမြူရေးလုပ်ငန်း အဆင်မပြေခြင်းကြောင့် ဘိုကလေးမြို့ပေါ်သို့ ယခုရက်ပိုင်းတွင် ဘဲများလာရောက်ရောင်းချမှု များပြားလျက်ရှိကြောင်းလည်း ဘိုကလေးမြို့ အောင်သပြေဈေးမှ ရေထွက်ကုန်ပစ္စည်းမျိုးစုံ ရောင်းဝယ်သူ ဦးငွေးက ပြောသည်။

ဘဲမွေးမြူသူများအနေဖြင့် မဒန်းဓာတ်ဘဲတစ်ကောင်လျှင် ကျပ် ၄၀၀၀ နှုန်းဖြင့် ဝယ်ယူရပြီး ဥစမ်းကာလ၌ အကောင်တစ်ရာလျှင် ဥအလုံးရေ ၉၀ ခန့် ရရှိသည်။ တစ်နှစ်သားကျော် နှစ်နှစ်သားအချိန်တွင် ပြန်ရောင်းလေ့ရှိပြီး တစ်ကောင်လျှင် အလေးချိန် ၆၀ ကျပ်သားခန့်ရှိကာ တစ်ပိဿာလျှင် ၁၇၀၀ ကျပ်ခန့်ရှိကြောင်း သိရသည်။ လက်လီပြန်လည်ရောင်းချရာတွင် အရှင်တစ်ကောင် ၁၅၀၀ ကျပ်၊ အသေဆိုလျှင် ၅၀၀ မှ တစ်ထောင်ကျပ် ခန့်ဈေးနှုန်းများဖြင့် ရောင်းချသည်။ ထို့အပြင် ဘိုကလေးမြို့အတွင်း ဘဲကြော်အဖြစ် လိုက်လံရောင်းချနေမှုများလည်းရှိပြီး ကြော်၍ လက်လီရောင်းပါက တစ်ကောင်လျှင် ၂၅၀၀ ကျပ်ဝန်းကျင် ရရှိကြောင်း ဘိုကလေးမြို့နေ ဘဲကြော်ရောင်းသူတစ်ဦးထံမှ သိရသည်။

ဘဲဥများမှာမူ အလုံး ၃၀ ပါကတ်များဖြင့်ထည့်သွင်း၍ ရန်ကုန်သို့ တင်ပို့ရောင်းချရာ အလုံး ၃၀၀ ပါ ဆယ်ကတ်တစ်တွဲလျှင် နယ်ဈေးတစ်လုံး ၁၀၈ ကျပ်ခန့်ဖြင့် တင်ပို့ရောင်းချပြီး ရန်ကုန်ဈေးကွက်တွင် တစ်လုံး ၁၄၀ ကျပ်ခန့် ရှိနေသည်။ **ခင်ဆိုင်**

# ရေရှားပါးသည့် ရမည်းသင်းမြို့၌ သောက်သုံးရေရရှိ

**ရမည်းသင်း စက်တင်ဘာ ၂၂**

သောက်သုံးရေရှားပါးသည့် ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ကြီး စီဗွီလိုင်းရပ်ကွက်၌ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဝီစိရေတွင်းတူးစက်ကြီးဖြင့် အဝီစိတွင်းတူးဖော်ပေးခဲ့ရာ စက်တင်ဘာ ၂၀ ရက်က သောက်သုံးရေချိုများ စတင်ထွက်ရှိပြီဖြစ်ကြောင်း သိရသည်။

ရေတွင်းအနက်ပေ ၉၀၀ ရှိပြီး သဲကြောပေ ၈၀ တွေ့ရှိကြောင်း၊ ရေမှုတ်ရာတွင် တစ်နာရီ ဂါလန် ၂၀၀၀ သတ်မှတ်ထားကြောင်း၊ ရမည်းသင်းမြို့နယ်



စည်ပင်သာယာရေးကော်မတီမှ အကူအညီတောင်း၍ တူးပေးခြင်းဖြစ်ကာ ၂၅ ရက်ကြာအောင် တူးပြီးမှ ရေရရှိခြင်းဖြစ်ကြောင်း၊ စထွက်သည့်ရေကို ရေစစ်ဆေးရေးဌာနသို့ မပို့ရသေးသော်လည်း ရပ်ကွက်နေပြည်သူများ သောက်ကြည့်ကြရာ ရေချိုဖြစ်သောကြောင့် ရေရှားပါးသောရပ်ကွက်၌ သောက်သုံးရေချိုရရှိ၍ ဝမ်းသာလျက်ရှိကြောင်း အဝီစိရေတွင်းတူးစက်ကြီး တာဝန်ခံ ဦးစိန်ဝင်းက ပြောသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ရေတွင်းအတွက် ထည့်သွင်းထားခြင်းမရှိသော်လည်း မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ၏ တင်ပြတောင်းခံချက်အရ မြို့နယ်စည်ပင်သာယာရေးကော်မတီက လမ်းတံတားလုပ်ငန်း တင်ဒါပိုလျှံငွေများမှ ငွေကျပ် ၁၂၅ သိန်း အကုန်ကျခံ၍ ရေတွင်းတူးပေးခဲ့သည့်အတွက် စည်ပင်သာယာရေး ကော်မတီကိုလည်း ရပ်ကွက်နေပြည်သူများက ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ရမည်းသင်းမြို့သည် သောက်သုံးရေချို အလွန်ရှားပါးသောမြို့ဖြစ်ကာ သုံးမိုင်ခန့်ဝေးသော စံပြသိမ်ကုန်းကျေးရွာ အဝီစိစက်ရေတွင်းများမှ ပေးပို့သောရေကို သောက်သုံးနေရသော မြို့ဖြစ်သည်။ နှစ်ပေါင်း ၇၀၀ ကျော်ကတူးထားသော နှစ်တိုင်ပတ်လည်ရှိ ယခင်ကြာနီကန် ယခုကြေးနီကန်ကြီးကိုလည်း နိုင်ငံတော်သမ္မတ၏ သီးခြားရန်ပုံငွေ ကျပ် ၁၅၈၁၁ သန်းအကုန်ကျခံ၍ တူးဖော်ပေးထားပြီးဖြစ်သဖြင့် ယခင်က လယ်ဧက ၂၅၀၀ မိုးစပါး စိုက်ပျိုးနိုင်ရာမှ ယခုအခါ လယ်ဧက ၆၄၂၉ ဧက၊ နွေစပါး ယခင်ဧက ၃၀၀ မှ ယခု ၁၇၀၀ အထိ စိုက်ပျိုးနိုင်ပြီဖြစ်သည်။

ကြေးနီကန်ပြန်လည်တူးဖော်ရေး ဆောင်ရွက်နေစဉ်အတွင်း ရမည်းသင်းမြို့၏ အဓိကလိုအပ်ချက်မှာ သောက်သုံးရေဖြစ်ကြောင်း ပြည်သူများ၏တင်ပြချက်အရ ကြေးနီကန်မှ ရေများသို့လှောင်ကန်၊ ရေစစ်ကန်၊ လျှပ်စစ်မီး 200KVA ထရန်စဖော်မာအသစ် တည်ဆောက်ခြင်း၊ ရေသန့်စက်ရုံမှတစ်ဆင့် ရေစင်ကြီးသုံးခုဖြင့် မြို့တွင်းသို့ရေဖြန့်ဝေနိုင်ရန် ရေပိုက်လိုင်းများ တိုးချဲ့တပ်ဆင်ခြင်း၊ မြို့တွင်း၌မီးသတ်ကန် ၁၀ ကန်တည်ဆောက်ခြင်း လုပ်ငန်းများကို လွှတ်တော်တွင်တင်ပြတောင်းခံ၍ ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်ကြောင်း လည်းမြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်ဦးအေးထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ရွေးကောက်ပွဲလုံခြုံရေး ရဲတပ်ဖွဲ့လုပ်ငန်းရှင်းလင်းပွဲနှင့် မူးယစ်ဆေးဝါးကြိုတင်ကာကွယ်ရေး ဆွေးနွေး

**ရေစကြို စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့မိမြို့ဖများ သတင်းမီဒီယာများ၊ လူငယ်အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အခြားဖိတ်ကြားထားသူများနှင့် တွေ့ဆုံ၍ တစ်လတာ ကာလအတွင်း ရဲတပ်ဖွဲ့၏ လုပ်ငန်းများ၊ ရွေးကောက်ပွဲကာလများ လုံခြုံရေး အစီအမံများ ရှင်းလင်းတင်ပြခြင်းနှင့် အကြံဉာဏ်ရယူ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက် နံနက်က မြို့မရဲစခန်းတွင် ပြုလုပ်သည်။


အဆိုပါ အခမ်းအနားသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်က သတင်းမီဒီယာများ၊ အခြားဖိတ်ကြားထားသူများ လူငယ်အဖွဲ့အစည်းများ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တစ်လတာ ကာလအတွင်း ပေါ်ပေါက်ခဲ့သော မှုခင်းများ၊ မှုခင်းဖြစ်ပေါ်ရသည့် အကြောင်းရင်းများ အရေးယူဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရွေးကောက်ပွဲအကြိုကာလ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများအတွက် လုံခြုံရေးအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မှုခင်းကျဆင်းရေး၊ မှုခင်းပပျောက်ရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့နှင့် ပတ်သက်၍ အကြံဉာဏ်များ ပေးကြပါရန် ပြောကြားသည်။

ထို့နောက် မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်စည်ပင်ကော်မတီဝင် ဦးစိုးထွန်း၊ လူငယ်ကွန်ရက်မှ ညှိနှိုင်းရေးမှူးကိုအောင်ကျော်စိုးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အသီးသီးမေးမြန်း အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ လူငယ်ထု၏ အနာဂတ်အရေး၊ အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ မြို့နယ်အတွင်း ရောင်းဝယ်ဖောက်ကားသုံးစွဲခြင်းများ ကင်းရှင်းရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး အဓိကထား ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# ရေဘေးသင့်မြစိမ်းရောင်ကျေးရွာ၌ လုပ်ငန်းများပြန်လည်ထူထောင်ရန်ဆွေးနွေး

**ကလေး စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ဇူလိုင်နှင့် ဩဂုတ်လအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ကျေးရွာအချို့တွင် ရေကြီးနစ်မြုပ်မှုဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရသည်။

ယခုလိုပါတီစုံဒီမိုကရေစီစနစ်မှာ ကျွန်တော်တို့လို မျိုးနွယ်စုငယ် လူနည်းစုများအနေနဲ့ အထူးသတိထားရမယ့်အချက်တွေ ရှိနေပါတယ်။ လူနည်းစုကို အခြေခံပြီးတော့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ပါတီငယ်တွေ အနေနဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ရာထူးရရှိရေး၊ လွှတ်တော်မှာ အမတ် နေရာရရှိရေးအတွက် လူမျိုးစု(၂)စု (သို့မဟုတ်) (၃) စုကို ရောနှောပေါင်း စည်းပြီးတော့ လူမျိုးတစ်မျိုးတည်းအဖြစ်ခံယူရန် ကြိုးစားခြင်းများရှိတတ်ပါ တယ်။ ရှိနေကြပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် လိုအပ်တဲ့နေရာ ရတယ် ဆိုပါစို့ လွှတ်တော်သက်တမ်း(၅)နှစ်တာအတွင်းမှာ အဲဒီလူမျိုးများရေးရာ ကို ဆောင်ရွက်ရမယ်ဖြစ်ပြီး သက်တမ်း(၅) နှစ်တာအတွင်းမှာသော်လည်း ကောင်း၊ (၅)နှစ်တာ သက်တမ်းကျော်လွန်တဲ့အခါမှာသော် လည်းကောင်း၊ အဲဒီလူမျိုးများရဲ့ကြားမှာ ဖြစ်ပျက်သဘောအရ ဆန္ဒကွဲလွဲကောင်း ကွဲလွဲ နိုင်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း "မြို"နဲ့ "ခမီ" လူမျိုးကြားမှာ အဲဒီလို အရှုပ်အထွေးတွေကြောင့် ယခုလက်ရှိအခြေအနေမှာ တစ်မျိုးနဲ့တစ်မျိုး ယုံကြည်မှုအရ အားနည်းချက်များရှိနေတာကို တွေ့ရပါတယ်။ အဲဒါကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုကိုရှေးရှုပြီး ရိုးသား ပွင့်လင်းစွာနဲ့ ဆောင်ရွက်ကြစေလိုပါတယ်။

**မြိုတိုင်းရင်းသားများနဲ့ ဒေသခံတိုင်းရင်းသားများ ခင်ဗျား-**

မြိုတိုင်းရင်းသားများဟာ ခေတ်နောက်ကျပြီး အဘယ်ကြောင့်ပျောက် ကွယ်လုမတတ်ဖြစ်နေရသလဲဆိုတာကို ဆန်းစစ်လေ့လာ အဖြေရှာသင့်တဲ့ အချိန်အခါရောက်လာပါပြီ။ **"မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုး ပြုတ်မယ်"** ဆိုတဲ့ ဆောင်ပုဒ်ကိုအလေးထားရမှာ ဖြစ်ပါတယ်။ မြန်မာ့ သမိုင်းမှာ ပျူခေတ်ဟု ထွန်းကားခဲ့ဖူးသော ပျူလူမျိုးများဟာ ယခုအခါ လက်ညှိုးထိုးပြစရာ မရှိတော့ပါ။ **"လူမျိုးရှိမှ ယဉ်ကျေးမှုရှိမယ်၊ ယဉ်ကျေး မှုရှိမှ လူမျိုးတင့်မယ်"** ဆိုတဲ့ အပြန်အလှန်အမှီပြုနေတဲ့အထဲမှာ လူမျိုး ပျောက်ကွယ်သော် လည်းကောင်း၊ အရောအနှောခံရသော်လည်းကောင်း၊ ဒေါင်းယောင်ဆောင်တဲ့ကျီးလို ဟိုယောင် ဒီယောင် ယောင်နေသော် လည်း ကောင်း လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ တွေဟာ ဘယ်လိုနည်းနဲ့မျှ ခမ်းနားထည်ဝါစွာ ရပ်တည်နေနိုင်မှာ မဟုတ် ပါဘူး။ အဲဒါကြောင့် လူမျိုးနဲ့ယဉ်ကျေးမှုဟာ ဘယ်အခွင့်အရေးနဲ့မျှ လဲလို့ မရတဲ့ တန်ဖိုးအရှိဆုံးသော အနဂ္ဂရတနာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော် များ မြိုတိုင်းရင်းသားပါတီအနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်များ ခင်ဗျား-**

ကျွန်တော်တို့ မြိုတိုင်းရင်းသားပါတီအလံတော်နဲ့ အထိမ်းအမှတ် တံဆိပ်ကို ဆက်လက်တင်ပြပါမည်-

**မြိုတိုင်းရင်းသားပါတီအလံတော်**

မြိုတိုင်းရင်းသားပါတီရဲ့အလံတော်ကို အရောင်(၄)မျိုးဖြင့် ဖော်ပြ ထားပြီး ကောင်းကင်ပြာရောင်မှာ တည်ကြည်ခြင်း၊ အစိမ်းရောင်မှာ စိမ်းလန်း စိုပြည်ခြင်း၊ အဖြူရောင်မှာ ဖြူစင်သန့်ရှင်းခြင်း ဆောင်ပါတယ်။ အလံတော် ရဲ့ လက်ဝဲဘက်ထိပ် အနီရောင်လေးထောင့်ကွက်ထဲမှာ မြိုဘာသာစကား ဖြင့် Rang Pang Ma လို့ခေါ်တဲ့ ရောင်းရင်းငှက်ထည့်ထားပြီး အဲဒီငှက် ဟာ သစ္စာရှိတဲ့ငှက်ဖြစ်ပါတယ်။ အားလုံးရိုးသားစွာ သစ္စာရှိကြရမယ်လို့ ဖော်ညွှန်းခြင်းဖြစ်ပါတယ်။ အနီရောင်ပေါင်ကွက်ကတော့ ရဲရင့်တက်ကြွ ခြင်း သဘောဖြစ်ပါတယ်။ အလံတော်ရဲ့အောက်ခြေမှာရှိတဲ့ ရေပြင်ညီက တော့ တန်းတူညီတူရေးကို ပြသခြင်းဖြစ်ပါတယ်။ အလံတော်မှာ ရေပြင် ညီထည့်ရတာက ကျွန်တော်တို့ မြိုတိုင်းရင်းသားတွေမှာ အမှုအခင်း ပြဿနာတစ်ခုကို နောက်ဆုံးဆုံးဖြတ်ရမယ့်အခါ သစ္စာဆို/ကျိန်စာဆိုပြီး ရေငုပ်ဖြေရှင်းတဲ့ ဓလေ့ကိုဖော်ညွှန်းတဲ့အနေနဲ့ ရေပြင်ညီကို ထည့်ရခြင်း ဖြစ်ပါတယ်။

**မြိုတိုင်းရင်းသားပါတီ အထိမ်းအမှတ်တံဆိပ်**

မြိုတိုင်းရင်းသားပါတီရဲ့ အထိမ်းအမှတ်တံဆိပ်ကတော့ ကျွန်တော်တို့ မြိုတိုင်းရင်းသားများနေထိုင်တဲ့ တောင်စဉ်တောင်တန်းကို အသိအမှတ် ပြုဖော်ပြထားခြင်းဖြစ်ပါတယ်။

မြိုတိုင်းရင်းသားပါတီဆောင်ပုဒ်ကတော့ "နိုင်ငံတော်ကိုချစ်ပါ။ တိုင်း ရင်းသားပြည်သူကို လေးစားပါ။ ယဉ်ကျေးမှုကို ထိန်းသိမ်းပါ။"

**လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီနောင်များနဲ့ ရခိုင် ပြည်နယ်ရှိ ဒေသခံမဲဆန္ဒရှင်ပြည်သူများ ခင်ဗျား-**

ကျွန်တော်တို့ မြိုတိုင်းရင်းသားများဟာ ရခိုင်ပြည်မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ရသေ့တောင်(၅) မြို့နယ်မှာ နေထိုင်ကြပါတယ်။ မြိုတိုင်းရင်းသားပါတီအနေဖြင့် ဝင်ယှဉ်ပြိုင် မယ့်နေရာတွေကတော့ မောင်တောမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)မှာ တစ်ဦး၊ မောင်တောမြို့နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် (၇)မှာ တစ်ဦး၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)မှာ တစ်ဦး စုစုပေါင်း သုံးဦးဝင်ပြိုင်မှာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်မှာ မဲဆန္ဒရှင် မြိုတိုင်းရင်းသားဦးရေ ၁၀၀၀ ခန့်သာရှိပြီး ကျောက်တော်မြို့နယ်မှာဆိုရင် မြို တိုင်းရင်းသား လူမျိုးအစစ်အမှန် ကျေးရွာ ယိုးချောင်းဖျားပိုင်း၊ သလူ ချောင်းကျေးရွာအုပ်စုမှာ ကျေးရွာ ငယ်ကိုးရွာပဲရှိပါတယ်။ ကျွန်တော်တို့ မြိုတိုင်းရင်းသား မဲဆန္ဒရှင်များ အလွန်နည်းပါးတဲ့အတွက်ကြောင့်မို့ ဝင်မပြိုင်ရခြင်းဖြစ်ပါတယ်။ အဆိုပါ မြို့နယ်ထဲက မြိုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါတယ်။




**လေးစားအပ်ပါသော မြိုတိုင်းရင်းသားများနဲ့ ဒေသခံတိုင်းရင်းသားမဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

မိမိတို့ဒေသမှာ ဘာတွေဖြစ်နေသလဲ၊ ဘာတွေလိုအပ်သလဲ၊ ဘာတွေ ဆောင်ရွက်သင့်သလဲဆိုတာကို မိမိတို့ဒေသခံပြည်သူတွေက ပိုသိပါ တယ်။ ထို့ကြောင့် မိမိတို့ဒေသကအရွေးခံမယ့် မြိုတိုင်းရင်းသားပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အားပေးထောက်ခံကူညီကြပါ။ တောင်တံဆိပ်ပါသော မြိုတိုင်းရင်းသားပါတီမဲပုံးထဲကို မှန်ကန်သော မေတ္တာ၊ စေတနာ၊ ကရုဏာမဲများထည့်ပေးကြပါလို့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးခြင်းအကျိုးကိုမျှော်ကိုးလျက် ယုံကြည်အားကိုးစွာဖြင့် ပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြိုတိုင်းရင်းသားပါတီ၏ သီချင်း**

ညီညွတ်ကြပါ ဒို့ညီအစ်ကိုမောင်နှမတွေ၊ ဒို့ပါတီအထိမ်းအမှတ်မှာ တောင်တန်းပြာပါ။ စိမ်းလန်းတယ်၊ စိုပြည်တယ်၊ သဘာဝပန်းတွေ ရာသီ အလိုက် ဖူးပွင့်တယ်။ Rang Pang Ma ငှက်ဟာ ရိုးသားတယ်၊ ရှိတယ်၊ ဒို့များလည်းရိုးသားကြတယ်။ နိုင်ငံ့အကျိုး၊ လူမျိုးအကျိုး တစ်ထောင့် တစ်နေရာကနေ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပါဝင်ဆောင်ရွက်မယ်။ စည်းလုံး ကြပါ၊ မဲပေးကြပါ။ ဒို့ပါတီ၊ ဒို့များ ညီအစ်ကိုမောင်နှမတွေရယ်။

**မြိုတိုင်းရင်းသားပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်**

မြိုတိုင်းရင်းသား၊ ဘိုးဘွား၊ မိဘ၊ ညီအစ်ကိုမောင်နှမများ ခင်ဗျား။ ရောဂါခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း မှန်သမျှပိန်းကြာထက်မှာ ရေမတင် သကဲ့သို့ ကင်းစင်ပါစေကြောင်း၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မြိုတိုင်းရင်းသားပါတီဥက္ကဋ္ဌ ဦးအေးထွန်းဖြစ်ပါတယ်။ မြိုဘာသာစကားနဲ့ သတင်းကောင်းပါးလိုက်ပါရစေ။ နားထောင်ပေးကြပါဦး။ ကျွန်တော်တို့ မြိုလူမျိုးများဟာ ရခိုင်ပြည်နယ်မှာ ရှေးပဝေသဏီကာလကပင် နေထိုင် လာခဲ့ကြပါသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ပါ။ ဒို့ရဲ့အခက်အခဲ၊ ဒို့ရဲ့ လိုအပ်ချက်တွေကို အထက်ဌာနဆိုင်ရာအဆင့်ဆင့်၊ နိုင်ငံတော်အကြီးအကဲ တို့သိအောင် စကားပြောပေးဖို့ လူမရှိလို့ဘဲလို့ ကျွန်တော်ထင်မြင်မိပါတယ်။ ယခုအခါ ဒို့ရဲ့လိုအပ်ချက်များကို မိမိတို့လူမျိုးကိုယ်တိုင်က တိုက်ရိုက် တင်ပြနိုင်သော လမ်းကြောင်းရဲ့အစမှာရောက်ရှိနေပြီဖြစ်ပါတယ်။ ထို့ကြောင့် တောင်တံဆိပ်ပါသော မိမိတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ထောက်ခံမဲပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

## အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်း

**မူဆယ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်တွင် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် တွေ့ဆုံညှိနှိုင်းပွဲကို မူဆယ်မြို့ရှိ မြို့တော်ခန်းမ၌




စက်တင်ဘာ ၂၁ ရက် နိုင်ငံရေး ပါတီများမှ လွှတ်တော်ကိုယ်စား လှယ်များအား ခရိုင်ရွေးကောက်ပွဲ ကော်မရှင်မှ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မူဆယ်ခရိုင်အုပ်ချုပ် ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး ခရိုင် ဒုတိယရဲမှူးကြီး မင်းမင်းဦးက ရွေးကောက်ပွဲကျင်းပရာတွင် လုံခြုံမှု ရှိစေရန်နှင့် မှုခင်းများလျော့နည်း ကျဆင်းရေးကို ရှင်းလင်းပြီး မူဆယ် ခရိုင် ဥပဒေအရာရှိ ဦးဝင်းတင်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

## ကသာခရိုင်အတွင်း မဲပေးနိုင်သူဦးရေ ငါးသိန်းကျော်ရှိ

**ကသာ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်မှ အထွေထွေရွေးကောက်ပွဲ တွင် အသက် ၁၈ နှစ်ပြည့်ပြီးသည့် မဲပေးနိုင်သူဦးရေ ငါးသိန်းကျော်ရှိပြီး ကသာခရိုင်အတွင်း မြို့နယ်ခုနစ်မြို့နယ်၌ ကသာမြို့နယ်မှ မဲပေးနိုင်သူ ၉၈၃၃၆ ဦး၊ ကောလင်းမြို့နယ်မှ မဲပေးနိုင်သူ ၁၀၂၂၉၃ ဦး၊ အင်းတော် မြို့နယ်မှ မဲပေးနိုင်သူ ၇၉၆၈၂ ဦး၊ ဝန်းသိုမြို့နယ်မှ မဲပေးနိုင်သူ ၄၇၆၂၃ ဦး၊ ထီးချိုင့်မြို့နယ်မှ မဲပေးနိုင်သူ ၇၇၈၀၈ ဦး၊ ပင်လည်ဘူးမြို့နယ်မှ မဲပေးနိုင်သူ ၇၁၃၄၅ ဦးနှင့် ဗန်းမောက်မြို့နယ်မှ မဲပေးနိုင်သူ ၅၈၇၇၇ ဦး စုစုပေါင်း မဲပေးနိုင်သူဦးရေမှာ ၅၃၅၈၇၄ ဦးရှိပြီး ကသာခရိုင်အတွင်း မဲရုံပေါင်း ၆၄၄ ရုံရှိကြောင်း သိရသည်။

ကသာခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များတွင် ပါတီရှစ်ပါတီမှ ကိုယ်စားလှယ်လောင်း ၁၁၂ ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်နှစ်ဦး စုစုပေါင်းကိုယ်စားလှယ် ၁၁၄ ဦးတို့က ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးချယ် ခံကြမည်ဖြစ်ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၂

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေးအောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၂ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်္ဂလာပါ**

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေးအောင် ဖြစ်ပါတယ်။

အခုလိုကျွန်တော်တို့ပါတီရဲ့ မူဝါဒသဘောထား ရှေ့လုပ်ငန်းစဉ်များကို TV ဖန်သားပြင်ပေါ်မှတစ်ဆင့် ပြောကြားခွင့်ရရှိတာကလည်း ဒီမိုကရေစီရဲ့ အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။ ပါတီမူဝါဒ သဘောထား ရှေ့လုပ်ငန်းစဉ်တွေ မပြောခင်မှာ မိမိတို့လူမျိုး သမိုင်းစဉ်နှင့် ပါတီ တည်ထောင်ခဲ့ရခြင်းကို အနည်းငယ်ပြောကြားလိုပါတယ်။

မိမိတို့ရှမ်းနီလူမျိုးတွေဟာ လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော် ကတည်းက ယခု ပြည်ထောင်စုမြန်မာနိုင်ငံတော် နယ်နိမိတ်အတွင်းမှာ ဝင်ရောက်နေထိုင်ခဲ့ကြပါတယ်။ ရှမ်းနီလူမျိုးတွေဟာ မြန်မာပြည်မြောက်ပိုင်းဖြစ်တဲ့ ယခု စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှာ ပျံ့နှံ့နေထိုင်ခဲ့ကြပါတယ်။ ထိုသို့ နေထိုင်ရာမှာ ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်မင်းကိုယ့်ချင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီးနေထိုင်ခဲ့ကြတယ်ဆိုတာ ရှမ်းနီလူမျိုးဘာသာစကားနှင့် မှည့်ခေါ်ထားတဲ့ မြို့ဟောင်း၊ စေတီပုထိုးဟောင်းတွေ၊ မြို့အမည်၊ ရွာအမည်၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်အမည်များက ယနေ့ထိ သမိုင်းသက်သေထူလျက်ရှိပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲများတွင်လည်း သက်စွန့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြလို့ ရှမ်းနီလူမျိုးထဲမှ လွတ်လပ်ရေးမော်ကွန်းဝင် ၆၈ ဦး ရရှိခဲ့တာကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့ရှိရမှာဖြစ်ပါတယ်။ ပင်လုံစာချုပ်ချုပ်ဆိုရန်ပြင်ဆင်နေစဉ် ကချင်ပြည်နယ်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ညှိနှိုင်းမှုများ အဆင်မပြေသဖြင့် ဗိုလ်ချုပ်အောင်ဆန်းမှ ပြန်ရန်လေယာဉ်စီးစဉ်ခိုင်းသည်အထိ ဖြစ်ခဲ့ရတာဟာလည်း ကျွန်တော်တို့ ရှမ်းနီလူမျိုးများ နေထိုင်ရာဒေသအရေးကြောင့်ဖြစ်တယ်ဆိုတာကို ပြည်သူလူထုကြီးအား ပြောကြားလိုပါတယ်။ မြန်မာပြည်လွတ်လပ်ရေးအတွက် ရှမ်းနီလူမျိုးတို့ရဲ့ နေထိုင်ရာဒေသကြီးကို ရင်းနှီးပေးလိုက်ရတယ်လို့ ပြောရင်လည်း မှားနိုင်မယ်မထင်ပါဘူးလို့ ပြောကြားလိုပါတယ်။

လွတ်လပ်ရေးရရှိပြီးနောက် ရှမ်းနီလူမျိုးတွေရဲ့ အခွင့်အရေးအားလုံးလောက်နီးပါး ဆုံးရှုံးခဲ့ရပြီး မြေပျောက်၊ ရေပျောက်၊ စာပေပျောက်၊ ယဉ်ကျေးမှုတွေဖျောက်ဖျက်ခံရပြီး လူမျိုးပါ ပျောက်လုနီးပါး ဖြစ်ခဲ့ရပါတယ်။ ဒါဟာလည်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် ဖြစ်ခဲ့ရတယ်လို့ ပြောချင်ပါတယ်။

ဒါကြောင့်မို့ အတိတ်ကဖြစ်ခဲ့တာတွေကို သင်ခန်းစာယူ သုံးသပ်ပြီး ရှမ်းနီလူမျိုးများနှင့် အတူနေတိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ပြောဆိုပေးမယ့် နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ် လိုအပ်တယ်ဆိုတာ မိမိတို့ ယုံကြည်ခဲ့ကြတယ်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအခွင့်အလမ်းများ ရရှိလာတဲ့အချိန်မှာပဲ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီကို တည်ထောင်ခဲ့ကြပါတယ်။ ပြည်သူလူထုကြီးကတော့ မိမိတို့ပါတီကို ရှမ်းနီပါတီဟု လည်းကောင်း၊ ကျားနီပါတီဟု လည်းကောင်း အတိုကောက်ခေါ်ဆိုခဲ့ကြပါတယ်။ မိမိတို့ပါတီဟာ ရှမ်းနီလူမျိုးများနှင့် အတူနေ တိုင်းရင်းသားများကို အခြေပြုပြီး မိမိတို့ဒေသအတွင်းမှာ ပထမဦးဆုံး ပေါ်ပေါက်လာခဲ့သော ပါတီတစ်ခုဖြစ်ပါတယ်။

ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်မယ့် တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် လုပ်ငန်းစဉ်(၃) ရပ်ကို ချမှတ်ခဲ့ပြီး ပြည်သူလူထုအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။ လုပ်ငန်းစဉ် (၃)ရပ်ကတော့ (၁) ငြိမ်းချမ်းရေး၊ (၂) တန်းတူရေး၊ (၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ ဖြစ်ပါတယ်။ မိမိတို့ ကျားနီပါတီအနေနဲ့ လွှတ်တော်အသီးသီးမှာ ကိုယ်စားလှယ်လောင်း ၅၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကို ဘယ်လိုဖော်ဆောင်ကြမှာလဲ။ နှစ်ဖက်စစ်ပွဲတွေကြားထဲမှာ ဒုက္ခရောက်ကြရတာက လက်နက်မဲ့ပြည်သူတွေပါ၊ ဒုက္ခဆိုတာကို ဘယ်လူမျိုးမှ လိုချင်ကြမှာ မဟုတ်ပါဘူး။ ဒီမိုကရေစီစနစ်မှာ ပြည်သူတွေရဲ့ ဆန္ဒကို အလေးထားရပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ ပြည်သူ့ထံမှ ဆင်းသက်ရပါမယ်။ ယခုဖြစ်ပွားနေတဲ့ စစ်ပွဲတွေကို သုံးသပ်ကြည့်ရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း ပြည်သူလူထုလွတ်မြောက်ရေးအတွက် တော်လှန်ရပါတယ်လို့ ပြောပါတယ်။ အစိုးရတပ်မတော်ကလည်း ပြည်သူလူထုကို ကာကွယ်ရပါတယ်လို့ ဆိုပါတယ်။ နှစ်ဖက်ကြားထဲမှာ ဒုက္ခရောက်ကြရတဲ့ ပြည်သူတွေရဲ့ဆန္ဒကို အသိအမှတ်ပြုလေးစားသောအားဖြင့် စစ်ပွဲတွေရပ်ပြီး အောင်မြင်သော ငြိမ်းချမ်းရေးကြီးရရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါတယ်။ မိမိတို့ပါတီရဲ့ မူဝါဒတစ်ရပ်ဖြစ်တဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို လက်ကိုင်ထားပြီး ငြိမ်းချမ်းရေးကြီးရရှိအောင် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စစ်ပွဲတွေရပ်ပြီး ငြိမ်းချမ်းရေးရရှိဖို့ဆိုတာ အစိုးရတစ်ရပ်၊ သမ္မတတစ်ဦး၊ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့သာ သက်ဆိုင်တာမဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံးနဲ့လည်း ဆက်နွယ်ပတ်သက်နေပါတယ်။ ဒါကြောင့်မို့ ပြည်သူလူထုကြီး တစ်ရပ်လုံးကလည်း မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရအောင်လို့ မေတ္တာရပ်ခံလိုပါတယ်။

တန်းတူညီမျှရေးကိစ္စဟာလည်း အင်မတန်မှ အရေးကြီးတယ်လို့ ကျွန်တော်တို့ ခံယူထားပါတယ်။ အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ဖက်ဒရယ်ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်မယ်ဆိုရင် တန်းတူညီမျှမှုကို အခြေခံရမယ်လို့ မိမိတို့ ကျားနီပါတီအနေနဲ့ ခံယူထားပါတယ်။ တိုင်းရင်းသားလူမျိုးစုတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို တန်းတူညီမျှရရှိကြမယ်ဆိုရင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးကြပြီး စည်းလုံးညီညွတ်၍ အင်မတန်မှ ပျော်ရွှင်ချမ်းမြေ့စရာကောင်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်လာမယ်လို့ ကျွန်တော်တို့ပါတီမှ ယုံကြည်ထားပါတယ်။

ဒါဆို တန်းတူညီမျှရရှိအောင် ဘယ်လိုလုပ်ကြမလဲ။ လူမျိုးစုတိုင်းဟာ ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး သဘောထားကြီးကြဖို့ လိုအပ်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ မြန်မာနိုင်ငံ လွတ်လပ်ရေးသမိုင်းကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် လွတ်လပ်ရေးမရခင်ကလည်း တော်လှန်ရေး၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ယနေ့ထိလည်း တော်လှန်ရေး၊ တော်လှန်ရေးတွေကြောင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အင်မတန်မှ နောက်ကျနေပါတယ်။ တော်လှန်ရေးတွေ ဘာကြောင့်ပေါ်ပေါက်လာရသလဲလို့မေးရင် တန်းတူညီမျှမှုမရှိလို့ဆိုတဲ့အပေါ်မှာ အဆုံးသတ်နေပါတယ်။ ဥပမာအနေနဲ့ ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းတစ်ခုကို လှပအောင်လုပ်ဖို့က တိုင်းရင်းသားလူမျိုးစုတိုင်းရဲ့ ဆန္ဒအမှန်ဖြစ်ပါတယ်။ ကိုယ်မပိုင်တဲ့ပစ္စည်းတစ်ခုကို အတင်းလုယူထားပြီး ကိုယ့်ပစ္စည်းဖြစ်အောင် ပြုလုပ်နေမယ်ဆိုရင် တော်လှန်ရေးဆိုတာ ဆက်လက်ဖြစ်ပေါ်နေဦးမှာပါ။ အဲဒီလိုတွေ မဖြစ်ရလေအောင် ပြည်ထောင်စုကြီးနဲ့ဆိုင်တဲ့ တိုင်းရင်းသားများအားလုံးကို ညီတူမျှတူ လုပ်ပိုင်ခွင့်တွေ ပေးအပ်ခဲ့မယ်ဆိုရင် စစ်ပွဲတွေ ဖြစ်လာစရာအကြောင်းမရှိသလို ငြိမ်းချမ်းစွာနဲ့ နိုင်ငံတော်တည်ဆောက်ရေးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ မိမိတို့ပါတီအနေနဲ့ တန်းတူညီမျှရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ပြည်သူလူထုကြီးအား ပြောကြားလိုပါတယ်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဆိုတာဟာလည်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဆန္ဒဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိအောင် ဘာကြောင့် ဆောင်ရွက်ချင်ရသလဲဆိုတဲ့ကိစ္စအပေါ် ပြည်သူလူထုကြီးအား ရှင်းပြလိုပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံကြီး မပေါ်ပေါက်မီ မြန်မာရှင်ဘုရင်တွေရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြန်သုံးသပ်ကြည့်ရင် နယ်စားပယ်စားများခန့်အပ်ထားခဲ့ပြီး ဘဏ္ဍာဆက်အဖြစ်နဲ့သာ အုပ်ချုပ်ခဲ့တဲ့စနစ်ကို တွေ့ရမှာဖြစ်ပါတယ်။ ကိုယ့်ဒေသမှာ ထွက်ရှိတဲ့ ရေမြေ သယံဇာတ၊ သစ်တောသယံဇာတများနဲ့ တွင်းထွက်သယံဇာတများအစရှိသဖြင့် ကိုယ့်ဒေသတွင်းရှိ အရာအားလုံးလောက်နီးပါးကို စီမံခန့်ခွဲပိုင်ခွင့်ရရှိခဲ့ကြပါတယ်။ Power Sharing, Resource Sharing မျှမျှတတ ခွဲဝေကျင့်သုံးခဲ့ကြတယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ကြီးအင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ပြီးနောက်ပိုင်း တိုင်းရင်းသားတွေရဲ့ လုပ်ပိုင်ခွင့်တွေကို လက်ဝါးကြီးအုပ် စိုးမိုးခဲ့တဲ့အတွက်ကြောင့် တော်လှန်မှုတွေဖြစ်ပွားခဲ့ပြီး ပြည်သူအများ အသက်အိုးအိမ်မြောက်မြားစွာ ဆုံးရှုံးခဲ့ရပါတယ်။

လွတ်လပ်ပြီး မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားလူမျိုးစုများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို အစဉ်အဆက်ကြိုးပမ်းလာခဲ့ကြသည်မှာ ယနေ့အထိပင်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားများ လိုလားလျက်ရှိတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို မိမိတို့ပါတီအနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီတည်ထောင်ပြီးနောက် သုံးနှစ်ကျော်ကာလအတွင်း ပြည်သူလူထုအကျိုး၊ မိမိတို့ရှမ်းနီလူမျိုးတို့အကျိုးကို ဆောင်ရွက်ခဲ့ရခြင်းနှင့် ပါတီ၏ ရှေ့လုပ်ငန်းစဉ်ကိစ္စရပ်များကိုလည်း ပြည်သူလူထုတစ်ရပ်လုံးအား ပြောကြားလိုပါတယ်။ မိမိတို့ကျားနီပါတီကို တည်ထောင်ပြီးနောက် ကချင်ပြည်နယ်အတွင်း ဖြစ်ပွားတဲ့စစ်ပွဲများအတွင်း ဒုက္ခရောက်ခဲ့ကြတဲ့ ရှမ်းနီလူမျိုးများနဲ့ အတူနေတိုင်းရင်းသားတို့အရေးကို တစိုက်မတ်မတ် ပြောဆိုဆောင်ရွက်လာခဲ့ပါတယ်။ ထိုသို့ပြောဆိုလာခဲ့သည့်အတိုင်း သက်ရောက်မှုများရှိလာခဲ့ပြီး ဖြေလျှော့မှုများရှိလာတာကိုလည်း ကချင်ပြည်နယ်အတွင်းနေထိုင်ကြသော ပြည်သူလူထုများ အသိဖြစ်ပါတယ်။

မိမိတို့ရှမ်းနီလူမျိုးအမည်နှင့်ပတ်သက်ပြီး နိုင်ငံရေးစနစ်တစ်ခု၏ အခြေအနေအရ အမည်နာမကိုးမျိုးဖြင့် ခေါ်တွင်လျက်ရှိသည်ကို မြန်မာနိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနေကြသော ရှမ်းနီလူမျိုးများက အစည်းအဝေးသုံးကြိမ်ပြုလုပ်ပြီး လူမျိုးအမည်တစ်မျိုးတည်း ဖြစ်နိုင်ရေး ဆွေးနွေးခဲ့ကြပါတယ်။ သုံးကြိမ်စလုံးမှာ ရှမ်းနီလို့ခေါ်တွင်ရန် ဆုံးဖြတ်ခဲ့သောကြောင့် ရှမ်းနီအမျိုးသားထုတစ်ရပ်လုံးရဲ့ ဆုံးဖြတ်ချက်ကို မိမိတို့ကျားနီပါတီအနေနဲ့ လိုက်နာခဲ့ပြီး ၂၀၁၄ သန်းခေါင်စာရင်းကောက်ချိန်မှာ ရှမ်းနီအမည် ထည့်သွင်းနိုင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းမှာ ရှမ်းနီလူမျိုးများ နေထိုင်လျက်ရှိတာကို မြန်မာရော၊ ကမ္ဘာကပါ သိရှိသွားနိုင်ခဲ့ပြီး ဖြစ်ပါတယ်။



ကျားနီပါတီ တည်ထောင်ပြီးနောက်ပိုင်း တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ နိုင်ငံရေး ဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးခွင့် ရရှိခဲ့ပါတယ်။ ထိုဆွေးနွေးပွဲများမှာ စစ်ပွဲများတွင် အတိဒုက္ခရောက်ခဲ့ကြတဲ့ ရှမ်းနီလူမျိုးများနဲ့ အတူနေ တိုင်းရင်းသားများအရေးကိုပြောဆိုခဲ့ပြီး နိုင်ငံရေးအရ လူမျိုးစုတိုင်းရင်းသားအခွင့်အရေးကိုယ်စီရရှိအောင်လည်း တင်ပြဆွေးနွေးခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲများမှာလည်း တိုင်းရင်းသားများ လိုလားလျက်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ပြည်နယ်သစ်များအတွက် မူဘောင်တစ်ခုထည့်သွင်းရေးကို တင်ပြခဲ့ပါတယ်။ လက်ရှိအစိုးရအဖွဲ့မှ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီး ရက် ၆၀ အတွင်း Political Frame Work (နိုင်ငံရေးမူဘောင်)ရေးဆွဲမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒီလိုရေးဆွဲတဲ့အချိန်မှာ ပြည်နယ်ရသင့်ရထိုက်သော တိုင်းရင်းသားလူမျိုးများအတွက် မူဘောင်သစ်တစ်ခု သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ထိုသို့ပြည်နယ်သစ်များအတွက် မူဘောင်တစ်ခုသတ်မှတ်ထားမှသာ ဖက်ဒရယ်ပြည်ထောင်စု စစ်စစ်ဖြစ်နိုင်တယ်လို့ မိမိတို့ပါတီမှ ခံယူထားပါတယ်။ မိမိတို့ပါတီဟာ တိုင်းရင်းသားလူမျိုးများအားလုံး လိုလားတောင့်တလျက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုလေးစားလိုက်နာရေး၊ တိုင်းရင်းသားလူမျိုးများနိုင်ငံရေးအရ အခွင့်အရေးတန်းတူရရှိရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သွားမယ့် ပါတီတစ်ရပ်ဖြစ်ပါတယ်။ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ မိမိတို့ရှမ်းနီလူမျိုးများကို ချစ်ခင်လေးစားပြီး အခြားသောတိုင်းရင်းသားလူမျိုးများအားလည်း ညီရင်းအစ်ကိုတမျှ ခင်မင်ရင်းနှီးစွာဆက်ဆံသွားပါမယ်။ ဒါကြောင့် မေးမှိန်နေတဲ့ ရှမ်းနီလူမျိုးများရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့် သမိုင်းကြောင်းတို့ကို ဖော်ထုတ်မြှင့်တင်ထိန်းသိမ်းသွားမှာဖြစ်ပြီး အခြားသောတိုင်းရင်းသားလူမျိုးများရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာထုံးတမ်းအစဉ်အလာများကိုလည်း လေးစားသမှုပြုပြီး အပြန်အလှန်လိုက်နာသွားကြရန် လိုလားကြောင်း ပြောကြားလိုပါတယ်။

ဒို့အပြင် ကျွန်တော်တို့ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားနိုင်အောင်ဆောင်ရွက်ထားပါတယ်၊ မြန်မာအမျိုးသမီးများအနေနဲ့ အိမ်မှုကိစ္စများသာ ဆောင်ရွက်နေရခြင်းထက် နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေချင်ပါတယ်။ ယခုကျားနီပါတီမှ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၄ ဦး ယှဉ်ပြိုင်ရာမှာ အမျိုးသမီးကိုးဦးပါဝင်လာနိုင်ခဲ့ပါတယ်။ နောင်ကျင်းပမည့်ရွေးကောက်ပွဲတွင်လည်း နိုင်ငံရေးအသိပညာကြွယ်ဝသော အမျိုးသမီးနိုင်ငံရေးသမားများ ပိုမိုပါဝင်လာအောင် မိမိတို့ပါတီအနေနဲ့ ကြိုးစားဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံရေးကို မျှော်တွေးကြည့်လျှင် လူငယ်များရဲ့ အခန်းကဏ္ဍဟာလည်း အင်မတန်အရေးကြီးပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသကဲ့သို့ ရိုးသားဖြောင့်မတ်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံရေးသမားများ ပေါ်ထွန်းလာရန်လည်း လိုအပ်ပါတယ်။ ယင်းကဲ့သို့ ပေါ်ထွန်းလာနိုင်ရန် မိမိတို့ပါတီအနေနဲ့ လူငယ်များ၏နိုင်ငံရေးအမြင် တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ဒေသအသီးသီးမှ လူငယ်အချင်းချင်းတွေ့ဆုံပြီး နိုင်ငံရေးစကားဝိုင်းများ ပြုလုပ်ဖလှယ်ခြင်း၊ သင်တန်းများသို့ တက်ရောက်စေခြင်းတို့ကို ဆောင်ရွက်နေပါတယ်။ ယနေ့လူငယ်အကြောင်းပြောရလျှင် မူးယစ်ဆေးဝါးဆိုတဲ့အရာကလည်း ဒွန်တွဲပါလာပါတယ်။ မူးယစ်ဆေးဝါးဟာ လူငယ်များကို ခြိမ်းခြောက်နေတဲ့အန္တရာယ်ဖြစ်သလို မိမိတို့တစ်မျိုးသားလုံးရဲ့ အန္တရာယ်လည်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးများကို လူငယ်များအနေနဲ့လည်း မသုံးစွဲမိစေရန်နှင့် သုံးစွဲနေသောလူငယ်များအား မူးယစ်ဆေးဝါး၏ ကြီးမားလှသောအန္တရာယ်အကြောင်းကို နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းလုပ်ငန်းများလုပ်ဆောင်ရန် မိမိတို့ပါတီအနေနဲ့ စီစဉ်ဆောင်ရွက်နေပါတယ်။

နိဂုံးချုပ်အနေဖြင့် မိမိတို့ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ မိမိတို့လူမျိုးသမိုင်းမှာ ရှမ်းနီလူမျိုးများကို အခြေခံပြီး ပထမဆုံးပေါ်ပေါက်လာသော ပါတီဖြစ်ပါတယ်။ လူမျိုးတစ်မျိုးကို ကိုယ်စားပြုတဲ့ နိုင်ငံရေးအဖွဲ့အစည်း အားကောင်းခိုင်မာလာတာနဲ့အမျှ မိမိတို့ အတူနေတိုင်းရင်းသားများပါ ယုံကြည်အားကိုးချစ်ခင်လေးစားလာကြမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ရှမ်းနီလူမျိုးများနှင့်တကွ အတူနေတိုင်းရင်းသားများအားလုံး ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ကျင်းပမယ့် ရွေးကောက်ပွဲမှာ ကျားနီအမှတ်တံဆိပ်ပါတဲ့ မိမိတို့ တိုင်းလိုင်(ရှမ်းနီ)အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီကို မဲပေးရင်း ညီညွတ်ခြင်းကို ပြကြပါစို့လို့ပြောကြားလိုပါတယ်။ ပြည်သူအားလုံးကိုကျေးဇူးတင်ပါတယ်။

## ကရင်ဒီမိုကရက်တစ်ပါတီ

လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်းမရှိပါ။

# မှန်ကန်ထိရောက်စွာ ကျင့်သုံးမှသာလျှင်

**မောင်ခိုင်မာ(အထက်မင်းလှ)**

နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့သည် ဒီမိုကရေစီနေ့ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (Inter- Parliamentary Union -IPU) က ဒီမိုကရေစီကြေညာစာတမ်းထုတ်ပြန်ခဲ့သည့် ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် သတ်မှတ်ခြင်း ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလျက်ရှိသည့် အချုပ်အခြာ အာဏာပိုင်နိုင်ငံများကို ဂုဏ်ပြုရန်၊ အုပ်ချုပ်ရေးအစိုးရအဖွဲ့များအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်နိုင်ရန်၊ ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်ရှင်သန် နိုးကြားနေစေရန်၊ ဒီမိုကရေစီ ကျင့်စဉ်ပြုပြင်ပြောင်းလဲမှုများကို နောင်အနာဂတ်တွင်ပါ အစဉ်အမြဲ လုပ်ဆောင်နိုင်ကြစေရန် ရည်ရွယ်၍ ဒီမိုကရေစီနေ့ကို နိုင်ငံအလိုက်အ ထိမ်းအမှတ်အခမ်းအနားများပြုလုပ် ကြရန် ၂၀၀၇ ခုနှစ် (၆၂) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါ သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၅ ခုနှစ် အပြည်ပြည် ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသဝဏ်လွှာတွင် “. . . . လာမည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူအားလုံးက နိုင်ငံသား တာဝန်ဖြစ်သည့် ဆန္ဒမဲပေးခြင်းတာဝန်ကို မပျက်မကွက်ထမ်းဆောင် ကြရမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးရာတွင် မိမိတို့ကိုအမှန်တကယ်ကိုယ်စား ပြုမည့် ပြည်သူများ၏လိုလားချက်များကို အမှန်တကယ်ဖော်ဆောင် ပေးနိုင်သည့်၊ အရည်အသွေးရှိသည့် လူထုကိုယ်စားလှယ်များကို ရွေးချယ် တင်မြှောက်ရန် အထူးအရေးကြီးပါသည်။ မှန်ကန်သောရွေးချယ်မှုများ ဖြင့်သာ နိုင်ငံသားအားလုံး၏ မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီထွန်းကားပြီး ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲများက ဆောင်ကြဉ်းပေးနိုင်မည်ဖြစ် ပါသည်. . . ” ဟူ၍ ထည့်သွင်းဖော်ပြခဲ့ပါသည်။ သို့အတွက် စာရေးသူ အနေဖြင့် ဒီမိုကရေစီနှင့်ဆန္ဒမဲပေးခြင်းကို လေ့လာတင်ပြလိုပါသည်။

လူသားနှင့်ဒီမိုကရေစီ၊ ဒီမိုကရေစီနှင့် ဆန္ဒမဲပေးပိုင်ခွင့်တို့သည် ခွဲခြား၍မရစကောင်းပေ။ ဒီမိုကရေစီအကြောင်းပြောလျှင် ဆန္ဒမဲပေး ပိုင်ခွင့်နှင့် နှိုင်းယှဉ်သုံးသပ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်အကြောင်း ပြောလျှင် ဒီမိုကရေစီနည်းလမ်းကျမကျတိုင်းတာတတ် ကြသည်။ ဖွားဖက်တော်နှစ်ခု ဖြစ်သည့် ဒီမိုကရေစီနှင့်ဆန္ဒမဲပေးပိုင်ခွင့်တို့သည် တိုက်ပွဲအဆင့်ဆင့်ဖြင့် တိုးချဲ့ရရှိလာသည့် အကျိုးရလဒ်များလည်း ဖြစ်ပါသည်။

**ကမ္ဘာ့ဒီမိုကရေစီသမိုင်း**

ဒီမိုကရေစီဟူသော ဝေါဟာရကို ဂရိမြို့ပြနိုင်ငံများ(အေသင်မြို့ပြ နိုင်ငံများ) ထွန်းကားစဉ်က စတင်သုံးနှုန်းခဲ့ခြင်းဖြစ်သည်။ ထိုဂရိခေတ်၊ ရောမခေတ်များ ကုန်လွန်သောအခါ မြေရှင်ပဒေသရာဇ်စနစ်ထွန်းကား ခဲ့သည်။ ထိုစနစ်အတွင်းမှာပင် ချမ်းသာကြွယ်ဝသည့် ဘူဇွာဆီ(ခေါ်) ဘူဇွာကုန်သည်တို့ ပေါ်ပေါက်လာပြီး မြေရှင်ပဒေသရာဇ်တို့နှင့်အကျိုး စီးပွားချင်းပဋိပက္ခဖြစ်ကြသည်။ ထိုအခါ ဘူဇွာတို့က မြေကျွန်၊ ယာကျွန် များကို စည်းရုံးလှုံ့ဆော်ကာ ပဒေသရာဇ်ကိုတော်လှန်သည့် တော်လှန်ရေး များဖြစ်ပွားခဲ့သည်။ အင်္ဂလန်ဘုရင်၏ အာဏာစက်မှ လွတ်မြောက်ရန် တော်လှန်ကြသော အမေရိကန်လွတ်လပ်ရေးတိုက်ပွဲ၊ ၁၆၄၀-၈၉ ခုနှစ်များ တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်အရေးတော်ပုံ၊ ၁၇၈၉ ခုနှစ်တွင် ဖြစ်ပွားခဲ့ သော ပြင်သစ်အရေးတော်ပုံ၊ ၁၈၄၀-၅၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော ဂျာမနီ၊ အီတလီ၊ ဟန်ဂေရီ၊ ပိုလန်စသည့်နိုင်ငံများ၏တော်လှန်ရေးများ၊ အလယ်ခေတ်ကဖြစ်ပွားခဲ့သော ခရစ်ယာန်ဘာသာပြုပြင်ရေးစစ်ပွဲများ၏ ဦးတည်ချက်မှာ ပဒေသရာဇ်တော်လှန်ရေးများဖြစ်ကြောင်း သမိုင်းသုတေသီ တို့က မှတ်တမ်းတင်ခဲ့ကြသည်။

ထိုတော်လှန်ရေးများကြောင့် အရင်းရှင်စီးပွားရေးစနစ်ပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။ သို့သော် အရင်းရှင်စနစ်ထွန်းကားလာသော ထိုကာလ ဝယ်နေရှင်လူရည်တတ်များက ဦးဆောင်ကျင့်သုံးခဲ့သည့် ဒီမိုကရေစီ အလေ့အကျင့်များသည် ဒီမိုကရေစီ၏ အနှစ်သာရကို မဖော်ဆောင်နိုင်ခဲ့ပေ။

ထို့နောက် ၁၉ ရာစု ဥရောပအလယ်ပိုင်းတွင် လူမျိုးအလိုက် အမျိုးသားစိတ်များတက်ကြွလာပြီး တော်လှန်ရေးများပေါက်ပွားကာ စည်းမျဉ်းခံဘုရင်စနစ်အနေဖြင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အုပ်ချုပ်သော ဒီမိုကရေစီအစိုးရ နှင့်ဒီမိုကရေစီနိုင်ငံတော်များ ပေါ်ထွန်းလာ ခဲ့သည်မှ ယနေ့ခေတ်သစ်ဒီမိုကရေစီသို့ အရောက်လှမ်းလာနိုင်ခြင်းဖြစ်ပါ သည်။

**ကမ္ဘာ့ဆန္ဒမဲပေးပိုင်ခွင့်သမိုင်း**

ဒီမိုကရေစီစတင်ခဲ့သည့် BC (၆)ရာစုခန့်က ဂရိမြို့ပြနိုင်ငံများတွင် ဒီမိုကရေစီအလေ့အကျင့်ကို တွေ့ရသော်လည်းမျိုးရိုးဇာတိ အပေါ်အခြေခံ၍ ဆန္ဒမဲပေးပိုင်ခွင့်ကို သတ်မှတ်ထားကြောင်း တွေ့ရသည်။ ထို့နောက် ပစ္စည်း ပိုင်ဆိုင်မှုအပေါ်အခြေခံခဲ့သည်။ ရောမတွင်လည်း ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် လူမှုရေးအဆင့်အတန်းအပေါ် အခြေခံ၍ အထက်တန်းလွှာများသာ မဲပေး ခွင့်ရှိခဲ့သည်။ ရောမအင်ပါယာခေတ်တွင် ကျေးကျွန်မဟုတ်သော လွတ်လပ် သည့် နိုင်ငံသားများသာ မဲပေးခွင့်ရှိကြောင်း တွေ့ရှိရသည်။ အလယ်ခေတ်တွင်မူ မြေယာပိုင်ဆိုင်မှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့်အခွန်ပေးဆောင်နိုင်မှုတို့အပေါ် အခြေခံ၍ ဆန္ဒမဲပေးပိုင်ခွင့်ကိုသတ်မှတ်ခဲ့ကြသည်။

ကမ္ဘာ့ပါလီမန်တို့၏ မိခင်ဖြစ်သော အင်္ဂလန်နိုင်ငံတွင် ၁၈၃၂ မတိုင်မီက မြေပိုင်ရှင်အနည်းငယ်သာ မဲပေးခွင့်ရှိပြီး ပြည်သူအများစုမှာ မဲပေးခွင့်မရကြပါ။ ထို့ကြောင့် နိုင်ငံရေးအုံကြွမှုများ ပေါ်ပေါက်လာကာ ၁၈၃၂ ခုနှစ် ပြုပြင် ပြောင်းလဲရေး အက်ဥပဒေ၊ ၁၈၆၇ ခုနှစ်၊ ၁၈၈၄ ခုနှစ် ပြုပြင်ပြောင်းလဲရေး အက်ဥပဒေများဖြင့် မြို့နေလူထုနှင့်အသက်(၂၁)နှစ်ပြည့်သော ယောကျ်ား လေးတိုင်းမဲပေးခွင့်ရခဲ့သည်။ ထို့ပြင်အသက်(၃၀) ပြည့်သော အမျိုးသမီး များသည် လည်းကောင်း၊ နေအိမ်ပိုင်လျှင်သော်လည်းကောင်း၊ သို့မဟုတ် မြေခွန်တော်ငါးပေါင်ပေးဆောင်ရလျှင်သော်လည်းကောင်း၊ နေအိမ်ပိုင်သူ (သို့) မြေခွန်ပေးဆောင်သူ ခင်ပွန်း၏ဇနီးဖြစ်လျှင်သော်လည်းကောင်း ဆန္ဒ မဲပေးပိုင်ခွင့်ရလာခြင်းဖြစ်သည်။ ၁၉၂၈ ခုနှစ်ရောက်မှ အသက် (၂၁) နှစ် ပြည့်သော အမျိုးသမီးတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရခြင်းဖြစ်သကဲ့သို့ ၁၉၆၉ ခုနှစ် တွင်မှ အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရလာခဲ့ခြင်းလည်းဖြစ် သည်။

အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးကြေညာစာတမ်းနှင့် အခြေခံ ဥပဒေတို့တွင် ပြဋ္ဌာန်းချက်များရှိသော်လည်း ဆန္ဒမဲပေးပိုင်ခွင့်သည် လက်တွေ့ ဖြစ်မလာပေ။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် ပညာအရည်အချင်းတို့ဖြင့် ကန့်သတ်ခဲ့ သည်။ ၁၈၂၀ ပြည့်နှစ်တွင် ဆန္ဒမဲပေးပိုင်ခွင့် တိုးချဲ့သတ်မှတ်ခဲ့သည်။ ၁၈၆၀ ပြည့်နှစ်တွင် လူဖြူအမျိုးသားတိုင်း မဲပေးခွင့်ရလာကြသည်။ အခြေခံဥပဒေ ပုဒ်မ(၁၄)နှင့်(၁၅)တို့အရ နီဂရိုးလူမည်းများကို မဲပေးခွင့်ပြုသော်လည်း အချို့ ပြည်နယ်များက လိုက်နာကျင့်သုံးခြင်းမရှိကြ။ လူခွန်တော်ပေးဆောင်မှုနှင့် ပညာအရည်အချင်းကန့်သတ်ချက်ကြောင့်ဖြစ်သည်။ မဲပေးခွင့်မရကြသော အမျိုးသမီးထု၏ တိုက်ပွဲဝင်မှုကြောင့် ၁၉၂၀ အခြေခံဥပဒေပြင်ဆင်ချက် အမှတ်(၁၉)ဖြင့် အမျိုးသမီးများမဲပေးခွင့်ရခဲ့ကြသည်။ ကိုလံဘီယာဒိစတြိတ်တွင် နေထိုင်ကြသူများအတွက် ၁၉၆၁ ခုနှစ်ရောက်မှသာ မဲပေးခွင့်ရကြသည်။ ထို့နောက်အခြေခံဥပဒေ ပြင်ဆင်ချက်အမှတ်(၂၆)အရ ၁၉၇၁ ရောက်မှသာ အသက် ၁၈ နှစ်ပြည့်သူတိုင်း ဆန္ဒမဲပေးပိုင်ခွင့် ရလာခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**မြန်မာတို့၏ဆန္ဒမဲပေးပိုင်ခွင့်**

ပုဂံဝန်ထောက်မင်း ဦးတင်ရေးသားသော မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းအရ မြန်မာ့လူ့အဖွဲ့အစည်းတွင် ရှေးဦးမဆွကပင် ဒီမိုကရေစီ၏ အနှစ်သာရကိန်းဝပ်နေကြောင်း မင်းနှင့်ပြည်သူ ကြည်ဖြူစွာရွေးချယ် အုပ်ချုပ်ခဲ့ကြကြောင်း တွေ့ရသည်။ များသောအားဖြင့် ကျေးလက်ဒေသတွင် အများပြည်သူ၏ဆန္ဒကို အလေးဂရုပြုကြောင်း လေ့လာသိရှိရသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံတွင် ဆန္ဒမဲပေးပိုင်ခွင့်ကို ချုပ်ချယ်ကန့် သတ်ထားခြင်းမရှိကြောင်း တွေ့ရသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပ ဒေများတွင် ပြဋ္ဌာန်းထားသော မဲပေးပိုင်ခွင့်ကို လေ့လာကြည့်သောအခါ ၁၉၄၇ အခြေခံဥပဒေပုဒ်မ(၇၆)၊ ပုဒ်မခွဲ(၂)တွင်“အသက် ၁၈ နှစ်ပြည့် ၍တရားဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ပါလီမန် အတွက် အမတ်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တရားဥပဒေပြဋ္ဌာန်း ချက်များနှင့်ညီညွတ်သော နိုင်ငံသားတိုင်းသည် ပါလီမန်အတွက်ရွေးကောက်ပွဲ မဲဆန္ဒပေးပိုင်ခွင့်ရရှိရမည်”ဟူ၍ ပြဋ္ဌာန်းခဲ့ပါသည်။

၁၉၇၄ အခြေခံဥပဒေတွင် သာသနာ့ဝန်ထမ်းများနှင့် ရွေးချယ်တင် မြှောက်ခြင်းဆိုင်ရာ ဥပဒေအရတားမြစ်ခြင်းခံရသူမှအပ ပုဒ်မ (၁၇၄)၊ ပုဒ်မခွဲ(ခ)တွင် “အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သော နိုင်ငံသားတိုင်းဆန္ဒ မဲပေးပိုင်ခွင့်ရှိသည်”ဟု ပြဋ္ဌာန်းထားပါသည်။

၂၀၀၈ အခြေခံဥပဒေတွင် ပုဒ်မ(၃၉၂)ဖြင့်ပြဋ္ဌာန်းထားသော သာသနာ့ ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထား ရခြင်းမှလွတ်မြောက်ခွင့်မရသေးသူ များ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရတားမြစ် ခြင်းခံရသူ များမှအပပုဒ်မ ၃၉၁(က)တွင် “ရွေးကောက်ပွဲစတင်ကျင်းပသည့် နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ် သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့်ဥပဒေအရ ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်”ဟု ပြဋ္ဌာန်းထားပါသည်။

ဤသို့လျှင်စာရေးသူတို့ မြန်မာနိုင်ငံတွင်ဆန္ဒမဲပေးပိုင်ခွင့်ကို တော်လှန် ရေးတစ်ရပ်အသွင်ဖြင့် တိုက်ပွဲဝင်တောင်းဆိုမှုရသော အခွင့်အရေး မဟုတ်သကဲ့သို့ ရွေးကောက်ပွဲများ တွင်လည်း ရာထူး၊ မျိုးရိုး ဇာတိ၊ ဆင်းရဲ ချမ်းသာ၊ကျားမ မခွဲခြားဘဲ အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ကို သာတူညီမျှရရှိကြောင်း အခိုင်အမာတွေ့ရပါသည်။

**မှန်ကန်ထိရောက်စွာကျင့်သုံးမှသာလျှင်**

ယနေ့ကာလသည် ရှေးဦးဒီမိုကရေစီကဲ့သို့ တိုက်ရိုက်ဒီမိုကရေစီကို ကျင့်သုံး၍မဖြစ်နိုင်သောအခါ စုစည်းရလွယ်ကူသော လိုအပ်သည့်အရေ အတွက်ကိုသာ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ပေးလိုက်ရာမှ ရွေးချယ်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များက ညီညွတ်မျှတစွာဖြင့် ဆွေးနွေးတိုင်ပင်ဆုံးဖြတ်ကြသော ကိုယ်စားပြုဒီမိုကရေစီပုံစံကို ကျင့်သုံးနေရ သည့်ကာလဖြစ်သည်။ ဤကာလသည် ပြည်သူများ၏ ဆန္ဒမဲပေးပိုင်ခွင့် သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်မှာ အထင် အရှားဖြစ်သည်။ ထိုသို့အရေးပါလှသည့် ဒီမိုကရေစီပိုင်ခွင့်ကိုလက်ဝယ် ပိုင်ပိုင်ရရှိထားသည့် မဲဆန္ဒရှင်ကျွန်ုပ်တို့သည် အပြည်ပြည်ဆိုင်ရာဒီမို ကရေစီနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သောသဝဏ်လွှာပါ တိုက်တွန်းမှာကြားချက်နှင့်အညီ မိမိတို့၏ဆန္ဒမဲပေးပိုင်ခွင့်ကို မှန်ကန်ထိ ရောက်စွာ ကျင့်သုံးမှသာလျှင် ကျွန်ုပ်တို့အားလုံးမျှော်မှန်းသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အခိုင်အမာတည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း တင်ပြ လိုက်ရပါသည်။

> **ပုဂံဝန်ထောက်မင်း ဦးတင်ရေးသားသော မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းအရ မြန်မာ့လူ့အဖွဲ့အစည်းတွင် ရှေးဦးမဆွကပင် ဒီမိုကရေစီ၏ အနှစ်သာရကိန်းဝပ်နေကြောင်း မင်းနှင့်ပြည်သူ ကြည်ဖြူစွာရွေးချယ်အုပ်ချုပ်ခဲ့ကြကြောင်း တွေ့ရသည်။ များသောအားဖြင့် ကျေးလက်ဒေသတွင် အများပြည်သူ၏ဆန္ဒကို အလေးဂရုပြုကြောင်း လေ့လာသိရှိရသည်**

# ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးညှိနှိုင်းမှုကော်မတီ အစည်းအဝေးကျင်းပ

**ပုလဲ စက်တင်ဘာ ၂၂**

ပါတီစုံအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးညှိနှိုင်းမှုကော်မတီ အစည်းအဝေးကို စက်တင်ဘာတတိယအပတ်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသော ဥပဒေ/ နည်းဥပဒေများ၊ မဲဆွယ်စည်းရုံးရေး ကာလတွင်လိုက်နာရန် ညွှန်ကြားထားသည့် (၁/၂၀၁၄) ညွှန်ကြားချက်၊ ပါတီများကိုယ်တိုင်ရေးဆွဲထားပြီး လက်မှတ်ရေးထိုးထားသည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် ပါတီဝင်များလိုက်နာရမည့် ကျင့်ဝတ်တို့ကို လေ့လာမှတ်သား၍ လိုက်နာရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး တင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**



